# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


> **ပန်ဆင်သူအကျိုးကိုဆောင်နိုင်**
>
> တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကိုဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့်ဖြစ်၏။
>
> ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၉၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director နှင့် ဟီဘရူးတက္ကသိုလ် စိုက်ပျိုးရေးဘောဂဗေဒဌာန ပါမောက္ခနှင့်အဖွဲ့အား တွေ့ဆုံ

စာ ➤ ၃





# နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်

**မန္တလေး ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်တည်ဆောက်မည့် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းရှိ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ အဆိုပါ စီမံကိန်းဧရိယာအတွင်း ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❐

ဒုတိယသမ္မတ ဦးမြင့်ဆွေ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်ပေးစဉ်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

စာ ➤ ၇

## ပြည်သူတွေကို အံ့အားသင့်စေခဲ့သည့် ပြင်သစ်သမ္မတ မက်ခရွန်၏ ဘတ်ဂျက်လျှော့ချမှု

စာ ➤ ၁၅

# တစ်နိုင်ငံလုံးတွင် ရရှိသောအချက်အလက်များအရ စုစုပေါင်းလူနာ ၂၀ ရှိခဲ့ပြီး သုံးဦးသေဆုံး ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်

## ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm 2009) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၆**


ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 2009) ဖြစ်ပွားမှုနှင့် ပတ်သက်၍ အထူးဦးစားပေးပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင်တွင် Seasonal Influenza A (H1N1) pdm 2009 - Positive ဖြင့် ဆေးကုသမှုခံယူနေသော ဧရာဝတီတိုင်းဒေသကြီးမှ အသက် ၄၃ နှစ်အရွယ် အမျိုးသားလူနာတစ်ဦးသည် ယနေ့ နံနက် ၉ နာရီတွင် ပြင်းထန် အဆုတ်ရောင်ရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၅ ရက်မှ ယနေ့အထိ ချင်းပြည်နယ် မတူပီမြို့နယ်၌ သံသယတုပ်ကွေးရောဂါဖြစ်ပွားသူ ၃၀၀ ခန့်အနက်မှ ၁၀ ဦးတွင် Seasonal Influenza A (H1N1) pdm 2009 – Positive တွေ့ရှိခဲ့သည်။

ဇူလိုင် ၁၉ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့် လူနာ ၁၆ ဦးအား ကုသမှုပေးခဲ့ရာ ၎င်းတို့အနက် ကိုးဦးသည် Seasonal Influenza A (H1N1) pdm 2009 – Positive တွေ့ရှိခဲ့ပြီး သုံးဦးသေဆုံးခဲ့ကြောင်း၊

*စာမျက်နှာ ၉ ကော်လံ ၁* ■

မြန်မာ့အလင်း

# ကျား-ကျား-မီးယပ်ကုထုံး

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်ကို ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုအား ဇူလိုင် ၂၅ ရက်က ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကန့်ကွက်သူမရှိ တညီတညွတ်တည်း အတည်ပြုခဲ့သည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ရာထူးတာဝန်ကို ၂၀၁၄ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ချိန်မှစ၍ မစ္စယန်ဟီလီသည် မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် ဇူလိုင် ၁၀ ရက်မှ ၂၁ ရက်အထိ လာရောက်ခဲ့သော ၁၂ ရက်ကြာ နောက်ဆုံးခရီးစဉ်အပါအဝင် စုစုပေါင်း ခရီးစဉ်ခြောက်ကြိမ်လာရောက်ခဲ့ပြီး ဖြစ်သည်။ ၎င်း၏ ခရီးစဉ် ခြောက်ကြိမ်ကာလအတွင်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် အစိုးရနှစ်ဆက်ပြောင်းလဲခဲ့သည့်တိုင် ခရီးစဉ်အပြီးထုတ်ပြန်သည့် အစီရင်ခံစာများမှာမူ ထူးမခြားနားသည့် အစီရင်ခံစာများသာ ဖြစ်ခဲ့သည်။ မိမိတို့၏ အမြင်တွင် အဂတိမကင်းသော၊ တိကျမှန်ကန်မှုနှင့်မျှတမှုမရှိသော၊ ကျင့်ဝတ်နှင့်ကင်းကွာသော အစီရင်ခံစာများသာ ဖြစ်ခဲ့သည်။ လူ့အခွင့်အရေးစံနှုန်းကို ၎င်းတို့အာရုံစူးစိုက်ထားသော လူ့အသိုင်းအဝိုင်းတစ်ခုတည်းသို့သာ အလေးပေးရှုမြင်ကာ ကျန်ဒေသခံလူနည်းစု တိုင်းရင်းသားများအပါအဝင် အခြားထည့်သွင်းစဉ်းစားရမည့် နောက်ခံအကြောင်းအရာများနှင့် ပကတိမှန်ကန်သည့် အချက်အလက်များအားလုံးကို လျစ်လျူရှု၍ ရေးသားသည့် အစီရင်ခံစာများသာ ဖြစ်ခဲ့သည်။

လက်ရှိမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်နေသည်။ ယင်းသို့ဆောင်ရွက်နေခြင်းသည် မိမိတို့ပြည်သူများ၏ အေးချမ်းလုံခြုံစွာနေထိုင်ခွင့်ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒီမိုကရေစီ၏ လွတ်လပ်ခွင့်များရရှိရေးအပါအဝင်အခြေခံကျသော လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ရေးအတွက် ဦးတည်ကြိုးပမ်းနေခြင်းဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိလာပါက လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်နွှယ်နေသော လူ့အခွင့်အရေးထိခိုက်ဆုံးရှုံးမှုများလည်း အဆုံးသတ်သွားမည်ဖြစ်သည်။ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးဆောင်ရွက်ကြရာတွင် အပြစ်တင်ဝေဖန်ရှုတ်ချမှုပြုလုပ်ခြင်းနည်းလမ်းထက် လူ့အခွင့်အရေးမြှင့်တင်ရေးအတွက် ကြိုးပမ်းနေသော အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကူညီပံ့ပိုးပေးခြင်းနည်းလမ်းဖြင့် ဆောင်ရွက်မှသာ ထိရောက်အောင်မြင်မည်ဟု ခိုင်မာစွာရပ်တည်ထားကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ပြည်သူ့လွှတ်တော်တွင် ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏ မျက်မှောက်ပကတိအခြေအနေမှာ အရေးကြီးသည့်ကာလတစ်ရပ်တွင် ရောက်ရှိနေပြီး နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့်ဦးစားပေးလုပ်ငန်းစဉ်မှာလည်း အခြေခံကျသော လူ့အခွင့်အရေးများကာကွယ်မြှင့်တင်ရေးဆီသို့ ဦးတည်ထားသော လုပ်ငန်းစဉ်များဖြစ်ရာ ကန့်ကွက်ရှုတ်ချခြင်း၊ ပိတ်ဆို့တားဆီးခြင်း အပါအဝင် ဖိအားပေးအကျပ်ကိုင်ခြင်း နည်းလမ်းများက မှန်ကန်ကောင်းမွန်သော နည်းလမ်းများမဟုတ်ဟုဆိုရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် အစိတ်အပိုင်းတစ်ခုအတွက်ကိုသာ ဦးတည်သည့် ဖိအားပေးဆောင်ရွက်မှု ကြောင့် အလုံးစုံတို့ထိခိုက်နစ်နာသွားစေနိုင်သော ဆင်ခြင်တုံတရား ကင်းမဲ့သည့် အဖြစ်သို့ ရောက်သွားစေနိုင်သည်။

မြန်မာတို့၏ ဆိုရိုးစကားထဲမှ “ကျား-ကျား-မီးယပ်” ဆိုသကဲ့သို့ပင် ဤလူနာမှာ ယောကျ်ားဖြစ်ပါသည်ဟုပြောနေပါလျက်နှင့်မိမိသန်ရာကုထုံးဖြစ်သည့်မီးယပ်ကုထုံးဖြင့် လူနာ၏ ရောဂါကို “မီးယပ်” ဟု အကောက်ယူလွဲကာ မီးယပ်ဝေဒနာသည်အဖြစ် ဇွတ်ကုသည့် ဆရာယောင်သမားယောင်၏ ကုထုံးအမှားများအဖြစ် ကန့်ကွက်မှုများဖြင့်သာ ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# မန္တလေးမြို့တွင် ဆင်းရဲနွမ်းပါးသူများအတွက် ဥပဒေဆိုင်ရာဝန်ဆောင်မှုများပေးနိုင်ရန် တရားမျှတမှု စင်တာဖွင့်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့တွင် ဥရောပသမဂ္ဂ၏ ကူညီပံ့ပိုးမှုဖြင့် ဗြိတိသျှကောင်စီမှ MyJustice အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားမျှတမှုစင်တာ(Justice Centre)ကို ဇူလိုင် ၂၅ ရက်က မဟာအောင်မြေမြို့နယ် ၆၈ လမ်းနှင့် ၆၉ လမ်းကြား လမ်း ၄၀ တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စင်တာကို ဗြိတိသျှကောင်စီမှ International Bridges to Justice(IBJ) နှင့် ပူးပေါင်းကာ ဆင်းရဲနွမ်းပါးပြီး အန္တရာယ်ကျရောက်လွယ်ကူသူများကို အခမဲ့ ဥပဒေအကျိုးဆောင်ပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ၊ ဥပဒေပါအခွင့်အရေးနှင့်တာဝန်များကို နားလည်သိရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ MyJustice အဖွဲ့မှ ဦးဆောင်သူ Ms.Caithin Reiger က ပြောသည်။ ယင်းဗြိတိသျှကောင်စီမှ MyJustice အစီအစဉ်ကို လေးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်နှင့်မော်လမြိုင်တို့၌ Justice စင်တာများကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ် ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တောင်ကြီးနှင့် မန္တလေးမြို့တို့၌ ထပ်မံဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

“ရန်ကုန်နဲ့ မော်လမြိုင်မြို့တွေမှာရှိတဲ့ စင်တာတွေက လူပေါင်း ၂၃၉၅ ဦးကျော်ကို အခမဲ့ဥပဒေအကျိုးဆောင်ပေးနိုင် ခဲ့ပြီး လူပေါင်း ၁၃၇၂ ဦးကို ဥပဒေဆိုင်ရာ အကြံဉာဏ်တွေ ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် အကူအညီတောင်းခံသူ အရေအတွက်က နှစ်စဉ်တိုးတက်လျက်ရှိပါတယ်”ဟု ၎င်းက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ထင်သာမြင်သာပြုပြင်စရာ

# တနသ်ာရီမြို့ ပြွန်ပေါက်တံတားပျက်စီးနေမှုအား အမြန်ပြုပြင်ပေးစေလို



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် မြို့အဝင်ကမ်းနားလမ်းရှိ ပြည်သူများနေ့စဉ်အသုံးပြုလျက်ရှိသည့် ပြွန်ပေါက်ကွန်ကရစ်တံတား(မြစ်ကမ်းနံဘေးဘက်ခြမ်း)၌ ကျောက်စီမြေတားနံရံသည် မြစ်ရေတိုက်စားပြီး မြေပြိုကွာကျကာ နိမ့်ဆင်းသွားသောကြောင့် အန္တရာယ်ဖြစ်နိုင်ဖွယ်ရှိနေသဖြင့် ဒေသခံပြည်သူများက စိုးရိမ်ပူပန်မှုများ ဖြစ်နေ၍ အမြန်ပြုပြင်ပေးရန် မျှော်လင့်နေကြသည်။

အဆိုပါတံတားသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီမှ ကြီးကြပ်ဆောက်လုပ်ခဲ့ပြီး အလျား၂၄ ပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ၁၅ ပေရှိသည့် ကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## အမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၂၆**

“စန်းမောင်မြင့်” သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော(၈)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ ဩဂုတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်၍ မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ကြောင်း၊ သွေးလှူရှင်များအား ပွဲသွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက အမှတ်တရလက်ဆောင်များပေးအပ်မည်ဖြစ်ကြောင်းနှင့် သွေးလှူဒါန်းမည့်သူများအနေဖြင့် စန်းမောင်မြင့်သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း ၀၉- ၅၁၃၅၅၁၅၊ ၀၉-၇၈၆၆၇၇၂၉၂ တို့သို့ ဩဂုတ် ၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည် (မြန်မာ့အလင်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၆-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၇၄ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ . ၃၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၆၄၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၂ . ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ . ၆၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းမှူးများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီခွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director နှင့် ဟီဘရူးတက္ကသိုလ် စိုက်ပျိုးရေးဘောဂဗေဒဌာန ပါမောက္ခနှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ Country Director, Mr.Peter Batchelor အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ ဟီဘရူးတက္ကသိုလ် စိုက်ပျိုးရေးဘောဂဗေဒဌာန ပါမောက္ခ Prof.Ayal Kimhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

Mr. Peter Batchelor နှင့် တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ နည်းပညာအကူအညီပေးမှုများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စီမံအုပ်ချုပ်မှု၊ လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာကိစ္စရပ်များ အပါအဝင် မြန်မာနိုင်ငံနှင့် UNDP တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ဆွေးနွေးကြသည်။

ပါမောက္ခ Prof.Ayal Kimhi နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအပါအဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director, Mr. Peter Batchelor အား လက်ခံတွေ့ဆုံစဉ်



## တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးပိုမိုခိုင်မာတိုးတက်စေရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်သည် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် လွှတ်တော်ရေးရာဆောင်အမှတ် ( I - 11) ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်ပေးနိုင်မှုနှင့် ပါဝင်ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ တရုတ် - မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာတိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ခေတ်ပေါ်ငွေကြေးဆိုင်ရာ အဆင့်မြင့်နည်းပညာ အသုံးပြုနိုင်ရေးကိစ္စဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Economic Unit Chief, Ms. Alyce Abdalla နှင့် အမေရိကန်သံရုံး၊ စင်ကာပူမှ Regional Commercial Officer, Ms. Margaret Hanson-Muse တို့ဦးဆောင်သည့် အမေရိကန်ကုန်သည်များအသင်းကိုယ်စားလှယ်အဖွဲ့ AMCHAM Myanmar Financial Sector Trade Mission အဖွဲ့မှ ယနေ့ နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ဘဏ်များနှင့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကိစ္စရပ်များ၊ အာမခံလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ပြည်ပနိုင်ငံများသို့ ငွေပေးချေမှုကိစ္စရပ်များ၊ ချေးငွေသတင်းအချက်အလက်ဌာန တည်ထောင်ထားရှိမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၌ အီလက်ထရွန်နစ် ငွေကြေးနှင့် ငွေပေးချေမှုစနစ် တိုးတက်လာရေးကိစ္စရပ်များ၊ မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍတွင် ခေတ်ပေါ်ငွေကြေးဆိုင်ရာအဆင့်မြင့်နည်းပညာအသုံးပြုနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်မှုအခြေအနေနှင့် အမေရိကန်အစိုးရနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးလာစေရန် အကူအညီပေးနိုင်ရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ပျိုးရေးစရိတ်များ ထုတ်ချေးပေးလျက်ရှိ

**ဖြူး ဇူလိုင် ၂၆**

တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်တို့တွင် ဆောင်းသီးနှံနှင့် မိုးစပါးများကို ကျေးရွာအုပ်စု ၅၉ အုပ်စုအတွင်းရှိ ကျေးရွာများမှ လယ်သမားများက သတ်မှတ်လျာထားသော မိုးစပါး စိုက်ဧက ၁၅၁၄၄၇ ကို အပြည့်အဝစိုက်ပျိုးသွားကြမည်ဖြစ်ရာ တောင်သူလယ်သမားကြီးများ စိုက်ပျိုးရာသီတွင် မိုးစပါး စိုက်ပျိုးချိန်အတွင်း ငွေကြေးအခက်အခဲမရှိစေရေးအတွက် ဖြူးမြို့နယ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်က ယခု ၂၀၁၇ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို လယ်သမားကြီးများအား ယခင်က စပါးစိုက်ဧက တစ်ဧကလျှင် ငွေကျပ် တစ်သိန်းသာ ထုတ်ချေးခဲ့ရာမှ ယခုနှစ် မိုးရာသီစပါး စိုက်ပျိုးရာသီတွင် တစ်ဧက ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေး ပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိပြီးသော လယ်သမားများအား ထုတ်ချေးပေးလျက်ရှိပြီး ယမန်နှစ် ၂၀၁၆-၂၀၁၇ မိုးရာသီတွင် မိုးစပါးစိုက်ဧကများအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းသာ ထုတ်ချေးရာမှ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မိုးစပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် လယ်သမားများအား ယခုနှစ် မေလ ဒုတိယပတ်က စတင်ထုတ်ချေးပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ခုနှစ် မိုးရာသီတွင် မြို့နယ် မြန်မာ့စိုက်ပျိုးရေးဘဏ်က မိုးစပါးချေးငွေ တစ်ဧကကို တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း မြို့နယ်မန်နေဂျာ ဦးတင်စိုးထံမှ သိရသည်။

**ဖြူး-မြင့်ဦး**

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**(မိုး/ဇလ)**






ဒုတိယသမ္မတ ဦးမြင့်ဆွေ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

❐ *ရှေ့စာမျက်နှာမှ*

အသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်ဝင်းနှင့် ဦးဝင်းခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်တို့နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသာဌေးတို့က သတ်မှတ်နေရာများ၌ ပန္နက်တော်တင်၊ တွင်းတော်ဝန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားနှင့် စပ်လျဉ်း၍ မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာများနှင့်အညီ ပန္နက်တော်တင်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်းသည် မန္တလေးတောင်တော် အရှေ့ဘက်ရှိ ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီး၌ တည်ရှိပြီး စီမံကိန်းတစ်ခုလုံး၏ ဧရိယာမှာ ၃၃ ဒသမ ၂၂ ဧကရှိပြီး ယခုပန္နက်တော်တင်သည့် နေရာသည် ရှစ်ခန်းတွဲ ငါးထပ်အငှားအိမ်ရာ တည်ဆောက်မည့်မြေနေရာဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် အငှားအိမ်ရာများအနေဖြင့် ၂၄ ခန်းတွဲ ငါးထပ် သုံးလုံး၊ ရှစ်ခန်းတွဲ ငါးထပ် ၁၅ လုံးနှင့် အရောင်းအိမ်ရာများအနေဖြင့် လေးခန်းတွဲ ငါးထပ် ၁၄ လုံး လျာထားတည်ဆောက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းဧရိယာအတွင်း ရဲစခန်း၊ မီးသတ်စခန်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ ဆေးပေးခန်း၊ ပန်းခြံ၊ အားကစားကွင်း၊ ဓမ္မာရုံ၊ ဈေးဆိုင်ခန်းများ၊ ရေပေးဝေရေးရေကန်နှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယသမ္မတအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဒုဋ္ဌဝတီမြစ်ပေါ်၌ ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တမံထိန်းသိမ်းခြင်းနှင့် ထပ်မံဆောင်ရွက်မည့်စီမံကိန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့် လိုအပ်ချက်များတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရေ၊ မြေသဘာဝနှင့် ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်ပြီး နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးတွင်းကာလအတွင်း ရေအားလျှပ်စစ်မှရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝအသုံးချသွားရန်နှင့် အလေအလွင့်မရှိအောင် ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိသုံးစွဲနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ချက်စီမံဆောင်ရွက်ကြရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်း စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးနေကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိုလည်း ထိုက်သင့်သလို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တမံရှုရပ်သို့ရောက်ရှိပြီး ရဲရွာတမံနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုကာ သက်တမ်းနှစ်သန်းပေါင်း ၅၅၀ ခန့်ရှိ အသွင်ပြောင်းသဲကျောက်တုံး၌ မှတ်တမ်းတင် ကမ္ပည်းလက်မှတ်ရေးထိုးသည်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိ Roller Compacted Concrete (RCC) ရဲရွာရေလှောင်တမံကို အမှီပြုတည်ဆောက်ထားခြင်းဖြစ်ပြီး စက်တပ်ဆင်စွမ်းအား ၇၉၀ မဂ္ဂါဝပ်ရှိကာ တပ်ဆင်ထားသည့် ဒီဇိုင်းအရ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၅၅၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရန် လူအား၊ ငွေအား အချိန်များစွာယူပြီး ကြိုးစားမှသာအောင်မြင်မည်

နေပြည်တော် ဇူလိုင် ၂၆

**မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူးများ၊ မြို့နယ်အားကစားမှူးများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)



ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန်မှာ ချက်ချင်းမလွယ်ကူကြောင်း၊ လူအင်အား၊ ငွေအင်အား အချိန်များစွာယူပြီးမှ အဆင့်ဆင့်ကြိုးစားမှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် လူငယ်များ ကျောင်းသားဘဝမှ အခြေခံပညာကျောင်းများ၌ ကာယအချိန် (အားကစားအချိန်) တစ်နေ့(သို့) တစ်ပတ်နှစ်ကြိမ် ပြန်လည်ရရှိပြီး ထိထိရောက်ရောက် အားကစားပြုလုပ်ခွင့်ရရှိရန် ကျောင်းအလိုက်အားကစားပြိုင်ပွဲများ ကျင်းပရန်လိုအပ်ကြောင်း၊ အခြေခံပညာကျောင်းများကို လိုအပ်သောအားကစားအထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းသားအားကစားပွဲတော်ကျင်းပရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အားကစားအဖွဲ့ချုပ် ပိုမိုအောင်မြင်လာအောင် မည်ကဲ့သို့ ပံ့ပိုးကူညီရမည်ကို စဉ်းစားရန်လိုအပ်ကြောင်း၊ မကြာမီ National Seminar တွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ပါကြောင်း၊ ထွက်ပေါ်လာသောရလဒ်ကို မူတည်၍ Road Map ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ရှိလုပ်ငန်းဆောင်ရွက်ချက်များဖြစ်သော ဝန်ထမ်းရေးရာ၊ အားကစားကွင်း/ရုံ၊ လက်ရှိအနေအထား၊ သင်တန်းများပို့ချမှုအခြေအနေ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများတွင် သင်တန်းပို့ချနေမှု အခြေအနေ၊ ပြည်တွင်းအားကစားပြိုင်ပွဲများ ကျင်းပပြီးစီးမှု၊ ကျင်းပရန်ကျန်ရှိမှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အားကစားမှူးများက လက်ရှိမြို့နယ်များ၌ ကျင်းပနေသည့် TSDP မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ ပြိုင်ပွဲများ အခြေအနေ၊ အားကစားကွင်း/ရုံ ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုအခြေအနေ၊ ကြုံတွေ့နေရသော မြို့နယ်များရှိ အခက်အခဲများကို တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ဖော်ပြစေချင်တဲ့ ရည်ရွယ်ချက်နဲ့ အခုလို ဦးဆောင်ကျင်းပဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်" ဟု Miss Global Myanmar Organization မှ National Director ဖုန်းမြတ်သူက ပြောသည်။ Miss Global World ပြိုင်ပွဲကြီးကို အမေရိကန်အခြေစိုက်အဖွဲ့အစည်းတစ်ခုက ဦးဆောင်၍ ၂၀၁၃ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် စတင်ကျင်းပခဲ့ပြီး ယခုနှစ်တွင်မူ (၅)ကြိမ်မြောက်အဖြစ် လာမည့်နိုဝင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်မှစတင်ကာ အလှမယ် ထက်ရည်အောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြီးခဲ့သော ၂၀၁၆ ခုနှစ် Miss Global World ပြိုင်ပွဲတွင် Miss Global Myanmar 2016 ပြိုင်ပွဲမှ သရဖူဆုရှင် အလှမယ် ဆုပွင့်ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

"ကျွန်မအတွေ့အကြုံအရပြောရရင် မနှစ်က နိုင်ငံပေါင်း ၅၀ ကျော်က အလှမယ်တွေ လာရောက်ယှဉ်ပြိုင်တာဆိုတော့ တော်တော်လေးတော့ ကြိုးစားခဲ့ရတယ်။ ပြိုင်ပွဲမှာက အချိန်နှင့်အမျှ စောင့်ကြည့်ပြီး အမှတ်ယူနေတာ။ ဒါကြောင့် အဓိကဒိုင်တွေအပြင် အပြင်ကစောင့်ကြည့်နေတဲ့ သူတွေကလည်း အမှတ်ယူတဲ့ထဲမှာပါတယ်လို့ ပြောလို့ရတယ်။ ကျွန်မအနေနဲ့ သွားပြိုင်တဲ့အခါမှာ အတွေ့အကြုံကလည်း နုနယ်သေးတော့ အခက်အခဲတွေ အများကြီးရှိခဲ့တယ်။ ပြိုင်ပွဲကြီးမှာက Talent ပြိုင်ပွဲတွေကလည်း ခက်ခဲတယ်။ လေ့ကျင့်နေတဲ့ကာလမှာ တစ်ယောက်ပြီးတစ်ယောက်ခေါ်သွားပြီး ဗျူးတယ်။ ဒီနှစ်အရွေးချယ်ခံရတဲ့ အလှမယ်အတွက်ကတော့ အချိန်နဲ့အမျှ ဂရုစိုက်ဖို့လိုတယ်။ အဓိကတော့ Language ပိုင်းဆိုင်ရာ အရေးကြီးပါတယ်"ဟု Miss Global Myanmar 2016 သရဖူဆုရှင် ဆုပွင့်ဦးက ရှင်းပြသည်။

ယခုနှစ်တွင်ကျင်းပမည် Miss Global Myanmar 2017 ပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတစ်ဝန်းမှ လုပ်ျဖြူများအနေဖြင့်ဩဂုတ် ၁ ရက်မှ စတင်ကာ စက်တင်ဘာ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ ပွင့်ဦး Showrooms များ၌ လျှောက်လွှာများကို ဝယ်ယူနိုင်ပြီး လူတွေ့စစ်ဆေးမှုများကို စက်တင်ဘာ ၁၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကာ စက်တင်ဘာ ၂၃ ရက်တွင် နောက်ဆုံးဖိုင်နယ် အလှမယ် ၂၀ ကို ရွေးချယ်သွားမည်ဖြစ်သည်။ ရွေးချယ်ပြီးသော နောက်ဆုံးဖိုင်နယ် အလှမယ် ၂၀အား စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရင့်ဆရာများနှင့် Camp သွင်းလေ့ကျင့်သွားမည်ဖြစ်ပြီး နောက်ဆုံး Miss Global Myanmar 2017 အလှမယ် သရဖူဆုရှင်ရွေးချယ်ပွဲကို အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Miss Global Myanmar 2017 ပြိုင်ပွဲတွင် ဆုရရှိသူ အလှမယ် သရဖူဆုရှင်အား ဆုကြေးငွေအဖြစ် ငွေကျပ် သိန်း ၃၀၊ $1^{st}$ Runner Up ဆုရှင်အား ငွေကျပ်သိန်း ၂၀၊ $2^{nd}$ Runner Up ဆုရှင်အား ငွေကျပ် ၁၀ သိန်းနှင့် အခြား Title ဆု ခြောက်မျိုးကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အဆိုပါဆုများအတွက် ငွေကျပ် ငါးသိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း Miss Global Myanmar Organization မှ သိရသည်။

# မြန်မာ-အစ္စရေးနှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယနေ့ နံနက် ၁၀ နာရီခွဲက မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Zonshine ၊ အစ္စရေးနိုင်ငံ Hebrew တက္ကသိုလ်မှ ကမ္ဘာ့အသိအမှတ်ပြု စိုက်ပျိုးစီးပွားဘာသာရပ် ပညာရှင်ပါမောက္ခ Ayal Kimhi နှင့် စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကျွမ်းကျင်ပညာရှင် Dr. Avri Bar Zur တို့ ပါဝင်သောအဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံ၍ စိုက်ပျိုးရေးပညာရပ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ မွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော် ရန်အောင်မြင်ကြိုးဝိုင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ




**နေပြည်တော် ဇူလိုင် ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၄ ရက် နံနက်က နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်းအကွက်အမှတ်(၁၆)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ ကျွန်းပင်စိုက်ပျိုးပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးကသတ်မှတ်နေရာ၌ ကျွန်းပင်ကို စိုက်ပျိုးပေးပြီး (ဓါတ်ပုံ) နေပြည်တော်ကောင်စီဝင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနမှအရာထမ်း၊ အမှုထမ်းများက ကျွန်းပင်များကို လည်း ကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်းများက ပိတောက်ပင်များကိုလည်းကောင်း၊ သစ္စာတွင်းအရာထမ်း၊ အမှုထမ်းများက တမလန်းနှင့် အင်ကြင်းပင်များကိုလည်းကောင်း၊ နေပြည်တော်သစ်တောဦးစီးဌာနတိုင်း၊ ခရိုင်၊ မြို့နယ်များမှ အမှုထမ်း၊ အရာထမ်းများက ကျွန်းပင်နှင့် တမလန်းပင်များကို လည်းကောင်း စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှုထမ်း၊ အရာထမ်းများ၏ ပျိုးပင်များ စိုက်ပျိုးနေမှုကိုကြည့်ရှု၍ အားပေးစကားပြောကြားသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ အင်ကြင်းပျိုးပင် စုစုပေါင်း ၁၀၄၄ ပင် စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးပြီးသစ်ပင်များအား လယ်ဝေးမြို့နယ်နှင့် နေပြည်တော် သစ်တောဦးစီးဌာနဝန်ထမ်းများပူးပေါင်း၍ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သဘာဝတောကျန်ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ သက်တမ်းတိုးမြှင့်ဆောင်ရွက်မည်

**ရေစကြို ဇူလိုင် ၂၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရေစကြိုမြို့နယ်အတွင်း စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာသုံးစွဲခြင်း၊ ရေရှိရေးဆောင်ရွက်ပေးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းကို ရှင်မတောင်သစ်တောကြိုးဝိုင်းအတွင်းတွင် ယခုနှစ်မှစ၍ သက်တမ်းတိုးမြှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

ရေစကြိုမြို့နယ်ပိုင် ရှင်မတောင်ကြိုးဝိုင်းဧရိယာမှာ ဧက ၁၂၃၅၀ ဖြစ်သည်ဟု သိရသည်။ ရှင်မတောင်ကြိုးဝိုင်းအတွင်းတွင် ၁၉၉၇ ခုနှစ်မှစတင်ကာ သဘာဝတောကျန်ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်ဟုသိရသည်။ ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ကာ ဧကတစ်ထောင်အတွင်း သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းကို သက်တမ်းတိုးမြှင့်ကာ ငါးနှစ်ဆက်တိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရေစကြိုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေနဲ့ ရှင်မတောင်ကြိုးဝိုင်းအတွင်းမှာ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းက ဧကတစ်ထောင်ကို နှစ်နှစ်ဆက်တိုက် ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။ ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ကာ ဧကတစ်ထောင်အတွင်းမှာ ငါးနှစ်ဆက်တိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီဧကတစ်ထောင်အတွင်းမှာ တစ်နှစ်ကို ဧက ၁၀၀ နှုန်းနဲ့ သုံးနှစ်ဆက်တိုက် ဧက ၃၀၀ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပြီး အဲဒီလုပ်ငန်းက ထွက်ရှိလာတဲ့ ထင်း၊ တိုင်၊ မျော တွေကို နီးစပ်ရာကျေးရွာတွေကို ဝေငှပေးသွားမှာ ဖြစ်ပါတယ်။ ဧကတစ်ထောင်အတွင်းမှာ သစ်ပင်မခုတ်ဖို့၊ မီးသွေးမဖုတ်ဖို့ မြေတူးတာ ကျောက်တူးတာတွေ မလုပ်ဖို့နဲ့ ကျူးကျော်ပြီး ယာချဲ့ထွင်တာတွေ မလုပ်ဖို့ကိုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို နေ့စဉ်စောင့်ကြည့်ဆောင်ရွက်ဖို့ ဒေသခံတောစောင့်နှစ်ဦးနဲ့ အမြဲတမ်းဝန်ထမ်းလေးဦးက ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရေစကြိုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဇော်နိုင်က ပြောသည်။



**အိမွန်ဆွေ(ရေစကြို)**

# မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ စာတမ်းဖတ်ပွဲ ဟားခါး၌ကျင်းပ




**ဟားခါး ဇူလိုင် ၂၆**

မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြပြီး မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်နီဟွေဆုန်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာစာတမ်းကို ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ပုမ်ခန့်နွမ်က ပါဝါပွိုင့်ဖြင့် ဖတ်ကြားရှင်းလင်းသွားကြောင်း သိရ သည်။

**(ခရိုင် ပြန်/ဆက်)**

# စစ်ဘက်ရာထူး၊ အဆင့်အခေါ်အဝေါ်များ သုံးစွဲမှုနှင့်ပတ်သက်၍ တပ်မတော်၏ သဘောထားထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၆**

စစ်ဘက်ရာထူး၊ အဆင့်အခေါ်အဝေါ်များ သုံးစွဲမှုနှင့်ပတ်သက်၍ တပ်မတော်၏ သဘောထားထုတ်ပြန်ချက်ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့ရှိ Great လက်ဖက်ရည်ဆိုင်ရှေ့၌ ဇူလိုင် ၂၂ ရက်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည့် သတင်းရေးသားဖော်ပြရာတွင် နေ့စဉ်ထုတ်သတင်းစာအချို့၌ လဝါယန်ပြည်သူ့စစ်အဖွဲ့မှ စီးပွားရေးတာဝန်ခံ ဗိုလ်မှူး နော်ဆန်း သေဆုံးခဲ့သည်ဟုလည်းကောင်း၊ အချို့နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များ၊ သတင်းဌာနများတွင် ဗိုလ်မှူးအဆင့်ရှိ လဂိုင်နော်ဆန်းဟုလည်းကောင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်မှုထမ်းများသာ သုံးစွဲခွင့်ရှိသည့် ဗိုလ်မှူးဆိုသည့် စစ်ဘက်ရာထူးအဆင့်ကို ရေးသားဖော်ပြခဲ့ပါကြောင်း။

မြန်မာနိုင်ငံရှိ သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ဖွဲ့စည်းထားသော ပြည်သူ့စစ်အဖွဲ့များတွင် ရာထူးအဆင့်များ သီးခြားသတ်မှတ် ခေါ်ဝေါ်သုံးစွဲခြင်းမရှိဘဲ ကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်ဟူ၍သာ ခေါ်ဝေါ်သုံးစွဲကြောင်း၊ စစ်ဘက်ရာထူး၊ အဆင့်အခေါ်အဝေါ်များ သုံးစွဲမှုနှင့်ပတ်သက်၍ ကန့်သတ်ထားသည့် ဥပဒေအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၂၆/၈၉)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအား ၂၀၁၄ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၂)ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း။

အဆိုပါ ဥပဒေ၏ အခန်း (၁) ပုဒ်မ ၂ (က၊ ခ)တို့တွင် စစ်ဘက်ရာထူး၊ အဆင့်၊ အခေါ်အဝေါ်ဆိုသည်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် သတ်မှတ်သုံးစွဲသည့် ရာထူး၊ အဆင့်အခေါ်အဝေါ်ကို ဆိုလိုသည်ဟု ဖော်ပြထား ရှိကြောင်း၊ သို့ဖြစ်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်မှုထမ်းများသာ သုံးစွဲခွင့်ရှိသည့် စစ်ဘက်ရာထူး၊ အဆင့်အခေါ်အဝေါ်များအား အခြားသော မသက်ဆိုင်သည့် အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များ၏ ကိစ္စရပ်များတွင် ခေါ်ဝေါ်သုံးစွဲခြင်း၊ ရေးသားဖော်ပြခြင်းများမပြုလုပ်ရန် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်စွာသုံးစွဲရန် လိုအပ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာများအတွင်း ညအချိန် လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း နေပြည်တော် ရဲတပ်ဖွဲ့မှူး၊ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးတို့၏ ကွပ်ကဲမှုဖြင့် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) ရဲကင်းစခန်းမှူး ရဲအုပ်ဟန်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ခနေသိဒ္ဓိရပ်ကွက်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဝန်ထမ်းအိမ်ရာများအတွင်း ဆိုင်ကယ်ခိုးမှုများ ပပျောက်စေရေးအတွက် ညစဉ် ညဦးလှည့်ကင်း/ညဉ့်လှည့်ကင်းများအဖြစ် ည ၈ နာရီမှ နံနက် ၅ နာရီအထိ ကင်းလှည့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ပြည်သူလူထုအနေဖြင့် ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါထိန်းချုပ်နိုင်

**ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း**

သတင်းအဖွဲ့

**မေး ။ ။အခုဖြစ်ပွားနေတဲ့ ရာသီတုပ်ကွေးရောဂါSeasonal Influenza A(H1N1)pdm 2009) ဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး နောက်ဆုံးအခြေအနေကို သိပါရစေ။**

ဖြေ ။ ။ဇူလိုင် ၂၅ ရက်အထိ သံသယရှိလူနာ ၃၁ ဦး တွေ့ရှိထားပါတယ်။ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm 2009 ပိုး ဟုတ်၊ မဟုတ် ဓာတ်ခွဲအတည်ပြုတဲ့အခါမှာ ရောဂါပိုးရှိသူ ၂၀ ကို တွေ့ပါတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ပိုးတွေ့ရှိသူ ငါးယောက် တက်ရောက်ကုသနေပြီးတော့ ဒီထဲက သုံးယောက် ဆုံးပါးသွားပါတယ်။ ရန်ကင်းကလေးဆေးရုံမှာ နှစ်ယောက် တွေ့ပါတယ်။

**မေး ။ ။H1N1 ရောဂါပိုးကူးစက်ခံရတဲ့သူတွေက ဘယ်မြို့နယ်၊ ဘယ်နေရာ ဒေသတွေကပါလဲခင်ဗျာ။**

ဖြေ ။ ။ဇူလိုင်လထဲမှာ ချင်းပြည်နယ် မတူပီမြို့မှာ စတင်ဖြစ်ပွားပြီးတော့ ရန်ကုန်၊ ရေဝတီ၊ ပဲခူးမှာ ဖြစ်ပွားတာတွေ့ရပါတယ်။ ပိုးတွေ့တာ ၂၀ ရှိပါတယ်။ ဒီပိုးကြောင့် သေဆုံးသူက သုံးယောက်ဖြစ်ပါတယ်။ မတူပီမှာ သေဆုံးသွားတဲ့ကလေးမှာက ပိုးမတွေ့ပါဘူး။

**မေး ။ ။Seasonal Influenza A (H1N1) pdm 2009 ရောဂါဟာ ကုသလို့ပျောက်ကင်းပါသလားခင်ဗျာ။**

ဖြေ ။ ။ကုသခြင်းထက်ကာကွယ်ခြင်းက ပိုမိုထိရောက်ပါတယ်။ ရာသီတုပ်ကွေးရောဂါကို ဆောလျင်စွာတွေ့ရှိကုသရင် ရောဂါပြင်းထန်မှု၊ အသက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ပါတယ်။ အဓိကကတော့ နှာချေချောင်းဆိုးတာကနေ အသက်ရှူလမ်းကြောင်းက ကူးတာပါ။ မပြင်းထန်တဲ့အမျိုးအစားနဲ့ ပြင်းထန်တဲ့အမျိုးအစားဆိုပြီးတော့ ရှိပါတယ်။ ရိုးရိုးဖျားတယ်၊ နာတယ်၊ ကိုက်ခဲတယ်။ ဒါက အမျိုးအစားမပြင်းထန်တဲ့ဟာ။ ရင်ကျပ်တယ်၊ အသက်ရှူခက်တယ်၊ အဖျားကြီးတယ်၊ သတိလစ်တယ်၊ ဂနာမငြိမ်ဖြစ်တယ်ဆိုတာက ပြင်းထန်တဲ့ အမျိုးအစားပါ။

**မေး ။ ။ဘယ်အခြေအနေမှာ အသက်ဆုံးရှုံးမှုဖြစ်နိုင်ပါသလဲ။**

ဖြေ ။ ။ကလေးငယ်တွေ၊ ကိုယ်ဝန်ဆောင် မိခင်တွေ၊ သက်ကြီးရွယ်အိုတွေ၊ နာတာရှည် ရောဂါရှိသူတွေ၊ ခုခံအားကျဆင်းမှုရှိသူတွေမှာ ဖြစ်ပွားရင် ရောဂါပိုမိုပြင်းထန်ပြီး အသက်ဆုံးရှုံးတတ်ပါတယ်။ အသက်အရွယ်အပိုင်းအခြားမရွေး ဖြစ်ပွားနိုင်ပါတယ်။

**မေး ။ ။ဘယ်လိုကူးစက်နိုင်ပါသလဲ။**

ဖြေ ။ ။အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်ပါတယ်။ ရောဂါပိုးရှိတဲ့သူနှာချေတာ၊ ချောင်းဆိုးတာကနေ တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါဖြစ်သူရဲ့ ခွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင်ပစ္စည်းတွေကို ကိုင်တွယ်ထိတွေ့ခြင်းကသော်လည်းကောင်း ကူးစက်နိုင်ပါတယ်။

**မေး ။ ။ကူးစက်မခံရအောင် ဘယ်လိုကာကွယ်ရမလဲခင်ဗျာ။**

ဖြေ ။ ။ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်တာ၊ နှာချေ၊ ချောင်းဆိုးရင် ပါးစပ်၊ နှာခေါင်းကိုအုပ်ပြီး လက်ကိုင်ပဝါ၊ တစ်ရှူးနဲ့ တစ်ခါသုံး ပါးစပ်၊ နှာခေါင်းစည်းတွေ အသုံးပြုရပါမယ်။

လက်ကိုဆပ်ပြာနဲ့ စင်ကြယ်စွာဆေးကြောခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်း၊ အာဟာရပြည့်ဝတဲ့ အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊ လေကောင်း၊ လေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊ လူထူထပ်တဲ့နေရာတွေကို သွားလာခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရောဂါမကူးစက်စေဖို့ နှာခေါင်းနဲ့ ပါးစပ်ကို လုံအောင် ဖုံးအုပ်တဲ့ ပါးစပ်၊ နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်း၊ မိမိ သို့မဟုတ် တစ်ဦးဦးတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟုသံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနတွေကို သတင်းပေးပို့ ကုသမှုခံယူပြီး အထက်ကဖော်ပြထားတဲ့ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရပါမယ်။ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့



ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်တွေကို လိုက်နာဆောင်ရွက်ရပါမယ်။

ကာကွယ်ဆေးတွေတော့ ပေါ်တော့ပေါ်နေပါတယ်။ ကာကွယ်ဆေး အမျိုးအစား သုံးလေးမျိုးရှိပါတယ်။ တချို့ကာကွယ်ဆေးတွေက ၁၀၀ ရာခိုင်နှုန်း ကာကွယ်မှုမပေးနိုင်ဘူး။ ထိုးပြီးရင် ၅၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်းပဲ ကာကွယ်ပေးနိုင်တဲ့ အခါကျတော့ စဉ်းစားရပါတယ်။ ရာနှုန်းပြည့် အာနိသင်ရှိတဲ့ အမျိုးအစားကတော့ မရှိသေးပါဘူး။ ဒါ့ကြောင့် ကာကွယ်ဆေးကတော့ လေ့လာတုန်းပါ။ ဒါနဲ့ပတ်သက်ပြီး ထပ်ပြီးတော့ ထုတ်ပြန်ပါ့မယ်။ လာမယ့်တနင်္ဂနွေနေ့မှာ ပြည်ထောင်စုဝန်ကြီးနဲ့ ပညာရှင်တွေ တွေ့ဆုံပြီး နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သုံးသင့်၊ မသုံးသင့် အဖွဲ့နဲ့ ဆုံးဖြတ်ပြီးမှ ပြည်သူလူထုအတွက် အကျိုးရှိမယ်ဆိုရင် နှောင့်နှေးမနေပါဘူး။ ဘယ်လောက်ကုန်ကုန် ဝယ်ပြီးတော့ သုံးမှာပါ။

**မေး ။ ။ဒီရောဂါဖြစ်ပွားသူတွေကို ရန်ကုန်က ဆေးရုံကြီးတွေဆီ ပို့ဆောင်ကုသပေးနေတယ်လို့ သိရပါတယ်။ ဘာကြောင့်ပါလဲ။**

ဖြေ ။ ။ရန်ကုန်ဆေးရုံကြီးမှာ ဆေးဝါးကုသမှုနည်းပညာတွေ ပိုမိုရရှိနိုင်တဲ့အတွက် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်ဆေးရုံတွေက ရောဂါပြင်းထန်တဲ့လူနာတွေကို လွှဲပေးလေ့ရှိပါတယ်။ ဝေဘာဂီဆေးရုံက ကူးစက်ရောဂါကုဆေးရုံဖြစ်တဲ့အတွက် ပိုပြီးစနစ်ကျပါတယ်။ Infection Control က ပိုပြီးစနစ်ကျပါတယ်။ ဝေဘာဂီဆေးရုံမှာ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ အနည်းဆုံးလူနာ ၁၀ ဦးလောက် ထားနိုင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ကျန်တဲ့ အခြားဆေးရုံတွေကိုလည်း ပြင်ဆင်ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ မြို့ကြီးတွေမှာလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ကပ်ရောဂါအသွင် ဖြစ်လာနိုင်တဲ့ အခြေအနေရှိပါသလားခင်ဗျာ။**

ဖြေ ။ ။ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်တွေကို လိုက်နာဆောင်ရွက်တာ၊ မိမိမှာ တုပ်ကွေးရောဂါလက္ခဏာတွေ ဖြစ်ပွားတယ်လို့ သံသယရှိရင် နီးစပ်ရာကျန်းမာရေးဌာနနဲ့ ဆေးရုံ၊ ဆေးခန်းတွေမှာ အမြန်ဆုံးသတင်းပေးပို့ ကုသမှုခံယူတာတွေ ပြုလုပ်ရင် ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ကုသနိုင်မှာဖြစ်ပါတယ်။ အထူးစိုးရိမ်ကြောင့်ကြဖို့မလိုပါဘူး။ H1N1 ကို ကူးစက်မှုမပြန့်ပွားအောင် Containment နည်းလမ်းနဲ့ ဆောင်ရွက်နေပါတယ်။ ရောဂါဖြစ်ပွားတာ မှန်ပေမယ့် ကပ်ရောဂါအသွင်မဟုတ်ပါဘူး။ လောလောဆယ်မှာ Public Health Emergency အဖြစ် မကြေညာသေးပါဘူး။ ကာကွယ်ထိန်းချုပ်နိုင်တဲ့ အဆင့်အဖြစ်ပဲ သတ်မှတ်ပါတယ်။ ကူးစက်ပြန့်ပွားမှုမရှိအောင် ပိုးတွေ့တာနဲ့ တွေ့တဲ့နေရာကို ရောဂါတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို စေလွှတ်ပါတယ်။ ပြီးတော့ အနီးမှာရှိတဲ့ သူတွေကိုပါ စောင့်ကြပ်ကြည့်ရှုပါတယ်။ ပိုးတွေ့တဲ့ လူနာကို ဆေးရုံမှာထားပြီးတော့ စောင့်ကြပ်ကြည့်ရှုပါတယ်။ ဆေးရုံမှာ သီးသန့်ထားပြီး ကုသရေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ပြည်သူလူထု ထိရောက်မှုအနည်းဆုံးဖြစ်အောင် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ရောဂါပြန့်ပွားမှုမရှိအောင် ဘယ်လိုထိန်းချုပ်နေပါသလဲ။**

ဖြေ ။ ။ရောဂါဖြစ်ပွားသူတွေကို သီးခြားထားရှိကုသခြင်း၊ ရောဂါရှိသူနဲ့ အနီးကပ်ထိတွေ့သူတွေကို စောင့်ကြပ်ကြည့်ရှုခြင်း စတဲ့နည်းလမ်းတွေနဲ့ ရောဂါပြန့်ပွားမှုမရှိအောင် ထိန်းချုပ်နေပါတယ်။ လေဆိပ်မှာရော နယ်စပ်ဝင်ပေါက်/ထွက်ပေါက်တွေမှာပါ Ethnical အရ ကိုယ့်နိုင်ငံမှာဖြစ်ပွားရင် တခြားနိုင်ငံကို မကူးစက်အောင်နဲ့ တခြားနိုင်ငံမှာ ဖြစ်ပွားရင် ကိုယ့်နိုင်ငံကို မကူးစက်အောင် စစ်ဆေးနေပါတယ်။ ခါတိုင်း အဝင်မှာ စစ်ဆေးပေမယ့် အခု အဝင်မှာရော အထွက်မှာပါ စစ်ဆေးနေပါတယ်။ ရောဂါထိန်းချုပ်ဖို့အတွက် ကျွန်တော်တို့က တိုင်းဒေသကြီးနဲ့ ပြည်နယ် ပြည်သူ့ကျန်းမာရေးအဖွဲ့တွေ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွေ နောက်တစ်ခါ ကုသရေးဦးစီးဌာနက ဆေးရုံကြီးကအဖွဲ့တွေကို ညွှန်ကြားချက်တွေ ထုတ်ထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့တင်မကဘဲ သက်ဆိုင်ရာအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းတွေ၊ အခြားသောဝန်ကြီးဌာနတွေ အားလုံးပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိန်းချုပ်ဖို့ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းနဲ့ တင်မပြီးပါဘူး။ ပြည်သူတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ လူမှုရေးအဖွဲ့အစည်းတွေလည်း ပါရမယ်။ အားလုံးဝိုင်းဝန်းဆောင်ရွက်မှ ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

**“တုပ်ကွေးရောဂါလက္ခဏာတွေ ဖြစ်ပွားတယ်လို့ သံသယရှိရင် နီးစပ်ရာကျန်းမာရေးဌာနနဲ့ ဆေးရုံ၊ ဆေးခန်းတွေမှာ အမြန်ဆုံးသတင်းပေးပို့ ကုသမှုခံယူတာတွေ ပြုလုပ်ရင် ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ကုသနိုင်မှာ ဖြစ်ပါတယ်။ အထူးစိုးရိမ်ကြောင့်ကြဖို့ မလိုပါဘူး။ H1N1 ကို ကူးစက်မှုမပြန့်ပွားအောင် Containment နည်းလမ်းနဲ့ ဆောင်ရွက်နေပါတယ်။ ရောဂါဖြစ်ပွားတာ မှန်ပေမယ့် ကပ်ရောဂါအသွင်မဟုတ်ပါဘူး။”**

**မေး ။ ။ဒီရောဂါဟာ အရင်က မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့ဖူးတာ ရှိပါသလား။**

ဖြေ ။ ။မြန်မာနိုင်ငံမှာ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1)pdm 2009)ဖြစ်ပွားသူဦးရေ ၄၅၆ ဦးရှိခဲ့ပါတယ်။ အခု ဖြစ်ပွားနေတာက လူတွေမှာဖြစ်ပွားတဲ့ ရာသီတုပ်ကွေးပိုး ဖြစ်ပါတယ်။ ၂၀၀၉ မတိုင်ခင်က ဝက်တွေမှာဖြစ်ပွားတဲ့ တုပ်ကွေးပိုးဖြစ်ပါတယ်။ ဒီနောက်မှာ လူတွေကို ကူးစက်ပြီး အခုကတော့ လူသားတွေအချင်းချင်းကူးစက်တဲ့ ရာသီတုပ်ကွေးပိုး အမျိုးအစားဖြစ်ပါတယ်။ ဝက်တုပ်ကွေးလို့ မခေါ်ပါဘူး။

**မေး ။ ။ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းဖြေရှင်းဖို့ ဆောင်ရွက်နေတာ ရှိပါသလား။ ဘယ်လိုအကူအညီတွေ တောင်းထားပါသလဲ။**

ဖြေ ။ ။အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်(၂၀၀၅) အရ WHO နဲ့ ချိတ်ဆက်ပြီး ရောဂါဖြစ်ပွားမှုအခြေအနေ အထားထုတ်ပြန်တင်ပြခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတွေ ရှိပါတယ်။

International Health Regulation အရ နိုင်ငံတကာသံရုံးတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုလည်း ဆက်သွယ်အကြောင်းကြားပြီးဖြစ်ပါတယ်။ WHO ကို ဒီနေ့ပဲ ဖြစ်ပွားမှုနဲ့ ပတ်သက်တဲ့ Official Report တင်လိုက်ပြီဖြစ်ပါတယ်။ WHO မှာ လိုအပ်တဲ့ အကူအညီပေးဖို့လည်း တောင်းခံထားပါတယ်။

**မေး ။ ။ဒီရောဂါကို ကာကွယ်တားဆီးဖို့ ရှေ့ဆက် ဘယ်လိုဆောင်ရွက်သွားမလဲ။**

ဖြေ ။ ။ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနအနေနဲ့ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ ရာသီတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း၊ ရာသီတုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ စာစောင်ထုတ်ဝေခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့အင်တာနက်စာမျက်နှာ၊ Myanmar CDC ရဲ့ Facebook စာမျက်နှာတွေ၊ သတင်းစာနဲ့ ဂျာနယ်စာစောင်တွေမှာ ဖော်ပြခြင်း၊ ကျန်းမာရေးပညာပေးလုပ်ငန်းတွေကို ဆေးရုံကြီးတွေ၊ မြို့နယ်အဆင့်နှင့် ပြည်သူလူထုအတွင်းပိုမို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်မှုနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ထမ်းတွေအတွက် လမ်းညွှန်ချက်တွေထုတ်ပြန်ခြင်း၊ ဆေးရုံတွေမှာ လိုအပ်တဲ့ Rapid Diagnostic Test Kits တွေ၊ လက်သန့်စင် ဆေးရည်တွေ၊ နှာခေါင်းစည်းတွေ၊ ပိုးသတ်ဆေးရည်တွေ ဖြန့်ဝေထားခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ရန်ကင်းကလေးဆေးရုံကြီးမှာ တက်ရောက်ကုသနေတဲ့ ကလေးနှစ်ဦးမှာ H1N1 နဲ့ H3N2 တွေ့ရတယ်လို့ နောက်ဆုံးသတင်းတွေ ထွက်နေပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ပြောပြပေးပါ။**

ဖြေ ။ ။မှန်ပါတယ်။ ကလေးတစ်ယောက်က H1N1တွေ့ပြီးတော့ တစ်ယောက်က ယာယီတုပ်ကွေးအမျိုးအစား H3 N2 တွေ့ပါတယ်။ သူက ရေဝတီတိုင်းက လာတာပါ။ ရေဝတီတိုင်းကနေပြီးတော့ ရန်ကုန်ဆေးရုံကြီးကို လာတက်တာပါ။ ရန်ကုန် ရန်ကင်းကလေးဆေးရုံကြီးမှာ ကလေးနှစ်ဦးပါ။ ကလေးနှစ်ဦးမှာ တစ်ယောက်ကတော့ H1N1၊ တစ်ယောက်ကတော့ H3N2 ပေါ့။ နောက်တစ်ခုကတော့ ရန်ကုန်ဆေးရုံကြီးမှာ တစ်ဦးပါ။

**မေး ။ ။ပြည်သူတွေအကြား ဒီရောဂါနဲ့ ပတ်သက်ပြီး စိုးရိမ်မှုတွေရှိနေပါတယ်။ စိုးရိမ်သင့်တဲ့အခြေအနေလား၊ စိုးရိမ်ဖို့မသင့်တဲ့အခြေအနေလား။ ဒါနဲ့ပတ်သက်ပြီး ဘာများပြောကြားချင်ပါသလဲ။**

ဖြေ ။ ။ကိုယ်ခံစွမ်းအား မြှင့်တင်ခြင်း၊ လက် မကြာခဏဆေးခြင်း၊ ပါးစပ်၊ နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာကို ရှောင်ရှားခြင်း၊ ရောဂါဖြစ်ပွားသူတွေကို သီးခြားထားရှိ ကုသခြင်း၊ ရောဂါရှိသူနဲ့ အနီးကပ်ထိတွေ့သူတွေကို စောင့်ကြပ်ကြည့်ရှုခြင်းစတဲ့ နည်းလမ်းတွေ ဆောင်ရွက်ခြင်း၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသောရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်တွေကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်ပါတယ်။

**မေး ။ ။ထားဝယ်ဘက်က ကြက်ခြံတစ်ခုမှာလည်း H5N1 ကြက်ငှက်တုပ်ကွေးတွေ့ရှိတယ်လို့ ကြားရပါတယ်။ ဒါကိုရော ဘယ်လိုဖြေရှင်းနေပါသလဲ။**

ဖြေ ။ ။ထားဝယ်ဘက်မှာ ဖြစ်ပွားနေတာက ကြက်ငှက်တုပ်ကွေးဖြစ်ပြီးတော့ ကြက်ခြံမှာ ဖြစ်ပွားတယ်လို့ သိရပါတယ်။ တိရစ္ဆာန်မှာ ဖြစ်ပွားတာဖြစ်ပါတယ်။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထားဝယ်က ကြက်ခြံမှာ H5N1 ကြက်ငှက်တုပ်ကွေးတွေရှိတယ်လို့ သတင်းဆက်သွယ်ပေးပို့တာလည်း ရှိပါတယ်။ ဒါကတော့ ကြက်ခြံကနေတစ်ဆင့် လူကို မကူးစက်အောင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကနေပြီးတော့ One Health Approach နည်းလမ်းနဲ့ ဆောင်ရွက်နေပါတယ်။

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ ရေဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့်ဇလွန်မြို့၌ တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဟင်္သာတမြို့နှင့် နောက်သုံးရက်အတွင်း ဇလွန်မြို့တို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၁၁နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၁ နာရီခွဲတိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ သုံးပေခန့်နှင့် သာပေါင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့၌ ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ရေဝတီ၊ စစ်တောင်း၊ ငဝန်နှင့် တိုးမြစ်များ၏ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍** ယနေ့နံနက် ၁၀နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အစီရင်ခံစာ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းများ၊ ဂေဟာများ၊ ကျောင်းများကို ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များနှင့် ပတ်သက်၍ အကျဉ်းသားများနှင့် အချုပ်ခန်း၊ အကျဉ်းထောင်မမျှတမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များ၊ နေထိုင်စားသောက်ရေး မပြည့်စုံမှုများ၊ တရားခံမိခင်များနှင့်အတူပါလာသော ကလေးငယ်များ၏ လူ့အခွင့်အရေး ဆုံးရှုံးနေမှုများ၊ အကျဉ်းထောင်ဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်နေမှုများ၊ အချုပ်ခန်းနှင့် အကျဉ်းထောင်များအတွင်း လူ့ဂုဏ်သိက္ခာ ထိခိုက်နေမှုများ၊ အနိုင်ကျင့် စော်ကားခံနေရမှုများနှင့် အကျဉ်းသား၊ အချုပ်သားများ၏ ရပိုင်ခွင့်ဆုံးရှုံးနေမှုများနှင့် ပတ်သက်၍ အကြံပြုချက်များ ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် ကွင်းဆင်းစစ်ဆေးမှုများနှင့် ပတ်သက်၍ ဒုက္ခသည်စခန်းများ၊ စစ်ဘေးရှောင်စခန်းများမှ လူ့အခွင့်အရေးဆိုင်ရာ အားနည်းချက်များကို အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

> **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ရာထူးနေရာများတွင် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘို ငယ်တို့အား လည်းကောင်း၊ ဒါရိုက်တာ အဖွဲ့ဝင်ရာထူးနေရာများတွင် ဦးကျော်မင်းထွန်း၊ ဦးမြင့်သိန်းထွန်း၊ ဦးစိုးပိုင်၊ ဒေါ်ရီရီဝင်းနှင့် ဒေါ်ခင်မေလှ တို့အား လည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေးကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်**

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးဝင်းကြိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်းတို့က ဆွေးနွေးကြသည်။



ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး



ဦးခင်ချို
လှိုင်းဘွဲ့မဲဆန္ဒနယ်

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌရာထူးနေရာများတွင် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့အား လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်ရာထူးနေရာများတွင် ဦးကျော်မင်းထွန်း၊ ဦးမြင့်သိန်းထွန်း၊ ဦးစိုးပိုင်၊ ဒေါ်ရီရီဝင်းနှင့် ဒေါ်ခင်မေလှတို့အားလည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေးကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်စည်အချို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို အဖွဲ့ဝင် ဦးနေမျိုးထွန်းက လည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို အဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင်က လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်၏ သဘောတူညီချက်အတိုင်း သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**



## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Jaroslav Dolecek အား ယနေ့ မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေး၊ ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆိုလာစနစ်ဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်နေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်အေးသည် Quasar Resources LLC အဖွဲ့အား ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်လျက်ရှိသည့် ရွှေဘို Project ဆောင်ရွက်နေမှုအခြေအနေများနှင့် အခြား Project များ ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့ မိုးသည်းနိုင်

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ ( **မိုး/ဇလ** )

## စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းအား ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၆**

စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်း၏ (၅) ကြိမ်မြောက် နှစ်ပတ်လည်ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က စင်ကာပူနိုင်ငံ တောင်ပိုင်း Lengkok Bahru လမ်းရှိ Red Cross Home for the Disabed အဆောက်အအုံ၌ ကျင်းပခဲ့ပြီး စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်း နာယက Dr.Tony Tan Keng Yam တက်ရောက်၍ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို Friend of Singapore Red Cross Award အား ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက ဆုလက်ခံရယူခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လူမှုကရုဏာ လုပ်ငန်းဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် ကျေးရွာလူထုအထိ ပျံ့နှံ့ရောက်ရှိအောင် ဂရုတစိုက်ဆောင်ရွက်ခြင်း၊ စွမ်းစွမ်းတမံ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများသည် စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်း၏ အဓိကရည်မှန်းချက်များနှင့် လိုက်ဖက်ညီသည့်အတွက် ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို Friend of Singapore Red Cross Award အား ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအား ပေးအပ်ချီးမြှင့်သည့် Friend of Singapore Red Cross Award အပြင် SRC Medal of Valour Award, SRC Humanitarian Award/Youth Award, SRC Distinguished Service Award, SRC Outstanding Service Award စသည့် ဂုဏ်ပြုဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အာဆီယံသွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများညီလာခံ ထိုင်းနိုင်ငံ၌ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၆**

ပထမအကြိမ် အာဆီယံသွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ညီလာခံသို့ တက်ရောက်ရန် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်မှ ကျောင်းသား သုံးဦးသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါညီလာခံကို ထိုင်းနိုင်ငံ Chiang Mai University ၌ ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်မှ နောက်ဆုံးနှစ် ဘီဒီအက်စ် ကျောင်းသားသုံးဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ကျေးလက်ဒေသ မွေးမြူရေးအထောက်အကူပြုသင်တန်းဖွင့်

**ရေတာရှည် ဇူလိုင် ၂၆**

ကျေးလက်နေ ပြည်သူများအတွက် အရင်းအနှီးအနည်းဆုံးနှင့် မိသားစုဝင်ငွေ ရရှိ၍ ဖွံ့ဖြိုးတိုးတက်စေပြီး ခေတ်မီ မွေးမြူရေးစနစ်များအား ဖြန့်ဝေပေးနိုင်ရန် ဝက်မွေးမြူထုတ်လုပ်မှုသင်တန်း (၁/၂၀၁၇) အား ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်တို့က အမှာစကားပြောကြားကြပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှ ဒုတိယဦးစီးမှူး ၁၀ ဦး တက်ရောက်ခဲ့သည်။

သင်တန်းတွင် ဝက်မျိုးများ၊ မြေနေရာရှာဖွေခြင်း၊ ခြံအဆောက်အအုံ တည်ဆောက်ခြင်း၊ ဝက်ငယ်ပြုစု စောင့်ရှောက်ခြင်း၊ ဝက်မတမ်းနှင့် ဗီးဝက်မပြုစုခြင်း၊ ဝက်သိုးထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ဝက်မေထုန်မဲ့ သားစပ်ခြင်း၊ မေထုန်မဲ့ သားစပ်လုပ်ငန်း သုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်း၊ ဝက်များထိန်းချုပ်ခြင်း၊ အာဟာရဗေဒ (အစားအစာ ကျွေးမွေးခြင်း)နှင့် ဝက်ရောဂါများအကြောင်းတို့ကို ဩဂုတ် ၈ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရန်ကုန်မြို့ အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်း စနစ်တကျပြုပြင်ပြောင်းလဲသွားမည်ဟုဆို

**ရန်ကုန်  ဇူလိုင်  ၂၆**

ရန်ကုန်မြို့တွင် အငှားယာဉ်အရေအတွက်များပြားလာသည့်အလျောက် အငှားယာဉ်များ စနစ်တကျပြေးဆွဲရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် စနစ်တကျပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

"ရန်ကုန်မြို့ရဲ့ အငှားယာဉ်အရေအတွက်ဟာ များပြားလျက်ရှိပါတယ်။ ဒီလိုများပြားလာတဲ့အတွက် အငှားယာဉ်မောင်းစနစ်ကို စနစ်တကျပြုပြင်ပြောင်းလဲသွားရမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တက္ကစီထူထောင်ထားသူတွေအနေနဲ့ လုံခြုံစိတ်ချရတဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ဝန်ဆောင်မှုတစ်ခုခုနဲ့ ချိတ်ဆက်ထားရမှာဖြစ်ပါတယ်။ ဒါမှလည်း နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေရရှိလာမှာ ဖြစ်ပါတယ်။ တက္ကစီယာဉ်မောင်းတွေရဲ့ဘဝကိုမြှင့်တင်ပေးရင်း ပြည်သူတွေအတွက် ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ တိုးတက်လာရမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့နံနက်ပိုင်းတွင် နိုဗိုတယ်ဟိုတယ်၌ ကျင်းပသော စင်ကာပူနိုင်ငံ အခြေစိုက် အငှားယာဉ်ဝန်ဆောင်မှုတစ်ခုဖြစ်သည့် Grab ၏ Driver Care အစီအစဉ်စတင် မိတ်ဆက်ခြင်းအခမ်းအနားတွင် ပြောသည်။

အဆိုပါအစီအစဉ်သည် အငှားယာဉ်ထူထောင်ထားသူများအနေဖြင့် Grabတွင် အသင်းဝင်ထားရကြောင်း၊ ကားငှားရမ်းလိုသူပြည်သူများအနေဖြင့် ၎င်း၏ မိုဘိုင်းဖုန်းအပလီကေးရှင်းကိုအသုံးပြုကာ ၂၄ နာရီပတ်လုံး ကားငှားရမ်းနိုင်မည်ဖြစ်ကြောင်း၊ သက်သာသော ဝန်ဆောင်ခ၊ ဘေးကင်းလုံခြုံမှုစသောအခွင့်အရေးများရရှိမည်ဖြစ်ကြောင်း၊ စမ်းသပ်ကာလလေးလတာကာလအတွင်း Grab နှင့် ပူးပေါင်းဆောင်ရွက်သည့် အငှားယာဉ် ၅၀၀၀ကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် အသင်းဝင်ထားသူ ယာဉ်မောင်းများအနေဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့အတွက် အာမခံငွေပေးရန်မလိုဘဲ အာမခံအခွင့်အရေးကဲ့သို့ ဆေးဝါးကုန်ကျစရိတ်များ ပြန်လည်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။



ယခုအခါ ကညန၏ စာရင်းများအရ ရန်ကုန်မြို့တွင် အငှားယာဉ်စီးရေခြောက်သောင်းကျော်ရှိနေပြီး အဆင်ပြေသလို ခရီးသည်များ အလုအယက် ရှာဖွေပြေးဆွဲခြင်းကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားခြင်း၊ ယာဉ်ကြောကျပ်တည်းခြင်း စသောပြဿနာများနှင့် ရင်ဆိုင်နေကြရသည်။

ယခုအခါ Grab သည် စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့်မြန်မာနိုင်ငံတို့တွင် အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ **သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရပ်ရွာနေပြည်သူအခြေပြု Community Based Policing စီမံချက်အား အရှိန်မြှင့်နိုင်ရေးစည်းဝေး

**ရန်ကုန်  ဇူလိုင်  ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ရပ်ရွာနေပြည်သူအခြေပြု Community Based Policing စီမံချက်အား အရှိန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက ဦးဆောင်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**



အစည်းအဝေးတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ဆောင်ရွက်လျက်ရှိသည့် ရပ်ရွာနေပြည်သူအခြေပြု Comminity Based Policing စီမံချက်နှင့်စပ်လျဉ်း၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာကြသည့် ခရိုင်အုပ်ချုပ်ရေးမှူးများက ဆောင်ရွက်လျက်ရှိသည့် စီမံချက်နှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ကာ အကြံပြုဆွေးနွေးခြင်းနှင့် ရပ်မိရပ်ဖများက စီမံချက်တိုးမြှင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သည်။

ဆောင်ရွက်လျက်ရှိသည့် ရပ်ရွာနေပြည်သူအခြေပြု Community Based Policing စီမံချက်ကို ပိုမိုထိရောက်အောင်မြင်နိုင်ရေးအတွက် ဩဂုတ် ၁ ရက်မှစတင်၍ အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေနံတွင်းတူးဖော်ရာတွင်အသုံးပြုသော ပစ္စည်းဟုယူဆရသည့် စတီးလုံးတစ်ခု ငါးဖမ်းလှေမှ ရေလုပ်သားများ ဆယ်ယူရရှိ

**မြိတ်  ဇူလိုင်  ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ မြိတ်တောင်နယ်မြေ ထားဝယ်ကမ်း(၂)ရပ်ကွက် ငုဝါလမ်းနေ ဦးချစ်ထွေးပိုင် ဩဘာငါးဖမ်းပိုက်လှေငယ်မှ ရေလုပ်သားများသည် ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီခန့်က ကျွန်းစုရေပိုင်နက် မိနက်နှင့် အရှေ့ဆူလာကျွန်းအနီးတွင် ငါးဖမ်းနေစဉ် အမျိုးအမည်မသိ စတီးလုံးတစ်ခု ရေပြင်ပေါ်မျောနေသဖြင့် ဆယ်ယူခဲ့ပြီး ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့သို့ယူဆောင်လာပြီး တာဝန်ရှိသူများထံ အသိပေးအကြောင်းကြားခဲ့သည်။

အဆိုပါ ဆယ်ယူရရှိသည့် စတီးလုံးမှာ လုံးပတ်ခြောက်ပေခုနစ်လက်မ၊ အချင်းနှစ်ပေ၊ အလေးချိန် ကီလို ၇၀ ခန့်၊ ဘေးတစ်ဖက်စီတွင် မူလီခြောက်လုံးစီပါရှိသည်။ ထိုစတီးလုံးကို နယ်မြေခံစစ်အင်ဂျင်နီယာတပ်မှ တပ်ရင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြိတ်မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများက စစ်ဆေးကြည့်ရှုပြီး ပေါက်ကွဲနိုင်သည့် ပစ္စည်းမဟုတ်ကြောင်းကို အတည်ပြုပြောကြားခဲ့သည်။ အဆိုပါစတီးလုံးမှာ ရေနံတွင်းတူးဖော်သည့် လုပ်ငန်းခွင်တွင် အသုံးပြုသည့်ပစ္စည်းဖြစ်နိုင်သည်ဟု ယူဆရကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဘူးသီးတောင်တွင် မိုးစပါးစိုက်ဧကလျာထားချက်ပြည့်မီအောင်ဆောင်ရွက်မည်

**ဘူးသီးတောင်  ဇူလိုင်  ၂၆**

ဘူးသီးတောင်မြို့နယ်အတွင်း ယခုနှစ်မိုးရာသီ၌ မိုးစပါးဧက ၇၉၂၁၂ ဧက စိုက်ပျိုးရန်လျာထား ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညီက ပြောကြားသည်။

"ကျွန်တော်တို့ ဘူးသီးတောင်မြို့နယ်မှာ ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ဧက ၇၉၂၁၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားဆောင်ရွက်လျက် ရှိပါတယ်။ အခုအချိန်ထိ မိုးစပါး ၃၁၁၂၃ ဧကကို စိုက်ပျိုးထားရှိပြီးဖြစ်ပါတယ်၊ ဒီလိုစပါးတွေစိုက်ပျိုးနိုင်အောင်လည်း ကျွန်တော်တို့က လယ်သမားတွေကို မျိုးစေ့တွေ ထုတ်ပေးတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ( SEDP) အရ ဆင်းသွယ်လတ်မျိုးစပါးကို မျိုးသန့်စံပြကျေးရွာသုံးရွာမှာ မျိုးစေ့စိုက်ခင်း ဧက ၂၀ ဆောင်ရွက်မှာဖြစ်ပါတယ်။ စံပြကျေးရွာတွေကတော့ စေတီတောင်ကျေးရွာမှာ ၁၀ ဧက၊ သပြေတောကျေးရွာမှာ ငါးဧကနဲ့ လက်ဝဲဒက်ကျေးရွာမှာ ငါးဧက စုစုပေါင်း ဧက၂၀ ကို ဆောင်ရွက်ထားရှိပါတယ်။ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ဧက ၅၀၀ ကိုလည်း လက်ဝဲဒက်ပြင်ရှည် ကျေးရွာအုပ်စုမှာ ဆောင်ရွက်နေပါတယ်။ မျိုးစေ့ထုတ်လုပ်သူများအသင်းကလည်း ကျောက်ဖြူတောင်ကျေးရွာမှာ တောင်သူငါးဦးနဲ့ ဆင်းသွယ်လတ်မျိုးစေ့ထုတ် စိုက်ခင်း ၁၀ ဧကကို ဆောင်ရွက်နေပါတယ်။ တခြားစံပြစမ်းသပ်ကွက်များကိုလည်း ဌာနအနေနဲ့ အကျိုးဆောင်တောင်သူတွေနဲ့ ပူးပေါင်းပြီး တောင်သူပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညီက ပြောကြားသည်။

BMB စိုက်နည်းစနစ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ရေိယာတိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးစေ့ထုတ်စိုက်လယ်သမားများအတွက် RS အဆင့်ရှိသည့် မျိုးကောင်းမျိုးသန့်စပါးများကိုလည်း ဌာနမှ ဖြန့်ဖြူးလျက် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်နှစ်က တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ ၆၉ တင်း ထွက်ရှိသော်လည်း ယခုနှစ်တွင် ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်အတွင်းရှိ လင်းနို့ဂူသွားရာ လမ်းနှင့်တံတားများ ဆောင်ရွက်ပြီးစီး

**ကန့်ဘလူ  ဇူလိုင်  ၂၆**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါပိုလျှံရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်းမှ လင်းနို့ဂူသွားရာမြေသားလမ်း ငါးမိုင် နှစ်ဖာလုံနှင့် အဆိုပါလမ်းပိုင်းပေါ်တွင် တည်ဆောက်ခဲ့သည့် အလျား ပေ ၈၀၊ အနံ ပေ ၄၀၊ အမြင့် ပေ ၂၀ရှိ သစ်သားတံတား သုံးစင်း၊ ၁၀ ပေကွန်ကရစ်တံတား လေးစင်း၊ Box Culvert လေးစင်းတို့ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျောင်းသားလူငယ်များ သဘာဝပတ်ဝန်းကျင်သစ်တောများကို ချစ်ခင်မြတ်နိုးတတ်စေရန်နှင့် ခြေလျင်တောင်တက်လေ့လာခြင်းတို့ကို ဆောင်ရွက်နိုင်ရန်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများဖော်ဆောင်နိုင်ရန် အဆိုပါလမ်းတံတားများကို ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာအဖွဲ့တို့မှ ဇူလိုင် ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပြီဖြစ်၍ ရွှေဘို-မြစ်ကြီးနားကားလမ်းမှ လင်းနို့ဂူသို့ လုံခြုံချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော ဝန်ထမ်းများအားဂုဏ်ပြု

**ရွှေတောင်  ဇူလိုင်  ၂၆**

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အခွန်ဝန်ထမ်းများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၄ ရက်က ရွှေတောင်မြို့နယ် သရက်တောရပ်ကွက် ကြည်ပြာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးက ဝင်ငွေခွန်အများဆုံး ထမ်းဆောင်နိုင်ခဲ့သော အခွန်ဝန်ထမ်း ၁၃ ဦး၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်က ဝင်ငွေခွန် အများဆုံးထမ်းဆောင်နိုင်ခဲ့သော အခွန်ဝန်ထမ်း ၁၂ ဦးနှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက အခွန်ဝန်ထမ်း ၁၃ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။ **မဆင့် (မြို့နယ်ပြန်/ဆက်)**

# သားသတ်လိုင်စင်ချထားခြင်းကို ကျေနပ်မှုမရှိသဖြင့် ထီးလင်းတွင် ဆန္ဒဖော်ထုတ်

**ထီးလင်း  ဇူလိုင်  ၂၆**

သားသတ်လိုင်စင်ချထားခြင်းအပေါ် ကျေနပ်မှုမရှိသဖြင့် ဆန္ဒဖော်ထုတ်ပွဲကို ဂန့်ဂေါခရိုင် ထီးလင်းမြို့တွင် ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက လေယာဉ်ကွင်းစုရပ်မှ ဘုရားလမ်း၊ မြို့လယ်လမ်း ထီးလင်း-ကျောက်ထုလမ်းဆုံ မြို့ပတ်လမ်းမှတစ်ဆင့် မြို့နယ်စည်ပင်သာရုံးရှေ့ထိ စီတန်းလျက် ဆန္ဒဖော်ထုတ်ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် ကဇွန်းထောင့်၊ ထန်းပင်ကုန်း၊ ဝက်သက်၊ တောရောင်း၊ ညောင်ကန်၊ ကင်းပန်း၊ ဟင်းခွတ်ကုန်း၊ ထလင်းကျေးရွာများမှ ပြည်သူ ၅၀၀ ခန့်က ထီးလင်းစည်ပင်ဥပဒေကို လိုက်နာရေး၊ ပြည်သူလူထုရဲ့ ဆန္ဒများအောင်ရမည် စသည့်စာတန်းများကိုင်ဆောင်လျက် စီတန်းလှည့်လည်ကြပြီး ဆန္ဒဖော်ထုတ်ပွဲကို နံနက် ၁၁ နာရီခွဲတွင် ပြီးဆုံးကြောင်း သိရသည်။

**(၁၀၁)**

■ *ရွှေဖုံးမှ*

အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (ရန်ကုန်) တွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့် လူနာနှစ်ဦးအား ကုသမှုပေးခဲ့ရာ ၎င်းတို့အနက် တစ်ဦးသည် Seasonal Influenza A (H1N1) pdm 2009 -Positive တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၁၄ ရက်မှစတင်၍ ခုတင် ၅၅၀ ဆံ့ ကလေးရောဂါအထူးကုဆေးရုံကြီး (ရန်ကင်း)တွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) လူနာနှစ်ဦးအား ကုသမှုပေးခဲ့ရာ တစ်ဦးသည် Seasonal Influenza A (H1N1) pdm 2009 – Positive တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၁၈ ရက်မှ စတင်၍ အထွေထွေရောဂါကုဆေးရုံကြီး (မြောက်ဥက္ကလာ)တွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့် လူနာတစ်ဦးအား ကုသမှုပေးခဲ့ကြောင်းနှင့် ယနေ့အထိ ရန်ကုန်မြို့ပေါ်ရှိ အထက်ပါ ဆေးရုံကြီးများတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့် စုစုပေါင်းလူနာ ၂၁ ဦးအား ကုသမှုပေးခဲ့ရာ Seasonal Influenza A (H1N1) pdm 2009 - Positive စုစုပေါင်းလူနာ ၁၀ ဦးရှိခဲ့ပြီး ၎င်းတို့အနက် သုံးဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ယနေ့ ညနေပိုင်းအထိ တစ်နိုင်ငံလုံးတွင်ရရှိသော အချက်အလက်များအရ Influenza A (H1N1) pdm 2009 - Positive စုစုပေါင်းလူနာ ၂၀ ရှိခဲ့ပြီး ၎င်းတို့အနက် သုံးဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ပြည်သူလူထုအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် Myanmar CDC facebook စာမျက်နှာများတွင် ထုတ်ပြန်ထားရှိသော ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားကြရန်၊ တုပ်ကွေးဆန်သောရောဂါ လက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ကုသမှုခံယူရန်လိုအပ်ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✻ **ကျောဖုံးမှ**

အဆိုပါ ဆိပ်ကမ်း၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ တာဝန်ရှိသူများ၊ ကျောက်ဖြူမြို့ရှိ ဌာနဆိုင်ရာများနှင့် သင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူများက ယနေ့နံနက် ၁၀နာရီတွင် အဆိုပါ ရေယာဉ်ပေါ်သို့ တက်ရောက်၍ ရေယာဉ်အား ဆိပ်ကမ်းအဝင် စစ်ဆေးခြင်းနှင့် သင်္ဘောကြီးပေါ်မှ ရေချခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုရောက်ရှိလာသည့် ကစ္ဆပနဒီ(၂) ရေယာဉ်အား စနစ်တကျမောင်းနှင်နိုင်ရန် ဂျပန်ပညာရှင်များက ရေယာဉ်ဝန်ထမ်းများအား ကျောက်ဖြူမြို့တွင် ရက်တိုသင်တန်းပို့ချပေးသွားမည်ဖြစ်ပြီး ရေယာဉ်ကို လက်တွေ့မောင်းနှင်ခြင်းသင်တန်းပြီးဆုံးပါက ကျောက်ဖြူမြို့မှ စစ်တွေမြို့သို့ပို့ဆောင်ကာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ ခရီးစဉ်ပြေးဆွဲနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန့်မွန်းတောင်ပတ်လမ်း စွန့်ပစ်မြေစာပုံလျှောကျသဖြင့် ချောင်းရေစီးထဲမျောပါမှု နန့်မွန်းကျေးရွာ ဒေသခံများစိုးရိမ်

မိုးညှင်း ဇူလိုင် ၂၆

**ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် နန့်မွန်းတောင်ပတ်လမ်း စွန့်ပစ်မြေစာပုံလျှောကျသဖြင့် ချောင်းရေစီးထဲမျောပါရာမှ နန့်မွန်းကျေးရွာ တိုက်ပွဲရှောင်မိသားစုဝင်များနှင့် ချောင်းကမ်းနံဘေးနေထိုင်သူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။**

"အခုလို မိုးဆက်တိုက်ရွာနေမယ်ဆိုရင် နန့်မွန်းရွာ ရေကန်ခချောင်းနဲ့ အင်ခြင်းတောင်ချောင်းမှ ရေစီးနဲ့အတူ နန့်မွန်းတောင်ပတ်လမ်း ဖောက်လုပ်ထားတဲ့ စွန့်ပစ်မြေစာတွေ မျောပါလာလို့ အခုဆိုရင် တိုက်ပွဲရှောင်မိသားစုတွေ နေထိုင်တဲ့ အိမ်တွေ ရေနစ်ခဲ့ပြီး အိမ်သာငါးလုံး၊ ရေချိုးကန်နှစ်ခု၊ လူနေအိမ်နှစ်လုံးနဲ့ အိမ်မွေး တိရစ္ဆာန်တွေလည်း တောင်ကျချောင်းရေနဲ့အတူ မျောပါခဲ့ပါတယ်။ ရွာထိပ်က တံတားအမှတ် (၂/၁၅) ပေ (၃၀×၆၀) အာစီကွန်ကရစ်တံတား ရေဝင်ပေါက်ဟာ တစ်ပေခွဲသာ ကျန်တော့တယ်" ဟု နန့်မွန်းကျေးရွာ ကချင်စုရပ်ကွက်နေသူ ဦးထန်ခေါ်က ပြောကြားသည်။

နန့်မွန်းကျေးရွာ ကချင်စုရပ်ကွက် ရေကန်ခချောင်းဘေးတွင် တိုက်ပွဲရှောင်မိသားစုဝင် ၁၈ ဦးတို့သည် ၂၀၁၁ ခုနှစ်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဖားကန့်ဒေသ ဝေ့ခါနှင့် ညောင်ပင်ကျေးရွာကြားရှိ ခါလယန်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာများမှ စတင်ပြောင်းရွှေ့ခဲ့သည်မှာ ခြောက်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ နန့်မွန်းတောင်ပတ်လမ်းအား အကျယ် ပေ ၆၀ တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းကို မြတ်သဒ္ဒါဖြူကုမ္ပဏီမှ လုပ်ကိုင်ခဲ့ရာ လမ်းဖောက်ရာမှ စွန့်ပစ်မြေစာများသည် မိုးရွာသွန်းသဖြင့် အဆိုပါ ရေကန်ခချောင်းအတွင်း မျောပါပြီး ကျေးရွာလူနေအိမ်များကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ ကချင်စုရပ်ကွက်နှင့် မြင်သာရပ်ကွက်သို့ ဆက်သွယ်ထားသော လမ်းမိုင်တိုင်အမှတ် (၁၄/၁) တံတားအမှတ် (၂/၁၅) ပေ (၃၀×၆၀)ရှိ မြင်သာအာစီကွန်ကရစ်တံတား ရေဝင်ပေါက်မှာ အမြင့်တစ်ပေခွဲခန့်သာရှိသဖြင့် မိုးသည်းထန်စွာ ရွာသွန်းပါက အဆိုပါ တံတားမှာ ပျက်စီးနိုင်သကဲ့သို့ နန့်မွန်းကျေးရွာအတွင်း ရေကြီးရေလျှံမှု အန္တရာယ်ဖြစ်ပေါ်စေနိုင်ကြောင်း သိရှိရသဖြင့် ရေစီးရေလာကောင်းမွန်ရန် အဆိုပါ ချောင်းကို အချိန်မီ ဆယ်ယူပြုပြင်ရန် လိုအပ်ကြောင်း ဦးထန်ခေါ်က ဆက်လက်ပြောကြားသည်။



"အခုလိုဖြစ်တာဟာ ကျွန်မတို့ ချောင်းဘေးတစ်လျှောက်နေထိုင်သူတွေနဲ့ နန့်မွန်းကျေးရွာပါ ရေဘေးအန္တရာယ် ကြုံတွေ့စေနိုင်ပါတယ်။ မြတ်သဒ္ဒါဖြူကုမ္ပဏီကို အကူအညီတောင်းတော့လည်း အကူအညီတော့ ပေးခဲ့ပါတယ်။ နောက်ထပ် မိုးများများ ရွာသွန်းမယ်ဆိုရင် ဘာဖြစ်မလဲဆိုတာ မပြောနိုင်အောင် ဖြစ်မိပါတယ်" ဟု နန့်မွန်းကျေးရွာ မြင်သာရပ်ကွက်နေထိုင်သူ ဒေါ်ဂျုံးနန်က ပြောသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက နန့်မွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ရပ်မိရပ်ဖများက မြတ်သဒ္ဒါဖြူကုမ္ပဏီမှ ဘက်ဟိုးယာဉ်ဖြင့် ရေစိမ့်ဝင်ပေါက်ကို ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။

(၀၆၇)

# အမှတ်(၁)ရပ်ကွက် ခရင်ချောင်းတာကျိုးပေါက်မှုအား ပြန်လည်ပြုပြင်ဆောင်ရွက်

**ရွှေသောင်ယံ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ခရင်ချောင်း တာပေါင်ကျိုးပေါက်မှုအား ရွှေသောင်ယံမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးနှင့် ဌာနဆိုင်ရာများ၊ အမှတ်(၁)နှင့် (၂)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာကော်မတီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများမှ သွားရောက်ကြည့်ရှုကာ ကျိုးပေါက်သည့်နေရာအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှတ်(၁)ရပ်ကွက် ခရင်ချောင်းတာသည် ၁၉၇၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ပြီးစီးခဲ့သည်ဟု ရပ်မိရပ်ဖများက ပြောသည်။ ထို့နောက် ၂၀၁၆ ခုနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကြီးကြပ်၍ အသစ်ပြန်လည်တည်ဆောက်ပေးခဲ့ပြီး ယခုနှစ် ဇူလိုင် ၂၀ ရက်ခန့်မှ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယခုလို တာပေါင်ကျိုးကျခြင်း ဖြစ်ကြောင်း၊ တာကျိုးသည့်နေရာတွင် ရေအနက် ရှစ်ပေနှင့် အကျယ် ၁၅ ပေခန့် ရှိကြောင်း၊ ဇူလိုင် ၂၆ ရက် အပြီးပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုမောင် (ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ်အတွင်း ငဝန်မြစ်ရေတိုက်စားမှုကြောင့် လူနေအိမ်တစ်လုံး ပြိုကျပျက်စီး

**ပုသိမ် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က ငဝန်မြစ်ရေတိုက်စားမှုကြောင့် ခြောက်ဆယ်ကျေးရွာအုပ်စု မြစ်ကမ်းပါးအနီးတွင် အလျားပေ ၁၀၀၊ အနံ ပေ ၆၀ ရှိ မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားရာ လူနေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးသွားခဲ့သည်။

ကမ်းပါးပြိုရာတွင် ပါရှိသွားသည့် အိမ်မှာ မြစ်ကမ်းပါးနှင့် ပေ ၄၀ အကွာတွင်ရှိသော ဦးမြင့်ဆွေ၏ နေအိမ် သွပ်မိုး၊ ပျဉ်ထောင်ပျဉ်ခင်း နေအိမ်တစ်လုံးနှင့် ၁၅ ပေ ပတ်လည်ရှိ မတ်ပဲ တင်း ၁၂၀ ထားရှိရာ အဆောက်အအုံတစ်လုံး ပျက်စီးမျောပါသွားသဖြင့် ဒေသခံ ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ စိုးရိမ်ရနေအိမ်များ ပြောင်းရွှေ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **ပုသိမ်-လှကြည်**



# ဇင်းကျိုက်မြို့၌ မိုးသည်းထန်မှုကြောင့် ရပ်ကွက်အချို့နှင့် အဝေးပြေးကားလမ်း ရေကျော်

**ပေါင် ဇူလိုင် ၂၆**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်းလာမှုကြောင့် ဖလပ်ရပ်ကွက်နှင့် ခလောက်အင်းရပ်ကွက်အကြား ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းနှင့် အနိမ့်ပိုင်းရပ်ကွက်တချို့တွင် ဇူလိုင် ၂၆ ရက် ညနေပိုင်းက ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့သည်။

ဖြစ်ပွားရာနေရာကို ဇင်းကျိုက်ရဲကင်းစခန်းမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့စစ်များနှင့် တာဝန်ရှိသူများက ယာဉ်သွားလာမှုလွယ်ကူစေရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုဟိန်း (ပေါင်)**

# ကြီးမားသော ဗုံးသီးတစ်လုံးတွေ့ရှိ




**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ပြည်ဝင်ဘူတာနှင့် အေလာဘူတာအကြား မိုင်တိုင်အမှတ် (၂၁၇/၃-၅)အတွင်း သံလမ်းအရှေ့ဘက် ပေ ၇၀ ခန့်အကွာ ပလွေးချောင်းစပ်၌ ဇူလိုင် ၂၅ ရက်က ဗုံးဟုယူဆရသော အရာဝတ္ထု တစ်ခု တွေ့ရှိခဲ့သည်။

အေလာဘူတာ မီးရထားလိုင်းနေသူ ရေကင်းစောင့်တာဝန်ကျ ဒေါ်နီက ပလွေးချောင်းစပ်တွင် ဗုံးဟုယူဆရသော အရာဝတ္ထုတစ်ခု တွေ့ရှိကြောင်း အေလာဘူတာ ရဲကင်းမှူး တာဝန်ကျ ရဲတပ်ကြပ် ချစ်မင်းဦးအား အကြောင်းကြားခဲ့သည်။ တွေ့ရှိရာနေရာသို့ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ နယ်မြေခံတပ်ရင်းသို့ အကြောင်းကြားခဲ့သည်။

အဆိုပါ ပစ္စည်းတွေ့ရှိရာနေရာသို့ နယ်မြေခံတပ်မှ တာဝန်ရှိသူများက စစ်ဆေးရှင်းလင်းရာ အရှည်ငါးပေ တစ်လက်မ၊ ဒလက် လေးလက်ပါ ပျက်စီး ပြုတ်ထွက်၊ လုံးပတ် သုံးပေ ကိုးလက်မ၊ အချင်းတစ်ပေ နှစ်လက်မ၊ အလေးချိန် ပေါင် ၅၀၀ ရှိ ဗုံးသီးအား တူးဖော်ပြီး အမှတ်(၂)တပ်မတော်တန်းမြှင့်လေ့ကျင့်ရေးကျောင်းသို့ သယ်ဆောင်သွားကြောင်း သိရသည်။ **မျိုးဇေယျာ (ပျဉ်းမနား)**

# ဒါးကမြစ်ရေကြီးမှုကြောင့် စာသင်ကျောင်းရှစ်ကျောင်း ပိတ်ထားရ

**ကျောင်းကုန်း ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေကြီး၍ စာသင်ကျောင်းများအတွင်းသို့ ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၂၆ ရက်က မူလတန်းကျောင်း လေးကျောင်းနှင့် အထက်တန်းကျောင်း တစ်ကျောင်း ထပ်မံပိတ်လိုက်ရပြီဖြစ်သည်။

ယခင် အ.မ.က အုန်းပင်စု(လှည်းဆိပ်ပိုင်)၊ အ.မ.က ဒေါင့်ကွေးနှင့် အ.ထ.က ဂုန်မင်း ကျောင်းသုံးကျောင်း ပိတ်ထားရပြီး ယနေ့ အ.မ.က အုန်းပင်စု(ဂုန်မင်းပိုင်)၊ အ.မ.က အပင်နှစ်ဆယ်၊ အ.မ.က သဲဘွက်၊ အ.မ.က ဂန့်ဂေါ်နှင့် အ.ထ.က လှည်းဆိပ်ကျောင်းတို့ ထပ်မံပိတ်လိုက်ရသဖြင့် စုစုပေါင်း ရှစ်ကျောင်း ပိတ်ထားရပြီဖြစ်သည်။

အဆိုပါ မူလတန်းကျောင်း ခြောက်ကျောင်းနှင့် အထက်တန်းကျောင်း နှစ်ကျောင်းတို့သည် ရေပြန်လည်ကျဆင်းသွားလျှင် အဖိတ်နေ့တိုင်း အစားထိုးသင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ဝင်းကြိုင် (ပြန်/ဆက်)**

# အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။)**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ကုန်စည်များကို"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် အထူးကုန်စည်ခွန်ကျသင့်စေမည့် အထူးကုန်စည်များကို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဃ)တွင်ပါရှိသော "ကုန်စည်များထုတ်လုပ်သည့်လုပ်ငန်း အဆင့်ဆင့်တို့ပါဝင်သည့်အပြင်"ဆိုသည့်စကားရပ်ကို "ကုန်စည်များ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်း၊စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့် ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်းလုပ်ငန်းများပါဝင်သည့်အပြင် " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၃)တွင်ပါရှိသော "လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း" ဆိုသည့် စကားရပ်ကို "လက်ဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ(ဆ)တွင်ပါရှိသော "ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ"ဆိုသည့် စကားရပ်ကို "ဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ၊ ကုန်စည်လဲလှယ်ခြင်းစနစ်ဖြင့်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (ဇ)တွင်ပါရှိသော "ထုတ်လုပ်သူက လွှဲအပ်သည့် အထူးကုန်စည် " ဆိုသည့် စကားရပ်ကို "တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူက လွှဲအပ်သည့် အထူးကုန်စည်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မခွဲ (စ) တွင်ပါရှိသော "ပြည်ပမှတင်သွင်းသူ"ဆိုသည့် စကားရပ်ကို "ပြည်တွင်းသို့တင်သွင်းသူ"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မခွဲ (ည)တွင်ပါရှိသော "ပြည်ပမှတင်သွင်းသော"ဆိုသည့် စကားရပ်ကို "ပြည်တွင်းသို့ တင်သွင်းသော"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဆ) ပုဒ်မခွဲ(ဋ)တွင်ပါရှိသော "အခွန်မပါသော"ဆိုသည့် စကားရပ်ကို "အခွန် အပါအဝင်ဖြစ်သော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မခွဲ (ပ)တွင်ပါရှိသော "အခွန်ထမ်းက မိမိ၏ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များထုတ်လုပ်ရောင်းချခြင်းအတွက်" ဆိုသည့်စကားရပ်ကို "အထူးကုန်စည်ထုတ်လုပ်သူ၊ ထုတ်လုပ်ရောင်းချသူ၊ တင်ပို့သူက ပေးဆောင်ရမည့် အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍" ဆိုသည့် စကားရပ် ဖြင့်အစားထိုးရမည်။

(ဈ) ပုဒ်မခွဲ (ထ) တွင်ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မခွဲ (န) ၏ နောက်တွင် ပုဒ်မခွဲ (ပ)၊ (ဖ)၊ (ဗ)၊ (ဘ) နှင့် (မ) တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ပ) **တင်ပို့သူ**ဆိုသည်မှာ အထူးကုန်စည်များကို ပြည်ပသို့တင်ပို့သူကို ဆိုသည်။

(ဖ) **အခွန်အမှတ်တံဆိပ်**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၄ အရ ကပ်နှိပ်ထားသော သို့မဟုတ် အထူးကုန်စည်အတွက် အသုံးပြု သော စာမှတ်စာတမ်း သို့မဟုတ် အခြားသောအထောက်အထား တစ်ခုခုကို ဆိုသည်။

(ဗ) **လုပ်ငန်းဥပစာ**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ အဝန်းအဝိုင်းကို ဆိုသည်။

(ဘ) **ပုံစံများ**ဆိုသည်မှာ ဤဥပဒေပါ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ သတ်မှတ်သည့်ပုံစံများကို ဆိုသည်။

(မ) **တန်ဖိုးအဆင့်**ဆိုသည်မှာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ပြဋ္ဌာန်းသည့် အထူးကုန်စည် များ၏ ဈေးနှုန်းတန်ဖိုးအဆင့်ကို ဆိုသည်။"

၄။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က)၏ ခြေဆင်းတွင်ပါရှိသော "ဤဥပဒေ၏ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည် -" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြဋ္ဌာန်း သတ်မှတ်သည့်အတိုင်းအထူးကုန်စည်ခွန် ကျသင့်စေရမည်-" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)၏ ခြေဆင်းတွင်ပါရှိသော "ပြည်ပမှတင်သွင်းခြင်း"ဆိုသည့် စကားရပ်ကို "ပြည်တွင်းသို့တင်သွင်းခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

၆။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက လက်ဝယ်ထားရှိသူက ပေးဆောင်ရမည်။"

၇။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။(က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်-

(၁) အခွန်ကျသင့်စေမည့် အထူးကုန်စည်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

(၂) အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) (၁) အထူးကုန်စည် ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းသူသည် ယင်း ထုတ်လုပ်သော သို့မဟုတ် တင်သွင်းသော အထူးကုန်စည်များ ကို တန်ဖိုးအဆင့်သတ်မှတ်နိုင်ရန်အတွက် မြို့နယ်အခွန်ဦးစီး ဌာနမှုးထံမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(၂) လျှောက်လွှာပုံစံနှင့်တင်သွင်းရမည့်နည်းလမ်းကို ညွှန်ကြားရေးမှူး ချုပ်က သတ်မှတ်နိုင်သည်။

(၃) ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲ မှုကော်မတီတို့သည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် အထူးကုန် စည်များကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးအဆင့် သတ်မှတ် ပေးရမည်။

(၄) တန်ဖိုးအဆင့်သတ်မှတ်ပေးထားခြင်းမရှိသည့် အထူးကုန်စည် များကို ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီတို့က အခြားဆီလျော်သောတန်ဖိုးအဆင့် သတ်မှတ်ပေးခြင်းမရှိပါက အမြင့်ဆုံးတန်ဖိုးအဆင့်သို့ သတ်မှတ် နိုင်သည်။"

၈။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ (က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြုသတ်မှတ်ထား သည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည်-

(၁) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက် သည့်နေ့၊

(၂) ပြည်တွင်း၌ထုတ်လုပ်သည့်အထူးကုန်စည်များအတွက်-

(ကက) အထူးကုန်စည်ကို ရောင်းချသည့်နေ့၊

(ခခ) ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူး ကုန်စည်များဖြစ်ပါက အထူးကုန်စည်ကိုထုတ်လုပ်သည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည် များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့၊ ရှင်းလင်းချက်။ ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များဆိုရာတွင် အောက်ပါတို့ကိုဆိုသည်-

(က) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထား သည့် အထူးကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့် အညီ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသည့် အထူးကုန်စည်များ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ လက်ဝယ်ရှိ အထူး ကုန်စည်များကိုသတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ တင်သွင်းထားခြင်းမဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်တင်သွင်းသူထံမှ ဝယ်ယူထားခြင်းမဟုတ်သည့် အထူးကုန်စည်များ၊သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံ တင်၍ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်းမဟုတ်သည့် အထူး ကုန်စည်များ၊ တရားဝင်ထုတ်လုပ်သူ၊ ထုတ်ယူသူထံမှ ဝယ်ယူခြင်းအတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် အထူးကုန်စည်များ။

(၄) ပုဒ်မခွဲငယ် (၂)နှင့် ပုဒ်မခွဲငယ် (၃)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်နိုင်ခြင်းမရှိလျှင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့်နေ့။

(ခ) ကျသင့်အထူးကုန်စည်ခွန်ကို တွက်ချက်ရာတွင်ဆောင်ရွက်မှုအလိုက် အောက်ပါတန်ဖိုးများအပေါ် အခြေပြုတွက်ချက်ရမည်-

(၁) ပြည်တွင်းသို့တင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ် ရောက်တန်ဖိုး၊

(၂) ပြည်တွင်း၌ထုတ်လုပ်သည့်အထူးကုန်စည်များအတွက်-

(ကက) ထုတ်လုပ်မှုအပေါ်အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူး ကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန် များဦးစီးဌာနစီမံခန့်ခွဲမှုကော်မတီတို့က အတည်ပြု သတ်မှတ်ပေးသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊

(ခခ) ကျန်အထူးကုန်စည်ဖြစ်ပါက ထုတ်လုပ်သူက တင်ပြ သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး နှင့် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် မြို့နယ်အခွန် ဦးစီးဌာနမှူးကသတ်မှတ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ် အနက်များရာတန်ဖိုး၊

(၃) ပြည်ပသို့ တင်ပို့သည့်အထူးကုန်စည်ဖြစ်ပါက ပြည်ပသို့ သယ်ယူ ပို့ဆောင်ပေးမည့် ယာဉ်ပေါ် အရောက်တန်ဖိုး၊

(၄) ဤဥပဒေအရ ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် အခွန် မပေးဆောင်ရသေးသောအထူးကုန်စည်ဖြစ်ပါက စိစစ်တွေ့ရှိ သည့်အချိန်၌ ရောင်းချနေသည့်တန်ဖိုး သို့မဟုတ် ဈေးကွက် ပေါက်ဈေး၊

(၅) ပုဒ်မခွဲငယ် (၄) ပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင် ရွက်ရန်ခက်ခဲသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ တွက်ချက်ရရှိသည့်တန်ဖိုး။"

၉။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့်အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည်-

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်းမပြုမီ ပေးဆောင်ရမည်။

(၂) ပြည်တွင်း၌ထုတ်လုပ်ခြင်းအတွက် -

(ကက) ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(ခခ) ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(၃) ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါကအထူးကုန်စည်ကိုတင်ပို့သည့်လ၏ လကုန်ဆုံးပြီး၁၀ရက်အတွင်း ပေးဆောင်ရမည်။

(၄) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ကုန်စည်ပိုင်ရှင်ကပေးဆောင် ရမည်။"

၁၀။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၉ တွင်-

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ (၃) နှင့်(၄)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ခရီးသွားသူများအား အခွန်လွတ် အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့်အထူး ကုန်စည်များ၊

(၄) ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့်ပြည်တွင်းသို့တင်သွင်းလာ ပြီး မူလတင်သွင်းသည့် နိုင်ငံသို့ မူရင်းပမာဏအခြေအနေအတိုင်း အကောက်ခွန် သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့် အထူးကုန်စည်များ၊"

(ခ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) ကျွန်းနှင့် သစ်မာသစ်လုံးများ၊ သတ်မှတ်ချက်နှင့်အညီ အခြေခံ အဆင့်သာ ခွဲစိတ်ထားသော ကျွန်းနှင့်သစ်မာ သစ်ခွဲသားများ မှအပ နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ အသုံးပြုရန်ကိုယ်တိုင်ထုတ်လုပ်သော၊ တင်သွင်းလာသော သို့မဟုတ် ဝယ်ယူသော အထူးကုန်စည်များ။"

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်မြို့နေ ပြည်သူအချို့ ကျန်းမာရေးအသိရှိမှုဖြင့် လူစည်ကားရာနေရာများတွင် နှာခေါင်းအကာ တပ်ဆင်သွားလာလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့နေ ပြည်သူအချို့မှာ ကျန်းမာရေးအသိဖြင့် လူအများ ခရီးသွားလာသော နေရာတို့တွင် နှာခေါင်းစီးအကာများကို တပ်ဆင်သွားလာလျက်ရှိကြောင်းသိရသည်။**



"လူမှုကွန်ရက်တွေမှာ အခုတလော လူသိများတဲ့ ရောဂါကြိုတင်ကာကွယ်တဲ့အနေနဲ့ လူသွားလာမှုများတဲ့ နေရာကိုသွားရင် နှာခေါင်းအကာ တပ်တာပါ။ လေထဲပျံ့နှံ့လွယ်တဲ့ ရောဂါဆိုတော့ သတိထားရတယ်။ လူတစ်ယောက် ကျန်းမာရေးမကောင်းရင် ကျန်တဲ့အားလုံး ဆုံးရှုံးရတယ်လေ။ ဒါကြောင့် ကာကွယ်နိုင်သလောက် ကာကွယ်ရတာပါ" ဟု မတူပီမြို့မှ ရန်ကုန်မြို့တွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မရူဘီက ပြောသည်။

"ရောဂါဖြစ်ရင် မလွယ်ဘူး။ အလုပ်မပျက်အောင်နဲ့ ကျန်းမာရေးအသိရှိအောင် အလုပ်ရှင်ကလည်း အပြင်သွားရင် နှာခေါင်းအုပ်ပြီး သွားလာဖို့ တိုက်တွန်းတယ်။ လူသွားများတဲ့ နေရာတွေမှာ အားလုံးတပ်ဆင်သင့်တယ်။ အကုန်လုံးလည်း လိုက်နာသင့်တယ်။ ပြည်သူတွေ သတိမပြတ်အောင် သတင်းမီဒီယာတွေက လှုံ့ဆော်စေချင်တယ်"ဟု မင်္ဂလာဈေး အထည်ဆိုင်မှ မမေသက်ထားအောင်ကလည်း ပြောသည်။

ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့တွင်လည်း ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) 2009) ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းကို ဇူလိုင် ၂၅ ရက်က ဆောင်ရွက်ခဲ့လျက်ရှိရာ ပြည်သူများအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုအား ကြိုတင်ကာကွယ်ကုသ နိုင်မည်ဖြစ်၍ အထူးကြောင့်ကြမှုမရှိရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

ရန်ကုန်မြို့၏ လူစည်ကားရာ နေရာများ၊ ယာဉ်လိုင်းများနှင့် ကားဂိတ်တို့၌ ကြိုတင်ကာကွယ်သည့်အနေဖြင့် နှာခေါင်းအကာများတပ်ကာ ပြည်သူများ သွားလာလျက်ရှိသည်ကို တွေ့ရသည်။

**(၁၆၄)၊ ဓာတ်ပုံ-သစ္စာ**

## မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲ

ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ထို့ကြောင့် ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ထုတ်ယူ၍ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

**ရန်ကုန်မြို့**

ဟံသာဝတီအဝိုင်းထိပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းဘေးရှိ 4TV Main Showroom

**မန္တလေးမြို့**

အခန်းနံပါတ်(D-206)၊ ရွှေဖြူပလာဇာ၊ ဒုတိယထပ်၊ ၃၃လမ်းနှင့်ဇေတိကလမ်းထောင့်၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်

## ဖျာပုံမြို့ရှိ စာသင်ကျောင်းများတွင် တုပ်ကွေးရောဂါကာကွယ်နိုင်ရေး အသိပညာပေး

**ဖျာပုံ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ပေါ်ရှိ စာသင်ကျောင်းများတွင် H1N1 ဗိုင်းရပ်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးအတွက် အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီက အ.ထ.က (၂) ကျောင်းခန်းမ၌ ကျောင်းကျန်းမာရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာသန့်ဇင်နိုင်၊ ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာမောင်မောင်စန်းနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်ပညာရေးမှူး ဦးတိုးဝင်း၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူတစ်ဦးဦးတွင် ဖျားခြင်း၊ တုပ်ကွေးရောဂါလက္ခဏာ ဖြစ်ခြင်းများ တွေ့ရှိပါက သတ်မှတ်ထားသည့် သီးသန့်အခန်းတွင် ထားရှိပြီး ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်စေပြီး ကျန်းမာရေးဌာနသို့ လျင်မြန်စွာ အကြောင်းကြားရန်နှင့် လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာ၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မိမိတို့ပတ်ဝန်းကျင်ရှိ မိဘပြည်သူများအား ထပ်ဆင့် အသိပေးဟောပြောပေးစေလိုကြောင်းတို့ကို ကျန်းမာရေးဦးစီးအရာရှိက ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ချမ်းသာ**

## ပလက်ဝမြို့ပေါ်ရပ်ကွက်များ၌ H1N1 တုပ်ကွေးရောဂါအကြောင်း အသိပညာပေး

**ပလက်ဝ ဇူလိုင် ၂၆**

ချင်းပြည်နယ် ပလက်ဝမြို့၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့မရဲစခန်းမှူးနှင့် တိ/မွေးကုဦးစီးဌာနတို့ ပူးပေါင်းပြီး ဇူလိုင် ၂၅ ရက်က မြို့မရပ်ကွက် မိုးလုံလေလုံအားကစားရုံ၌ H1N1တုပ်ကွေးရောဂါအကြောင်း အသိပညာပေး ဟောပြောသည်။

ချင်းပြည်နယ် မတူပီမြို့နယ်၌ H1N1တုပ်ကွေးဖြစ်ပွားသည့်အတွက် မိမိတို့ပလက်ဝမြို့နယ်နှင့် ထိစပ်နေပါကြောင်း၊ ယင်းကြောင့် မိမိတို့မြို့နယ်တွင် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးက အဆုတ်ရောင်တုပ်ကွေးရောဂါလက္ခဏာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

- ❖ ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန်ဆောင်းအကူးကာလများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ❖ ရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်နိုင်ပါသည်။
- ❖ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်သည်။ ကူးစက်ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပါသည်။
- ❖ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။
- ❖ ရောဂါလက္ခဏာများမှာ - ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ ဖြစ်ပါသည်။

**ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။**

- ❖ နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများကူးစက်မှုကို ဟန့်တားရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေ၊ ချောင်းဆိုးရန် တိုက်တွန်းအပ်ပါသည်။ (လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းတို့ အသုံးပြုနိုင်ပါသည်။)
- ❖ ရောဂါပိုးများသည် လက်တွင်ကပ်ငြိနေနိုင်သဖြင့် ချောင်းဆိုး၊ နှာချေပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်းရေနှင့်ဆပ်ပြာတို့ဖြင့် လက်ဆေးပါရန် တိုက်တွန်းပါသည်။
- ❖ တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။
- ❖ ရောဂါလက္ခဏာများပေါ်ပေါက်ပါက လုံလောက်စွာအနားယူခြင်း၊ အရည်များများသောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ်တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**မိမိတွင် တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက ဆေးရုံ/ဆေးခန်းတို့တွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရေးမြို့နယ်၌ အဖျားရောဂါဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ပျက်ကွက်မှုအပေါ် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ရေး ဇူလိုင် ၂၆**

မွန်ပြည်နယ် ရေးမြို့နယ် နှင်းစုံကျေးရွာအုပ်စု ဘီဆိုင်ကျေးရွာ အ.မ.က ကျောင်း၌ ကျောင်းသား ကျောင်းသူ ၂၆ ဦးခန့် အဖျားရောဂါဖြင့် ကျောင်းတက်ပျက်ကွက်လာသည့်အတွက် ကျောင်းအုပ်ဆရာကြီး ဦးကျော်အောင်သိုက်က မြို့နယ်ပညာရေးမှူးရုံးထံသို့ ဇူလိုင် ၂၆ ရက်က ဆက်သွယ်သတင်းပို့လာခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။

ကနဦးသတင်းအရ အာယုတောင်ကျေးလက်ဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးစန်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းနှစ်ဦးတို့က ရှေ့ပြေး ကွင်းဆင်းဆောင်ရွက်ထားရှိပြီး ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့်အတူ မြေပြင်ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်ကုသရေးဦးစီးဌာနထံသို့ ဆက်သွယ်မေးမြန်းရာတွင် "အခုလို ကျောင်းသား ကျောင်းသူတွေ အဖျားရောဂါနဲ့ပတ်သက်ပြီး ကွင်းဆင်းစစ်ဆေးနေပါတယ်။ လက်ရှိအခြေအနေအထိ အဖျားရောဂါနဲ့ ဆိုင်တဲ့ရောဂါအမျိုးအမည်ကို အတည်ပြု မပြောကြားနိုင်သေးပါဘူး" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**နေမျိုးထွန်း (ရေး)**

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်းထုတ်ပြန်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ စတင်ကျရောက်ဖြစ်ပွားခဲ့ရာ ၂၀၁၆ခုနှစ် ထိစုစုပေါင်း (၈) ကြိမ် ကျရောက်ဖြစ်ပွားခဲ့ပြီး ဖြစ်ပါသည်။

၂။ (၁၆-၇-၂၀၁၇) ရက်မှစ၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်ကွက်ရှိ ကြက်မွေးမြူရေးခြံတွင် ကြက်များ စတင်သေဆုံးခဲ့သောကြောင့် ရောဂါနမူနာ ပစ္စည်းများကို ရန်ကုန်မြို့ တိရစ္ဆာန်ရောဂါရှာဖွေစစ်ဆေးရေးဓာတ်ခွဲခန်းတွင် မော်လီကျူလာနည်း (RT-PCR & Real Time PCR) ဖြင့် စစ်ဆေးခဲ့ရာ Influenza Type A Positive ၊ H5 Positive ၊ N1 Positive ဖြစ်ကြောင်းကို (၂၃-၇-၂၀၁၇) ရက်တွင် အတည်ပြုနိုင်ခဲ့ပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားမှုကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ ကနဦးသတင်းပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၃။ ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် ရောဂါဖြစ်တိရစ္ဆာန်များ ရှင်းလင်းဖယ်ရှားခြင်းနှင့် ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဦးစီးဌာနမှ ပညာရှင်များ၊ ဒေသဆိုင်ရာ ကူးစက်ရောဂါထိန်းချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်ပါ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၄။ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များရှိ ကြက်၊ ငှက်များတွင်သာမက လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရန်အတွက် အောက်ပါအချက်အလက်များအား လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ငှက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်ဘဲအရှင်ဈေးများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်မွေးမြူရေးခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးပြုလုပ်ခြင်းများဆောင်ရွက်ရန်။

(င) ကြက်၊ ငှက်၊ အသား၊ ဥ စသည်တို့ကို သေချာစွာ ချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# လူသစ်တန်း အမျိုးသားဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်



မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော် ပထမဆုရ တပ်မတော်(ရေ)အသင်းအား ဆုဖလားချီးမြှင့်နေစဉ်

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဖလား လူသစ်တန်း အမျိုးသားဟော်ကီပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် ညနေပိုင်းက သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ တပ်မတော်(ရေ)အသင်း ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲတွင် တပ်မတော်(ရေ) အသင်းက တပ်မတော်(လေ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ တပ်မတော်(ရေ)အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် ငါးသိန်းနှင့် ချန်ပီယံဆုဖလား၊ ဒုတိယဆုရ တပ်မတော်(လေ)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ တတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် နှစ်သိန်း၊ နေရာအလိုက်အကောင်းဆုံးဆုရရှိကြသော ဂိုးသမားဆုရ သက်ကိုကိုဦး (တပ်မတော်-ရေ)၊ နောက်တန်းဆုရ လှုထွန်းနိုင်(တပ်မတော်-ရေ)၊ အလယ်တန်းဆုရ ဂျက်စတင်း(အမျိုးသမီးအသင်း)၊ ရှေ့တန်းဆုရ စည်သူအောင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့)နှင့် အကောင်းဆုံးဆုရရှိသော စကောင်းထက်(တပ်မတော်-လေ)တို့အား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်၊ ဒုဥက္ကဋ္ဌ များဖြစ်သည့် ဦးကျော်ကျော်လှိုင်၊ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှာ အတွေ့အကြုံသစ်များ ရရှိရန်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမား ဖိုးကေ(မန္တလေး)နှင့် ရွှေရာမန်(၁၈၈၆)တို့ မန္တလေးတွင် စိန်ခေါ်ထိုးသတ်မည်

**မန္တလေး ဇူလိုင် ၂၆**

မြန်မာ့ရိုးရာ လက်ဝှေ့အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ မန္တလေး အောင်သမာဓိစိန်ရွှေရတနာဆိုင်၏ အဓိကကူညီပံ့ပိုးမှုဖြင့် ဆရာဒဿစီစဉ်သည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို သြဂုတ် ၁၈ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း မြန်မာ့ရိုးရာလက်ဝှေ့ ရုံသစ်ကြီး၌ စိန်ခေါ် ထိုးသတ်ကြမည်ဖြစ်သည်။ အဓိကတွဲဆိုင်းမှာ မန္တလေးသား မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ဖိုးကေ(မန္တလေး)နှင့် ရွှေရာမန်(၁၈၈၆)တို့ တွဲဆိုင်းဖြစ်သည်။

အခြားတွဲဆိုင်းများမှာ သပြေအောင်(သုံးပန်လှ)နှင့် အံဘွား(ကျားဖြူ)၊ မင်းသစ်(ဇေယျာကလပ်)နှင့် ဗျူဟ (ကျားဖြူ)၊ ဆူးမိုက်(ဇေယျာကလပ်) နှင့် မင်းထက်အောင် (တောင်ဇလပ်)၊ ဖိုက်ကေ(ကျားဖြူ)နှင့် ခွန်အာကာ (၁၈၈၆)၊ နော်လာ(မြစ်ကြီးနား)နှင့် တက်လူ (သုံးပန်လှ)၊ စိုးဝင်းသန်း (ရန်စစ်ငြိမ်း)နှင့် အောင်ချမ်းလေး (တောင်ဇလပ်)၊ ရန်နိုင်ထွန်း(သုံးပန်လှ) နှင့် ကျားပေါက် (ရန်စစ်ငြိမ်း)၊ ဖိုးကေ (မန္တလေး)နှင့် ရွှေရာမန်(၁၈၈၆) တွဲဆိုင်းများ ပါဝင်ထိုးသတ်မည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ ရုံသစ်ကြီး၌ ပွဲဦးထွက် ထိုးသတ်ရာတွင် အနိုင်မခံ အရှုံးမပေး၊ သတ္တိ၊ ဗျတ္တိအပြည့်ဖြင့် ယှဉ်ပြိုင်ထိုးကြမည်ဖြစ်ရာ လက်ဝှေ့ဝါသနာရှင်များ စိတ်ကြိုက်အားပေးနိုင်မည်ဖြစ်သည်။

**ခင်ခင်ဝင်း(ပညာရေး)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ



- ဝိန်းရွန်းနေသည် မိခင်ကလပ် အဲဗာတန်အသင်းထံသို့ ပြန်လည်ပြောင်းရွှေ့သွားပြီးနောက် မန်ယူနည်းပြ မော်ရင်ဟိုက ၎င်းကို တမ်းတ လွမ်းဆွတ်နေကြောင်း ဝန်ခံ ပြောဆိုလိုက်သည်။ ဝိန်းရွန်းနေ (၃၁ နှစ်)သည် မန်ယူအသင်း၌ ၁၃ ရာသီတွင် ဆုဖလားများစွာရယူပေးပြီးနောက် အဲဗာတန်အသင်းထံသို့ ယခုလ အစောပိုင်းတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ပြောင်းရွှေ့သွားခဲ့သူ ဖြစ်သည်။ မန်ယူအသင်းနှင့် အင်္ဂလန်အသင်းတို့၏ ထာဝရဂိုးသွင်းရှင် ဖြစ်သော ဝိန်းရွန်းနေသည် ၂၀၁၆-၂၀၁၇ ရာသီ ပရီးမီးယားလိဂ်တွင် ၁၅ ပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။
- အသက် ၂၅ နှစ်အရွယ် လီဗာပူးကစားသမား ကော်တင်ဟိုကို ပေါင် ၇၂ သန်းဖြင့် ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုတစ်ရပ်ကို လီဗာပူးအသင်းက ပယ်ချလိုက်သော်လည်း ယခုအခါ အဆိုပါကစားသမားကို စာချုပ်ခေါ်ယူနိုင်ရန်အတွက် အသင်းတာဝန်ရှိသူများကို အင်္ဂလန်သို့စေလွှတ်လိုက်ကြောင်း သိရသည်။ လီဗာပူးအသင်းက ကော်တင်ဟိုကို မည်သည့်ဈေးနှင့်မျှရောင်းမည် မဟုတ်ကြောင်း ပြောဆိုထားသော်လည်း ဘာစီလိုနာအသင်းက ၎င်းကို ပေါင်သန်း ၈၀ ဖြင့်ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် အသက် ၁၈ နှစ်အရွယ် မိုနာကို လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီကို ရီးရဲမက်ဒရစ်အသင်းထက် လက်ဦးမှုရယူရန်ကြိုးစားနေကြောင်း သိရသည်။ မန်စီးတီးအသင်းက အဆိုပါလူငယ်တိုက်စစ်မှူးအတွက် ပေါင်သန်း ၁၆၀ အထိပေးချေရန် ပြင်ဆင်နေကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။
- ဂျိုးဟတ်သည် ဝက်စ်ဟမ်းအသင်း၏ ယခုနွေရာသီ ခေါ်ယူမှုများထဲတွင် အရေးပါဆုံးဖြစ်ကြောင်း ဝက်စ်ဟမ်းဂိုးသမားဟောင်းဖြစ်သော ရှာကာ ဟစ်လေ့ပ်က ဆိုသည်။ ၎င်းက ထိပ်ဆုံးရှစ်သင်းနေရာ တစ်နေရာစာအတွက် စိန်ခေါ်နိုင်စွမ်းရှိကြောင်း ၎င်း၏ အသင်းဟောင်းကို ထောက်ခံပြောဆိုလိုက်သည်။ ဟစ်လေ့ပ်သည် ဝက်စ်ဟမ်းအသင်းတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပွဲပေါင်း ၁၀၀ ကျော် ပါဝင်ကစားပေးထားကြောင်းလည်း သိရသည်။
- ဘိုင်လီသည် ပြီးခဲ့သော ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အနီကတ်ပြသခံခဲ့ရပြီး နောက်ထပ်ဥရောပပွဲ နှစ်ပွဲပိတ်ပင်လိုက်သောကြောင့် နည်းပြမော်ရင်ဟိုက ယူအီးအက်ဖ်အေကို ဝေဖန်ပြစ်တင်လိုက်သည်။ အိုင်ဗရီကို့စ်လက်ရွေးစင်ကစားသမားကို တနင်္လာနေ့က သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ခြင်းဖြစ်ပြီး အဆိုပါပွဲပယ်ပြစ်ဒဏ်ကို ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်၌ အိုင်းယက်စ်အသင်းကို အနိုင်ရရှိခဲ့သော ပွဲစဉ်မှ စတင်ကျခံစေခဲ့သည်။ ထို့ကြောင့် ၎င်းသည် လာမည့်လတွင် ကျင်းပမည့် ရီးရဲမက်ဒရစ်အသင်းနှင့် ယူအီးအက်ဖ်အေ စူပါဖလားပွဲစဉ်နှင့် ချန်ပီယံလိဂ်အုပ်စု ပထမပွဲစဉ်ကို လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်**


**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ် အထက(၅) တက္ကသိုလ်ဝင်တန်း(A) မှ မသဲစုအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းလင်း ၁၂/လသယ(နိုင်)၀၁၀၁၁၂ ဖြစ်ပါကြောင်း။
**ဦးအောင်ထွန်းလင်း**

၄-တန်းမှ၈-တန်းအထိ အင်္ဂလိပ်စာ (နှစ်ပေါက်သင်တန်း)တွင် *Essay, Letter* ရေးခြင်းကျောင်းစာအပြင် *Speaking* ပါသင်သည်။
ဆရာဒွေး(အင်္ဂလိပ်စာ)၏သမီး
**ဆရာမဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
အင်္ဂလိပ်+မြန်မာ (၂)ကျောင်းတက်ခြင်းနှင့် ညီမျှသည့်သင်ကြားမှု
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 09-5080104, 09-5047516

**(၂၁-၁၀-၂၀၁၆) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ**
အထူးကောင်းမွန်ပါသည်။ ဦးလှဝင်း (တောင်ကြီး ၀၉-၅၂၁၀၆၉၄)
အောင်ခိုင်ဆင့်နှင့်အဖွဲ့ အရမ်းကောင်းပါသည်။ တာဝန်ကျေပါသည်။ ဒေါ်ခင်ကြီး (တောင်ကြီး ၀၈၁-၂၀၆၀၀၅)
ခင်နန္ဒာအဖွဲ့ကြီး ဒီထက်အောင်မြင်တိုးတက်ပါစေ။ ဒေါ်နန်းစိန်ငွေ (လားရှိုး ၀၉-၇၉၇၇၆၁၉၂၃)
ထပ်မံ၍ ခင်နန္ဒာအဖွဲ့နှင့်အတူ ဗုဒ္ဓဂယာဘုရားဖူးလိုပါသည်။ ဒေါ်မာမာဦး (လားရှိုး ၀၉-၄၀၃၇၃၂၂၂၆)
အားရကျေနပ်မိပါသည်။ ဒေါ်နီနီဝင်း (တောင်ကြီး ၀၈၁-၂၀၆၀၀၅)
အထူးကောင်းမွန်ပါသည်။
မမေပွင့်ဦး (ဆိပ်ကြီးခနောင်တို ၀၉-၇၇၅၉၉၇၁၀၆)
မသင်းသင်းလှိုင် (အင်းစိန် ၀၉-၇၃၂၃၇၈၅၉)
ဦးအေးဟန် (မော်လမြိုင် ၀၉-၇၉၁၇၃၈၄၃၅)
ဒေါ်မာလာအောင် (မင်္ဂလာဒုံ ၀၉-၃၁၁၀၉၇၇၁)
ဒေါက်တာမိုးကျော် (မင်္ဂလာဒုံ ၀၉-၇၉၉၆၉၇၉၂)
ဦးတင်လှ (မင်္ဂလာဒုံ ၀၉-၄၂၁၁၅၃၉၃၈)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 2F/5812 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင်အမည်မှန်**
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မြတ်ရတနာကိုယ်ပိုင်အထက်တန်းကျောင်းမှ ၂၀၁၇-၂၀၁၈ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မထက်ထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးရမ်းဗဟာဒူး ၉/မကန(နိုင်)၀၂၂၈၃၂ဖြစ်ပါကြောင်း။
**ဦးရမ်းဗဟာဒူး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မုံရွာမြို့ အထက မုံရွေး+ကြေးမုံ တက္ကသိုလ်ဝင်တန်း($S_1$)မှ မမေဇင်ထိုက်၏ ဖခင်ဦးအောင်နိုင်နှင့် ဦးခင်မောင်သိန်း ၅/မရန(နိုင်)၂၂၉၀၆၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့၊ ဆင်ဖြူရပ် အထက တက္ကသိုလ်ဝင်တန်း(A)မှ မသင်းသန္တာလင်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမူ ၁၀/ပမန(နိုင်)၀၁၈၄၈၁ ဖြစ်ပါသည်။
**ဒေါ်အေးအေးမူ**

**ကျေးဇူးဆပ်ပါမည်**
ကျွန်တော်မောင်ကျော်စိုးမိုးသည် ၂၂-၇-၂၀၁၇ရက် ည ၈နာရီခန့်တွင် Taxi ပေါ်၌ နိုင်ငံကူးလက်မှတ်စာအုပ် (MA-655126) မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၂၉၈၀၇၇၇**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီး(အထက) အဌမတန်းမှ ဦးထိန်ဆားရဲ ၁/ပတအ(နိုင်)၀၃၁၂၀၈၏သား မောင်သက်နိုင်အောင်(ခ)မောင်ရှုမောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်သက်နိုင်အောင်(ခ)မောင်ရှုမောင်**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**
ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက် အမှတ် ၅၀၂/က၊ အလျားပေ(၆၀)၊ အနံပေ ၂၀ ဧရိယာ ၁၂၀၀ စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီရီမြ(၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်အုန်းကြည် ၁၂/သကတ(နိုင်)၁၁၆၈၀၅) ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးစိုးအေး ၁၂/ကတတ(နိုင်)၀၁၄၉၈၅က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်မည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့အားပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်စိုးစိုးအေး**
**၁၂/ကတတ(နိုင်)၀၁၄၉၈၅**
(၁၄၇)၊ **အနော်ရထာလမ်းထောင့်၊ (၃၅)လမ်းထိပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၅၂၆၈**

**ကန့်ကွက်နိုင်ပါကြောင်း**
ပုသိမ်မြို့၊ (၆)ရပ်ကွက်၊ အကွက်အမှတ်(၁၁၀)ရွှေဘိုတပ်တောင် အကွက်၊ မြေကွက်အမှတ်(၈၁)၊ ဧရိယာ(သုည ဒသမ ၀၅၅)ဧကရှိမြေကို ဒေါ်လှကြိုင်(ခ)ဒေါ်စကီနံအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်း ဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**
ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အကွက်အမှတ် ၁၅(E) ရှမ်းစု၊ ဦးပိုင်အမှတ် ၁၅၂(ခ)၊ မြေဧရိယာ (သုည ဒသမ ၀၂၇၅)ဧကကို ဦးခင်မောင်နိုင် ၇/ပမန(နိုင်)၀၀၈၁၃၆ နှင့် ဒေါ်ခင်စောနွယ် ၇/ပမန(နိုင်)၀၃၂၉၄၄ တို့မှ လက်ရှိ နေထိုင်ပိုင်ဆိုင်လျက်ရှိပြီး မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးခင်မောင်နိုင် ၇/ပမန(နိုင်)၀၀၈၁၃၆**
**ဒေါ်ခင်စောနွယ် ၇/ပမန(နိုင်)၀၃၂၉၄၄**

**ကန့်ကွက်နိုင်ပါကြောင်း**
ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ မူလ ဦးကျန်အမည်ပေါက် အကွက်အမှတ် (၁၅ ဒီ) မူယာပင်မြင်းပြိုင်ကွက်၊ ဦးပိုင်အမှတ်(၃၇)မှ မြေဧရိယာ စုစုပေါင်း (သုည ဒသမ ၅၃၂)ဧကကို ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၇၄)နေ ဦးအောင်ဇော်ဦး ၇/ပမန(နိုင်)၀၁၈၃၀၃ ကိုင်ဆောင်သူ၏ အမည်ပေါက်မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။
**ဦးအောင်ဇော်ဦး**
**၇/ပမန(နိုင်)၀၁၈၃၀၃**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တည်ဆောက်ရေးလုပ်ငန်းများ**
(က) တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၊ ကျောင်းသူ(၂၀၀)ဆံ့ အိပ်ဆောင်နှင့် အပျိုဆောင်တွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(အရှည်ပေ ၁၀၀၀ကျော်၊ ဂိတ်တဲနှစ်ခု၊ ဝင်းတံခါးနှစ်ခုအပါနှင့် ခြံဝင်းလုံခြုံရေးမီးသွယ်တန်းတပ်ဆင်မှုအပါအဝင်)
(ခ) ဖောင်းတောပရဆေးဥယျာဉ်တွင် ၄"အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း
(ဂ) ဆည်ပေါက်ပရဆေးဥယျာဉ်တွင် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း
(ဃ) ဆည်ပေါက်ပရဆေးဥယျာဉ်တွင် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း
၃။ **ပစ္စည်းဝယ်ယူရေးလုပ်ငန်း**
(က) တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင် အသုံးပြုရန် ပစ္စည်းများ(သုတေသနဓာတ်ခွဲခန်းသုံးစက်နှင့် စက်ပစ္စည်းများ(၁၀)မျိုး၊ အားကစားလေ့ကျင့်ရေးပစ္စည်းများ လေးမျိုး၊ စားသောက်ဆောင်သုံးပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများ ရှစ်မျိုးနှင့် ပရိဘောဂပစ္စည်းများ ခြောက်မျိုး
၄။ **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်နေရာ** - ၂၇-၇-၂၀၁၇ရက်(ကြာသပတေးနေ့)
- တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)
- ၁၆း၃၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း-၀၂-၆၀၄၁၄၊ ၀၂-၇၅၆၉၂
**အတွင်းရေးမှူး**
**တင်ဒါကော်မတီ**
**တိုင်းရင်းဆေးပညာဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီး**

# မွမ်ဘိုင်းတွင် လေးထပ်လူနေအဆောက်အအုံပြိုကျ၊ လူ ၁၂ ဦးသေဆုံး



**မွမ်ဘိုင်း ဇူလိုင် ၂၆**
အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ လက်ရှိအချိန်တွင် သေဆုံးသူ စုစုပေါင်း ၁၂ဦး ရှိပြီဖြစ်ကြောင်း အာဏာပိုင်များက ဇူလိုင် ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မွမ်ဘိုင်းမြို့ မြောက်ပိုင်းရှိ လူနေလေးထပ်အဆောက်အအုံတစ်လုံး ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြိုကျမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ အဆိုပါ အဆောက်အအုံတွင် အိမ်ထောင်စုပေါင်း ၁၅စုနေထိုင်လျက်ရှိကြောင်း၊ လူ ၁၀ ဦးကျော်မှာ ပြိုကျအဆောက်အအုံအတွင်း ပိတ်မိနေသေးကြောင်း သိရသည်။

အဆောက်အအုံပြိုကျသည့်နေရာတွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ အဆောက်အအုံပြိုကျသည့် အကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

အဆောက်အအုံ ပြိုကျမှုသည် အိန္ဒိယနိုင်ငံတွင် မကြာခဏဖြစ်ပွားသော ကိစ္စဖြစ်ကြောင်း၊ ထိုသို့ ပြိုကျရသည့် အကြောင်းရင်းများမှာ အဆောက်အအုံများ အိုဟောင်းနေခြင်း၊ ရာသီဥတု ဆိုးရွားခြင်းနှင့် တည်ဆောက်မှုပိုင်းတွင် စံချိန်မပြည့်မီခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ လွန်ခဲ့သော ၂၀၁၆ ခုနှစ် တစ်နှစ်တည်းတွင် မွမ်ဘိုင်းမြို့၌ အဆောက်အအုံလေးလုံး ပြိုကျခဲ့ပြီး လူပေါင်း ၂၇ ဦးသေဆုံးခဲ့ကြောင်း စစ်တမ်းများအရ သိရသည်။ **(ဆင်ဟွာ)**

## အမေရိကန်စစ်သင်္ဘောက အီရန်သင်္ဘောအား သတိပေးပစ်ခတ်

**ဝါရှင်တန် ဇူလိုင် ၂၆**
အမေရိကန်ရေတပ်စစ်သင်္ဘောသည် ယမန်နေ့က ပင်လယ်ကွေ့အတွင်းသွားလာနေစဉ် ၎င်းအနီးသို့ ချဉ်းကပ်လာသော အီရန်နိုင်ငံမှ သင်္ဘောတစ်စင်းကို သတိပေး ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်မိုးကြိုးလက်နက်အမည်ရှိ စစ်သင်္ဘောသည် ပင်လယ်ကွေ့ကို ဖြတ်သန်းနေစဉ် အီရန်နိုင်ငံမှ သင်္ဘောတစ်စင်းသည် ၁၄၀ မီတာအနီးထိကပ်လာသောကြောင့် ထိုသို့ သတိပေးပစ်ခတ်ခြင်းဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့မှ အမည်မဖော်လိုသူ တစ်ဦးကပြောခဲ့သည်။

အနီးသို့ ကပ်လာသော အီရန်သင်္ဘောနှင့် အဆက်အသွယ်ရရှိရန် ဆောင်ရွက်ခဲ့သော်လည်းတုံ့ပြန်မှုမရှိသဖြင့် သတိပေးပစ်ခတ်ခဲ့ကြောင်းသိရသည်။ ပစ်ခတ်မှုအပြီးတွင် အီရန်သင်္ဘောမှာ အနီးဝန်းကျင်ပင်လယ်ပြင်တွင် ရပ်တန့်သွားခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**

## ဆင်းရဲနွမ်းပါးမှုကူညီရေးရန်ပုံငွေယာဉ် တိုက်ခိုက်ခံရ

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၆**
မက္ကဆီကိုအစိုးရ၏ ဆင်းရဲနွမ်းပါးမှုကူညီရေး ရန်ပုံငွေများကို သယ်ဆောင်လာသည့် ယာဉ်တစ်စီးမကြာသေးမီက လုယက်တိုက်ခိုက်မှုခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ယာဉ်သည် မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဂူရီယိုပြည်နယ်ရောက်ရှိစဉ် လုယက်တိုက်ခိုက်မှုခံခဲ့ရသဖြင့် ရဲဝန်ထမ်းငါးဦးနှင့် ဘဏ်ဝန်ထမ်းနှစ်ဦးတို့သေဆုံးခဲ့ကြောင်း၊ တစ်ဦးတည်းကျန်ရှိခဲ့သည့် ဒဏ်ရာရဘဏ်ဝန်ထမ်းကရဲတပ်ဖွဲ့သို့ သတင်းပေးပို့ခဲ့ကြောင်း သိရသည်။

ရန်ပုံငွေသယ်ဆောင်လာသည့်ယာဉ်သည်တောင်ကြားလမ်းထဲမှ ဖြတ်သန်းမောင်းနှင်နေစဉ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ခိုက်သူများက ဒေါ်လာ ၅၅၀၀၀ကို လုယက်ထွက်ပြေးသွားကြောင်း သိရသည်။ မည်သည့်အဖွဲ့က တိုက်ခိုက်သွားကြောင်းနှင့် တိုက်ခိုက်မှုတွင် မည်သူတွေပါဝင်ခဲ့သည်ကို ယခုချိန်ထိ မသိရသေးချေ။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာတို့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

အစိုးရသည် ဆင်းရဲနွမ်းပါးသူများကို ကူညီရန်စီမံကိန်းများဆောင်ရွက်ခဲ့ပြီး ပြည်သူလူထု၏အဆင့်အတန်းကို မြှင့်တင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**


## မြောက်ကိုရီးယားမှတရုတ်သို့ သံတင်ပို့မှု ယခင်နှစ်ထက် နှစ်ဆများပြားလာ

**ပေကျင်း ဇူလိုင် ၂၆**
မြောက်ကိုရီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့တင်သွင်းသည့် သံပမာဏသည် လွန်ခဲ့သောတစ်နှစ်အကြာက တင်သွင်းခဲ့သည့်ပမာဏထက်နှစ်ဆခန့် များပြားလာကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံအကောက်ခွန်အာဏာပိုင်များက တရုတ်နိုင်ငံသည် ဇွန်လအတွင်းက မြောက်ကိုရီးယားနိုင်ငံမှ ဒေါ်လာ ၁၁ ဒသမ ၅သန်းတန်ဖိုးခန့်ရှိသည့် သံများဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ဝယ်ယူမှုပမာဏသည် ပြီးခဲ့သည့်နှစ် ဇွန်လက ဝယ်ယူခဲ့သည့်ပမာဏနှင့်နှိုင်းယှဉ်လျှင် ၁ဒသမ ၇ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း အာဏာပိုင်များက ဆိုသည်။

သို့သော်ဇန်နဝါရီလမှမေလတစ်လျှောက်အထိ တစ်လချင်းစီတင်သွင်းမှုပမာဏကို မှတ်တမ်းအရ တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိကြောင်း အကောက်ခွန်အာဏာပိုင်များက ပြောကြားခဲ့သည်။ ပထမနှစ်ဝက်အတွင်း သံတင်သွင်းမှုမှာ တန်ဖိုးအားဖြင့် ဒေါ်လာ ၈၆ သန်းဖိုးအထိ ရှိသွားပြီဖြစ်ပြီး ယခင်နှစ်၏ ပထမနှစ်ဝက်က တင်သွင်းခဲ့သည့်ပမာဏထက် ၂ ဒသမ ၄ဆခန့်ပိုများနေကြောင်း ဖော်ပြထားသည်။

မြောက်ကိုရီးယားထံမှ သံများဝယ်ယူမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ စည်းမျဉ်းစည်းကမ်းများအရ ပိတ်ပင်တားဆီးမှုများ ပြုလုပ်ထားသော်လည်း လုပ်ငန်းဆောင်ရွက်မှုသည် အသက်မွေးဝမ်းကျောင်းဝင်ငွေရရှိရေးရည်မှန်းချက်အရ ဝယ်ယူရသည်ဆိုပါက ယင်းဝယ်ယူမှုအပေါ်ခွင့်ပြုထားကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**





## အာဖဂန်၌တိုက်ပွဲများပြင်းထန်လျက်ရှိပြီး အာဖဂန်တပ်ဖွဲ့ဝင်အယောက် ၃၀ ကို တာလီဘန်တို့ကသတ်ဖြတ်

**ကန်ဒဟာ ဇူလိုင် ၂၆**
အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒဟာ တောင်ပိုင်းပြည်နယ်တွင် စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားလျက်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း တာလီဘန်စစ်သွေးကြွများက အာဖဂန်တပ်ဖွဲ့ဝင်အယောက် ၃၀ကို သတ်ဖြတ်သွားခဲ့ကြောင်း တပ်မတော်မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့ကြောင်းသိရသည်။

အာဖဂန်နိုင်ငံတစ်ဝန်းတွင်တိုက်ပွဲများ အကြီးအကျယ်ဖြစ်ပွားလျက်ရှိသည်။ ကန်ဒဟာမှစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဆက်ဒစ်အီဆာက တာလီဘန်တို့သည် ကန်ဒဟာမြို့မြောက်ပိုင်းရှိ ခါကရစ်ဒေသရှေ့တန်းကင်းစခန်းကို ညသန်းခေါင်အချိန်တွင်ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး ကင်းစခန်းကိုအပိုင်စီးကာ စစ်လက်နက်များနှင့် မော်တော်ယာဉ်များကို သိမ်းဆည်းရယူခဲ့ကြကြောင်း ပြောကြားခဲ့သည်။

တိုက်ပွဲများအရှိန်အဟုန်ပြင်းထန်စွာဖြစ်ပွားခဲ့ပြီးသည့်နောက်တွင် တပ်မတော်ဘက်မှတပ်ဖွဲ့ဝင် အယောက် ၃၀ ကျဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကပြောသည်။ အမြောက်တပ်ရင်း ၂၀၅ မှတပ်မှူးဂျန်အီမန်နာဇာက အသေအပျောက် အရေအတွက်နှင့်ပတ်သက်၍ ငြင်းဆိုလျက်ရှိပြီး စစ်သွေးကြွများကို ပြန်လည်တွန်းလှန်တိုက်ခိုက်သွားရန် စစ်ကူများထပ်မံရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဖဂန်နိုင်ငံတစ်ဝန်းတိုက်ပွဲများ ပိုမိုပြင်းထန်လာလျက်ရှိပြီး နိုင်ငံအတွင်းရှိ နေရာအများအပြားတို့တွင် လုံခြုံရေးဆိုင်ရာတည်ငြိမ်မှုများယိုယွင်းလာပြီး ရက်အနည်းငယ်အတွင်း ကန်ဒဟာ မြောက်ပိုင်းကင်းစခန်းကို တာလီဘန်တို့၏ တိုက်ခိုက်မှုဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ကဘူးလ်မြို့တော်အတွင်းရှိ အဆင့်မြင့်အရာရှိကြီးများအား ပစ်မှတ်ထားသည့်တိုက်ခိုက်မှုလည်း အပါအဝင် ဖြစ်သည်။

တိုက်ပွဲများ ပြင်းထန်နေချိန်တွင် အာဖဂန်သို့ နောက်ထပ်တပ်ဖွဲ့ဝင်လေးထောင်ဝန်းကျင်ကို ပို့ဆောင်မည့် အမေရိကန်သည် ဒေသတွင်းနိုင်ငံများအတွက် ၎င်း၏ နည်းဗျူဟာအသစ်တစ်ရပ်ကို ကြေညာရန် လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။
**(ရိုက်တာ)**

# ပြည်သူတွေကို အံ့အားသင့်စေခဲ့သည့် ပြင်သစ်သမ္မတမက်ခရွန်၏ ဘတ်ဂျက်လျှော့ချမှု



ကလျာမိုးမြင့်

**ပြင်သစ်နိုင်ငံရဲ့သမ္မတသစ် မက်ခရွန်ဟာ သုံးလတာအတွင်းမှာ နာမည်ဂုဏ်သတင်း ကျဆင်းလာနေတာကို တနင်္ဂနွေနေ့က ပြင်သစ်သတင်းစာတစ်စောင်မှာ ရိုက်နှိပ်ဖော်ပြခဲ့တဲ့ ဆန္ဒမဲရလဒ်တွေက ဖော်ပြနေပါတယ်။ တပ်မတော်၊ အိုးအိမ်နေရာချထားမှု အကျိုးအမြတ်ကိစ္စများနဲ့ အမျိုးသမီးများကို ထောက်ခံအားပေးတဲ့အဖွဲ့အစည်းတွေကို ထိခိုက်စေခဲ့တဲ့ ဘတ်ဂျက်လျှော့ချမှုက မက်ခရွန်ရဲ့ ကောင်းသတင်းကျော်ကြားမှုကို တဖြည်းဖြည်းနဲ့ မှေးမှိန်လာစေတဲ့အတွက် ပြင်သစ်သမ္မတအဖြစ် ဝင်ရောက်လာတဲ့ မက်ခရွန်ရဲ့ချိုမြိန်တဲ့ခရီးစဉ်ဟာ အဆုံးသတ်တော့မှာလားလို့ နိုင်ငံရေးသုံးသပ်သူအချို့က ဝေဖန်လာကြပါတယ်။**

JDD သတင်းစာမှာ ဖော်ပြခဲ့တဲ့ ဆန္ဒမဲရလဒ်တွေအရ ဇူလိုင်လအတွင်းမှာ ပြင်သစ်နိုင်ငံရဲ့ပြည်သူ ၅၄ ရာခိုင်နှုန်းလောက်သာလျှင် မက်ခရွန်ရဲ့ဆောင်ရွက်ချက်တွေအပေါ်မှာ ကျေနပ်မှုရှိခဲ့တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ပြည်သူ့ဆန္ဒသဘောထား ကောက်ယူမှုရလဒ်ဟာဆိုရင် ၆၄ ရာခိုင်နှုန်းဖြစ်တဲ့အတွက် လူထုထောက်ခံမှုဟာ သိသိသာသာကျဆင်းလာတာကို တွေ့မြင်နေရပါတယ်။

သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်ပြီးတဲ့ စောင့်ကြည့်ကာလသုံးလအတွင်းမှာ မက်ခရွန်ရဲ့နာမည် ဂုဏ်သတင်းကျဆင်းလာမှုဟာ ၁၉၉၅ ခုနှစ်က သမ္မတအဖြစ် တာဝန်ယူခဲ့တဲ့ ဂျက်စ်ချီရက်ထက်တောင် ပိုပြီးအခြေအနေဆိုးရွားနေတယ်ဆိုတာကို သတင်းစာထဲမှာ ရေးသားဖော်ပြထားပါတယ်။

မက်ခရွန်ရဲ့သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်မှုကာလအတွင်းမှာ ပြည်သူလူထုအတွက်အသုံးပြုနေတဲ့ စရိတ်စကကုန်ကျမှုကိုသက်သာစေဖို့အတွက် အသုံးစရိတ် ဒေါ်လာဘီလီယံ ၆၀ လျှော့ချဖို့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့တာနဲ့ပတ်သက်ပြီး အငြင်းပွားစရာကိစ္စတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

**စစ်အသုံးစရိတ်လျှော့ချမှု**

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ ကာကွယ်ရေးအတွက် အသုံးပြုနေတဲ့ ဘဏ္ဍာငွေထဲကနေ ယူရိုငွေသန်း ၈၅၀ ကို လျှော့ချပစ်လိုက်တဲ့ မက်ခရွန်ရဲ့ အံ့အားသင့်ဖွယ်လုပ်ရပ်နဲ့ပတ်သက်ပြီး ကာကွယ်ရေးဦးစီးချုပ်နဲ့ မက်ခရွန်တို့အကြား မကျေမလည်ဖြစ်မှုတွေ ဖြစ်ခဲ့ရပြီးတဲ့နောက်မှာ ကာကွယ်ရေးဦးစီးချုပ်ဟာ ရာထူးကနေနုတ်ထွက်သွားခဲ့ပါတယ်။

ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့က ဖော်ပြခဲ့တဲ့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ပီရီ ဒီဗီလီရာရဲ့ နုတ်ထွက်စာထဲမှာ ၎င်းက ပြင်သစ်နိုင်ငံနဲ့ ပြင်သစ်ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ရေးကို တာဝန်ယူဆောင်ရွက်ဖို့ဟာ မရှိမဖြစ်လိုအပ်တဲ့ ကိစ္စဖြစ်ပြီး ခုလိုအခြေအနေမျိုးမှာ ၎င်းအနေနဲ့ ကာကွယ်ရေးအင်အားစုတွေကို ရေရှည်စီမံကွပ်ကဲ သွားဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး လို့ ပြောခဲ့ပါတယ်။

အသုံးစရိတ်လျှော့ချမှုတွေကို ပြီးခဲ့တဲ့ရက်သတ္တပတ်က ဘဏ္ဍာရေးဝန်ကြီးက ထုတ်ဖော်ကြေညာခဲ့တာဖြစ်ပြီး မက်ခရွန် က အတည်ပြုလက်မှတ်ရေးထိုးခဲ့တာပါ။ အသက် ၃၉ နှစ် သာရှိသေးတဲ့အပြင် တပ်မတော်ထဲမှာရော ၁၉၉၀ ခုနှစ်မှာ ဖျက်သိမ်းလိုက်တဲ့ မဖြစ်မနေစစ်မှုထမ်းခြင်းကိုပါ ဆောင်ရွက် ခဲ့ရဖူးခြင်းမရှိတဲ့ ပထမဦးဆုံးသော သမ္မတဖြစ်သူ မက်ခရွန်က စစ်အသုံးစရိတ်ကို ယူရိုသန်း ၈၅၀ လျှော့ချလိုက်တဲ့အခါ မက်ခရွန်ရဲ့ LREM ပါတီထဲက နိုင်ငံရေးသမားအချို့ကလည်း အဲဒီဆုံးဖြတ်ချက်အပေါ်မှာ ဝေဖန်ကန့်ကွက် ပြောဆိုခဲ့ကြ ပါတယ်။

ဘတ်ဂျက်အကျပ်အတည်းကာလမှာ စစ်အသုံးစရိတ်ကို လျှော့ချဖို့ ဘဏ္ဍာရေးဝန်ကြီးရဲ့အဆိုပြုချက်ဟာ ဘယ်လိုမှ လက်ခံနိုင်စရာမရှိဘူး။ ယနေ့ ပြင်သစ်နိုင်ငံအပေါ်မှာ ကျရောက်နေတဲ့ ခြိမ်းခြောက်မှုအန္တရာယ်မျိုးစုံကနေ ပြင်သစ်နိုင်ငံသားတွေကို ကာကွယ်ပေးဖို့လိုအပ်နေတဲ့အချိန်မှာ ခုလိုလွယ်လွယ်နဲ့ဆုံးဖြတ်လို့မရဘူးလို့ နိုင်ငံရေးဝေဖန်သုံးသပ်သူအချို့က မှတ်ချက်ချခဲ့ပါတယ်။

သို့သော်လည်း ကာကွယ်ရေးဝန်ကြီး ဖလောရင့်စ်ပါလီကတော့ စီးပွားရေးအရ ယခုလိုဆောင်ရွက်မှုဟာ ၂၀၁၇ခုနှစ်အတွက် ကာကွယ်ရေးအင်အားစုများရဲ့လုပ်ငန်းဆောင်ရွက်မှုအပေါ်မှာ ထိခိုက်မှုမရှိသလို လာမည့်နှစ်တွေမှာ ကာကွယ်ရေးအသုံးစရိတ်ကို တိုးပွားလာအောင် လုပ်ဆောင်မယ်ဆိုတဲ့ ကတိပေးအပ်မှုကိုလည်း ဆက်လက်စောင့်ထိန်းသွားရမှာ ဖြစ်ပါတယ်လို့ ပြောကြားခဲ့တာကို တနင်္ဂနွေနေ့ထုတ် ဂျေဒီဒီ သတင်းစာထဲမှာ ဖော်ပြထားပါတယ်။ သမ္မတမက်ခရွန်အနေနဲ့ လာမယ့် ၂၀၂၅ ခုနှစ်မှာ ကာကွယ်ရေးအတွက်သုံးစွဲမှုကို GCP ရဲ့ နှစ်ရာခိုင်နှုန်းအထိ တိုးပွားလာအောင် ဆောင်ရွက်မယ်လို့ ပေးခဲ့တဲ့ကတိကို ကာကွယ်ရေးဝန်ကြီးက ရည်ညွှန်းလိုက်တာပါ။

ဒါ့အပြင် အဓိက စစ်လက်နက်ပစ္စည်းအစီအစဉ်တွေကို ချောမွေ့အောင် လုပ်ဆောင်ခြင်းဖြင့် ဘတ်ဂျက်ချိန်ညှိမှုတွေကို လုပ်ဆောင်သွားမယ်လို့လည်း ၎င်းကဖြည့်စွက် ပြောကြားခဲ့ပါတယ်။

**အိမ်ရာအကျိုးခံစားခွင့်လျှော့ချမှု**

နောက်ထပ်လုပ်ဆောင်လိုက်တဲ့ လျှော့ချမှုကတော့ အိမ်ရာအကျိုးခံစားခွင့် ဖြစ်ပါတယ်။ အိမ်ရာအကျိုးခံစားခွင့်တောင်းခံသူတစ်ဦးချင်းစီကို ၂၀၁၇ ခုနှစ် အောက်တိုဘာလကစတင်ပြီး တစ်လကိုယူရို ငါးဒေါ်လာလျှော့ချသွားမှာ ဖြစ်တယ်လို့ အစိုးရက ပြီးခဲ့တဲ့စနေနေ့က Franca 2 ရုပ်မြင်သံကြားချန်နယ်မှာ ဖော်ပြခဲ့တာပါ။ သို့သော်လည်း အိမ်ရာအကျိုးခံစားခွင့် လုံးဝဆုံးရှုံးသွားမှာတော့ မဟုတ်ဘူးလို့ စိုးရိမ်နေမှုတွေအပေါ်မှာ နှစ်သိမ့်တဲ့အနေနဲ့ ဖော်ပြထားပါတယ်။

အိမ်ခြံမြေအကျိုးအမြတ် လျှော့ချခံရမှုမှာ တစ်လကို ယူရို ၂၂၅ ဒေါ်လာရရှိတဲ့ ကျောင်းသားပေါင်း ရှစ်သိန်းခန့် ပါဝင်နေပြီး အဲဒီအထဲက ကျောင်းသားအချို့ဟာ ဒီကိစ္စနဲ့ ပတ်သက်ပြီး မကျေမနပ်ဖြစ်ရမှုတွေကို တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ အစိုးရအဖွဲ့ကတော့ အိမ်ခြံမြေအကျိုးခံစားခွင့် လျှော့ချဖို့ဆုံးဖြတ်ချက်ကို သမ္မတ ဖရန်ဆွာဟော်လန်းလက်ထက်မှာကတည်းက ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

ယခင်သမ္မတ အဆက်ဆက်တွေကတည်းက အိမ်ခြံမြေအကျိုးခံစားခွင့်နဲ့ပတ်သက်တဲ့ လျှော့ချမှုတွေလုပ်ဖို့ မကြာခဏစီစဉ်ခဲ့ကြပေမယ့် လက်တွေ့ကျင့်သုံးနိုင်ခဲ့ခြင်း မရှိဘူး။ပါလီမန်လွှတ်တော်ရဲ့ ဆန္ဒမဲအဆုံးအဖြတ်နဲ့ ဒါကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ ပြည်သူ့ရေးရာနှင့် ငွေစာရင်းဝန်ကြီးဌာနဝန်ကြီး ဂီရယ်ဒါမနင်က ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဆိုရှယ်လစ်ဝါဒီသမားတစ်ဦးဖြစ်တဲ့ ခရစ်ရှန်အက်ကာ့တ် ကတော့ တစ်နှစ်မှာ ယူရိုငွေသန်း ၆၀ လျှော့ချမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ယခင်အစိုးရအဆက်ဆက်ရဲ့ ဆုံးဖြတ်ချက်မဟုတ်ဘဲ ၎င်းတို့ရဲ့ ဆုံးဖြတ်ချက်သက်သက်သာဖြစ်တယ်လို့ ချေပပြောဆိုခဲ့ပါတယ်။

**အမျိုးသမီးများ၏ရပိုင်ခွင့်ကို လျှော့ချမှု**

အမျိုးသမီးများရဲ့ အခွင့်အရေး ရပိုင်ခွင့်အတွက် ခွဲဝေသတ်မှတ်ပေးထားတဲ့ အသုံးစရိတ်ဟာလည်း လျှော့ချမယ့်အထဲမှာ ပါဝင်နေပါတယ်။ အမျိုးသမီးတွေရဲ့ ရပိုင်ခွင့်အတွက် သတ်မှတ်ထားတဲ့ အသုံးစရိတ်ကို ၂၅ ရာခိုင်နှုန်းလောက်အထိ လျှော့ချသွားနိုင်တဲ့အတွက် အမျိုးသမီးဝါဒကို ထောက်ခံအားပေးတဲ့အုပ်စုတွေအနေနဲ့ စိုးရိမ်ပူပန်မှု မြင့်တက်နေတယ်လို့ သိရပါတယ်။

ဒီလိုလျှော့ချလိုက်ရင် အမျိုးသမီးတွေရဲ့ရပိုင်ခွင့်အတွက် သုံးစွဲနေတဲ့ဘတ်ဂျက်ဟာ ၂၀၁၆ ခုနှစ်မှာ ယူရိုငွေ ၂၉ ဒသမ ၆ သန်းရှိခဲ့ရာကနေ လျော့နည်းသွားပြီး ယူရို၂၀ဒသမ ၁ သန်းသာရှိတော့မှာ ဖြစ်ပါတယ်။ မူလကသုံးစွဲနေတဲ့ အမျိုးသမီးတွေရဲ့ရပိုင်ခွင့်အသုံးစရိတ်ဟာ နိုင်ငံတော်ဘတ်ဂျက်တစ်ခုလုံးရဲ့ ၀ ဒသမ ၀၀၆ ရာခိုင်နှုန်းရှိပါတယ်။

ပြီးခဲ့တဲ့ တနင်္လာနေ့က အမျိုးသမီးများရဲ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဟောင်း လောရင့်ရိုစီနောက ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝါဒ့် ဖိလစ်ပီထံသို့ အသုံးစရိတ်လျှော့ချမှုနဲ့ပတ်သက်ပြီး ပြန်စဉ်းစားသုံးသပ်ပေးဖို့ အိတ်ဖွင့်ပေးစာတစ်စောင်ရေးသားပေးပို့ခဲ့ပါတယ်။ အလားတူ အမျိုးသမီးတွေကို အကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ ဥရောပအဖွဲ့အစည်းမှ ကိုယ်စားလှယ်ချုပ် မာရီလင်းဘဲလ်ဒက်က ဒီလိုနေရာတွေမှာ အသုံးစရိတ်ကို လျှော့ချဖို့လုပ်နေတာဟာ ဘာမှအဓိပ္ပါယ်မရှိဘူးလို့ ပြောကြားခဲ့ပါတယ်။

အားလုံးကို အံ့အားသင့်သွားစေခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက ပါရီမှာပြုလုပ်ခဲ့တဲ့ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ အမျိုးသမီးများဖိုရမ်ကို တက်ရောက်ခဲ့ချိန်မှာတောင် မက်ခရွန်က ၎င်းဟာအမျိုးသမီးဝါဒကို ထောက်ခံအားပေးသူဖြစ်တယ်လို့ကြွေးကြော်ခဲ့ပါသေးတယ်။ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှု ပြုလုပ်ခဲ့စဉ်အတွင်းမှာ အမျိုးသမီးတွေရဲ့ အခွင့်အရေးအတွက် အားတက်သရောထောက်ခံသူအဖြစ် ကိုယ့်ကိုယ်ကိုယ် ကိုယ်စားပြုခဲ့တဲ့ ပြင်သစ်သမ္မတမက်ခရွန်အနေနဲ့ ဒီလိုနေရာတွေမှာ အသုံးစရိတ်လျှော့ချဖို့ ဆုံးဖြတ်လိုက်ခြင်းဟာ အားလုံးကို အံ့အားသင့်သွားစေခဲ့ပါတယ်။ **(အေအက်ဖ်ပီ၊ရိုက်တာ)**

> **ဒါပေမယ့် ဆိုရှယ်လစ်ဝါဒီသမား တစ်ဦးဖြစ်တဲ့ ခရစ်ရှန်အက်ကာ့တ် ကတော့ တစ်နှစ်မှာ ယူရိုငွေ သန်း ၆၀ လျှော့ချမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ယခင်အစိုးရ အဆက်ဆက်ရဲ့ ဆုံးဖြတ်ချက်မဟုတ်ဘဲ ၎င်းတို့ရဲ့ ဆုံးဖြတ်ချက် သက်သက်သာဖြစ်တယ်လို့ ချေပပြောဆို**

## လွတ်လပ်စွာကုန်သွယ်ခွင့် သဘောတူညီမှုရရှိအောင် အမေရိကန်နှင့်ဗြိတိန်ဆောင်ရွက်မည်

**ဝါရှင်တန် ဇူလိုင် ၂၆**

အမေရိကန်နှင့်ဗြိတိန်အစိုးရအဖွဲ့တို့သည် ဥရောပသမဂ္ဂမှဗြိတိန်ခွဲထွက်သွားခဲ့လျှင် လွတ်လပ်စွာကုန်သွယ်ခွင့်အတွက်သဘောတူညီမှုရရှိရေးဆွေးနွေးသွားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများစတင်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဝါရှင်တန်၌ နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့အစည်းအဝေးအပြီးတွင် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရောဘတ်လိုက်တီဇာက ကြေညာချက်ကိုထုတ်ပြန်ခဲ့သည်။ အစည်းအဝေး၌ ဗြိတိန်ကုန်သွယ်ရေးကိုယ်စားလှယ် လီရမ်ဖောက်စ်လည်း တက်ရောက်ခဲ့သည်။

လိုက်တီဇာက နှစ်နိုင်ငံလုံး၏ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုရရှိရေးပန်းတိုင်ကို အောင်မြင်စွာရောက်ရှိနိုင်ရေးအတွက် စောင့်မျှော်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတဒေါ်နယ်ထရန့်အစိုးရအဖွဲ့သည် ကုန်သွယ်ရေးဆိုင်ရာ သာတူညီမျှမရှိမှုများကို မှန်ကန်တည့်မတ်စေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ အမေရိကန်အာဏာပိုင်များသည် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှုစာချုပ်ကို လာမည့်လတွင် ပြန်လည်ညှိနှိုင်းဆွေးနွေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း**
**(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)**
**၁၃၇၉ ခုနှစ်၊  လ  ရက်**
**(၂၀၁၇ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။
(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကိုဆိုသည်။
(ဂ) **ကော်မတီ** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကိုဆိုသည်။
(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကိုဆိုသည်။
(င) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ အကြီးအမှူးကိုဆိုသည်။
(စ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလည်းပါဝင်သည်။
(ဆ) **စက်မှုဒီဇိုင်း** ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ ရက်ထည်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန်တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းပုံသဏ္ဌာန်ကိုဆိုသည်။
(ဇ) **ထုတ်ကုန်** ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်ရမည့် အစိတ်အပိုင်းများ၊ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံးပုံသဏ္ဌာန်များ၊ ထုပ်ပိုးမှုနှင့် အပြင်အဆင်တို့ ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ်များ မပါဝင်။
(ဈ) **စက်မှုဒီဇိုင်းပိုင်ရှင်** ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းပိုင်ရှင်အဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။
(ည) **ဖန်တီးသူ** ဆိုသည်မှာ စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကို ဆိုသည်။
(ဋ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ယင်း၏ အခွင့်အရေးများကို တရားဝင်ခံစားခွင့်ရှိသောပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။
(ဌ) **အလုပ်ရှင်** ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်စ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင် လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ တရားဝင် အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။
(ဍ) **အလုပ်သမား** ဆိုသည်မှာ မိမိ၏ ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်းပါဝင်သည် ။
(ဎ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။
(ဏ) **တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရတည်ထောင်သော တရားရုံးကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တရားရုံးများ တည်ထောင်ခြင်းမပြုမီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးများလည်း ပါဝင်သည်။
(တ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးအောက်မနိမ့်သော အရာရှိကို ဆိုသည် ။
(ထ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများဆောင်ရွက်သည့် ဦးစီးဌာနရှိ ဦးစီးအရာရှိနှင့် အထက်အဆင့်ရှိသော အရာရှိကို ဆိုသည်။
(ဒ) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၃၆ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။
(ဓ) **ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၃၇ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -
(က) စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊
(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများကို အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊
(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊
(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန် အကျိုးပြုစေရန်၊
(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -
(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်။
(ခ) ကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။
(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊
(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊
(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊
(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၄)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-
(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊
(ခ) ကော်မတီကချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊
(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊
(င) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဆ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊
(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
(ဈ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊
(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊
(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊
(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့်လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည့် မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊
(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊
(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊
(ဃ) ကော်မတီနှင့် ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊
(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊
(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံရန် လိုအပ်ပါက မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊
(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်ကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊
(င) ကော်မတီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၆)
## အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း

၁၀။ စက်မှုဒီဇိုင်းတစ်ရပ်ရပ်သည် အသစ်ဖြစ်သည့်အပြင် တုပမှုကင်းစွာ ဖန်တီးထားခြင်းဖြစ်ပါက အကာအကွယ်ရရှိမည်။

၁၁။ နိုင်ငံတော်တွင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့် နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းကို အများပြည်သူသိရှိစေရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာဖြင့် ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ခင်းကျင်းပြသခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်အသိပေးခဲ့ခြင်း မရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ စက်မှုဒီဇိုင်းသည် အများသိရှိထားပြီးဖြစ်သော စက်မှုဒီဇိုင်း၏သွင်ပြင်လက္ခဏာများ စုပေါင်းထားခြင်းဖြစ်လျှင် သို့မဟုတ် အများသိရှိထားပြီးဖြစ်သော စက်မှုဒီဇိုင်းများနှင့် သိသာထင်ရှားစွာ ကွဲပြားခြားနားမှုမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

# (၃၆)ကြိမ်မြောက် မြန်မာ-ထိုင်းမြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေးကျင်းပ

**ကော့သောင်း ဇူလိုင်၂၆**
(၃၆)ကြိမ်မြောက်မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ အစည်းအဝေးကို ဇူလိုင်၂၄ရက်ကထိုင်းနိုင်ငံ ရနောင်းမြို့ Heritage Grand Convention ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် နယ်ခြားကော်မတီ (ထိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စန်တိစကူတနာ(Santi Sakultan) နှင့် နယ်ခြားကော်မတီ (မြန်မာ)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်ဇော်တို့က အသီးသီးမိတ်ဆက်စကားပြောကြားပြီး နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း ဖြစ်ပေါ်လေ့ရှိသည့် ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ဌာနနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးသဘောတူညီမှုရယူကြပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI ထုတ်ပေးရေးစခန်း (ရနောင်း)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။




အဆိုပါ အစည်းအဝေးတွင် အိမ်နီးချင်း နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ ကော့သောင်းခရိုင်နှင့် ထိုင်းနိုင်ငံ ရနောင်းခရိုင် နယ်စပ်ဒေသအတွင်း ဖြစ်ပွားလေ့ရှိသည့် လူမှုရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းသွားလာသူများနှင့် ရာဇဝတ်မှုဆိုင်ရာပြဿနာများ၊ တရားမဝင်ငါးဖမ်းဆီးရောင်းဝယ်မှု ပြဿနာများ၊ လူကုန်ကူးမှု ၊ မူးယစ်ဆေးဝါးပြဿနာ၊ တရားမဝင်အလုပ်သမားများဆိုင်ရာ ကိစ္စများနှင့် နှစ်နိုင်ငံနယ်စပ် ပင်လယ်ပြင်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့် သတင်းအချက် အလက်အပြန်အလှန်ဖလှယ်ကြကာ အတူတကွလက်တွဲပူးပေါင်းဖြေရှင်းကြရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။
**ကျော်စိုး(ကော့သောင်း)**

# ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းများ ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၆**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံးနှင့် ခရိုင်လေးခရိုင်၌ ဖွင့်လှစ်မည့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၇/၂၀၁၇)ဖွင့်ပွဲများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ သင်တန်းခန်းမ၌ ဇူလိုင် ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ကဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ဒေသတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ တိုင်းဒေသကြီးဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၊ ရဲအကူတပ်ဖွဲ့ ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားရဲတပ်ဖွဲ့ဝင်များ ၁၂၅ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။
**(မြန်မာ့အလင်း)**

# လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၂၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ ရက်က စေတနာအလင်းအိမ်၊ ပညာဒါနသင်တန်းကျောင်း၊ ဒက္ခိဏသာခါရာမ ပရိယတ္တိစာသင်တိုက်၊ ကျိုက်ပေါ်စေတီတော်၊ ရပ်ကွက်ကြီး(၇)၊ ပဲခူးမြို့ ဉဿာမြို့သစ်၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမေက သင်တန်းဖွင့်လှစ်ရခြင်းအားဖြင့် လုပ်ငန်းငယ်လေးများ ထူထောင်လာနိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၂၇ ဦး တက်ရောက်လျက်ရှိပြီးသင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။
**မောင်ရွှေဝင်း(ပြည်)**

# အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန စာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၆**
ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ စံချိန်စံညွှန်းနှင့် အရည်အသွေး ISO ဆိုင်ရာ စာအုပ်မူရင်းများ ဌာနစာကြည့်တိုက်နှင့် ရန်ကုန် တက္ကသိုလ် ဥပဒေဌာနသို့ စာအုပ်စာပေများပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၁ ရက်က ရန်ကုန်မြို့အမှတ်(၆)ကမ္ဘာအေးဘုရားလမ်းရှိ အဆိုပါ ဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးက လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ISO စာအုပ်အလှူရှင် Myanmar Ocean Win ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေက စာအုပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်က ISO စာအုပ်များနှင့် ဥပဒေစာအုပ်များ၊ အမျိုးသား စံချိန်စံညွှန်းနှင့် အရည်အသွေးဌာနဆိုင်းဘုတ်ကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်ချစ်ချစ်တို့က လက်ခံယူကြသည်။

ထို့နောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနသို့ Myanmar Ocean Win ကုမ္ပဏီမှ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအရည်အသွေး ISO အဆင့်ရှိ ကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ ဥပဒေစာအုပ်များနှင့် အခြားကဏ္ဍများပါဝင်သော မူရင်းစာအုပ်များအပြင် အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနဆိုင်းဘုတ်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုအခါ ISO 9001 ကို နောက်ဆုံး အရည်အသွေးမြှင့်တင်မှုကို ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ အခြားဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ Myanmar Ocean Win အနေဖြင့်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံ၏ အမျိုးသားအရည်အသွေး အခြေခံအဆောက်အအုံအား ပြန်လည်ထူထောင်ရန်ဆောင်ရွက်နေပြီဖြစ်ရာ သုတေသနနှင့် တီထွင် ဆန်းသစ်မှုဌာနက အဓိကဖြစ်ကြောင်း သိရသည်။

ယင်းတို့အား အထောက်အပံ့ပေးနိုင်စေရန်အမျိုးသားအဆင့် စံချိန်စံညွှန်းသတ်မှတ်ရေးဌာန၊ အမျိုးသားအဆင့် အသိအမှတ်ပြုရေးဌာန၊ အမျိုးသားအဆင့်တိကျစွာ တိုင်းတာခြင်းသိပ္ပံစသည့်ဌာနသုံးခုလိုကြောင်း သိရပြီး ယင်း တို့ထဲတွင် စံချိန်စံညွှန်းသတ်မှတ်ရေးဌာန၏ စာကြည့်တိုက်အတွက် လိုအပ်သော ISO စာအုပ်များကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**(မြန်မာ့အလင်း)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ပဲခူး ဇူလိုင် ၂၆**
ပဲခူးမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးတင့်ဦးဆောင်သော ဝန်ထမ်းများမှ ဇူလိုင် ၂၂ ရက်က မြို့နယ်အင်းတကော်အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူ ၂၇၀ ဦးနှင့် ပျဉ်ပုံကြီး အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၃၂၀ တို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
**သန့်စင်(ပဲခူး)**

# ဖြူးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးစိုက်ဧက ၈၀ ရာခိုင်နှုန်းစိုက်ပျိုးပြီးစီး

**ဖြူး ဇူလိုင် ၂၆**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ဇူလိုင် ၂ရက်မှစ၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြို့နယ်တစ်ခုလုံး လျာထားသတ်မှတ်ချိန်အတိုင်း မိုးစပါးစိုက်ဧက ၁၅၁၄၄၇ စိုက်ပျိုးခဲ့ကြရာယနေ့အထိ စိုက်ဧကရှစ်ဆယ်ရာခိုင်နှုန်းကျော်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါမိုးစပါးစိုက်ဧကများတွင် ယခုအခါ ဖြူးမြို့နယ်အတွင်းရှိ အမဲခေါင်ကျေးရွာအုပ်စု၊ သစ်ခြောက်ခင်ကျေးရွာအုပ်စု၊ လယ်ပြင်ကြီးကျေးရွာအုပ်စု၊ အုတ်ဖြတ်ကျေးရွာအုပ်စုနှင့် ဝဲကြီးကျေးရွာအုပ်စုများတွင် မိုးစပါးစိုက်ဧကများ၌ စပါးခင်းများရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။
**ဖြူး-မြင့်ဦး**

# တောင်ငူမြို့မှ နှစ်ပေါင်း ၁၅၀ နီးပါးရှိ မြို့လေးဟု ခေါ်ဆိုသည့်ခံတပ်ကြီး

**ဆောင်းပါး-တောင်ငူဒေးဒေးဖိုး**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တောင်ငူမီးရထားဘူတာရုံအနီး မီးရထားလမ်းတောင်ဘက်၌ ချုံနွယ်များကပ်ပေါက်နေကာ အကျဉ်းထောင်သဏ္ဌာန်လေးဘက်လေးတန် အုတ်တံတိုင်းအမြင့်ကြီးဖြင့် ကာရံထားသော ထုထည်ခိုင်ခိုင်ခံ့ခံ့ရှိသည့် အမိုးမဲ့ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံကြီးတစ်ခုရှိသည်။


အဆောက်အအုံဝင်ပေါက်တွင် တစ်ပေါက်တည်းရှိ၍ မြောက်ဘက်မှ ကြည့်လျှင် ဘူးအဝကဲ့သို့ မြင်ရသည်။ အချို့လူများက ထိုအဆောက်အအုံကြီးကို တောင်ငူကေတုမတီမြို့တည် နန်းတည်ရှေးဘုရင်များ ဆောက်လုပ်သွားသည့် ရှေးမြို့ရိုးဟောင်းကြီးဟု ထင်မြင်ယူဆကြသည်။

အဆိုပါ အဆောက်အအုံကြီးသည် ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး တောင်ငူမြို့အပါအဝင် အောက်မြန်မာပြည်ကို အင်္ဂလိပ်များ သိမ်းယူပြီးနောက်မှ ဆောက်လုပ်သွားသော အဆောက်အအုံကြီး ဖြစ်သည်။

ထိုအချိန်က ရန်ကုန်မှ ဖောက်ထားသော ရထားလမ်းအဆုံးမြို့သည် တောင်ငူမြို့ဖြစ်၍ အင်္ဂလိပ်တို့က မိမိတို့အကျိုးစီးပွားအတွက် လျှို့ဝှက်စွာ ဆောင်ရွက်ရမည့် စစ်တပ်အရွှေ့အပြောင်း၊ စစ်လက်နက်ပစ္စည်းများ အထုတ်အသွင်းပြုလုပ်ရန်နှင့် ဗျူဟာများကို မြန်မာများမသိရှိရန်အတွက် ဘူတာနှင့်နီးနီး၊ လူနေရပ်ကွက်နှင့်ဝေးသော နေရာကို ရွေးချယ်ဆောက်လုပ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုအဆောက်အအုံကြီးဆောက်လုပ်ရန်အတွက် မြန်မာတို့၏ ရှေးဟောင်း အမွေအနှစ်လက်ရာများဖြစ်သည့် တောင်ဘက်မြို့ထောင့်ရှိ သာရမဥ္ဇူဘုရား၊ မဟာပက္ခရသိမ်တော်၊ ကျောက်ရင်တံခါး၊ ဂါမဏိသိမ်တော်နှင့် မြို့တံခါးများကို ဖြိုချဖျက်ဆီး၍ မြေညီသည်အထိမြေဖို့ကာ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ထိုအဆောက်အအုံကြီးကို တောင်ငူမြို့သူမြို့သားများက မြို့လေးဟုခေါ်ဆိုကြသည်။ ယခင်ကေတုမတီတောင်ငူမြို့ကို တောင်ငူဘုရင်မင်းကြီးညိုက ခပေါင်းချောင်းနှင့် ပေါင်းလောင်းမြစ် (စစ်တောင်းမြစ်)ဆုံရာတွင် ဒွာရာဝတီမြို့တော်ဟောင်းကို တည်ဆောက်ခဲ့ရာ တောင်ငူသူ၊ တောင်ငူသားများက မြို့ကြီးဟုခေါ်ဆိုသောကြောင့် အဆိုပါခံတပ် အဆောက်အအုံကြီးကို မြို့လေးဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ထိုခံတပ်ကြီး အတွင်းတွင် အင်္ဂလိပ် တို့က စစ်ရေးပြကွင်းများ၊ စစ်တန်းလျားများ၊ အုပ်ချုပ်ရေးအဆောက်အုံများ၊ အရာရှိနေအိမ်များ ဆောက်လုပ်ထားရှိခဲ့သည်။ ဂျပန်တို့ အုပ်ချုပ်သောခေတ်၌ ဂျပန်တပ်များ တပ်စွဲခဲ့ပြီး ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံခြားတပ်များ ၁၉၄၅ မှ ၁၉၄၇အထိ တပ်စွဲခဲ့သည်။ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ဗမာ့တပ်မတော် သံချပ်ကာ၊ ယန္တရားတပ်များ ဆက်လက်တပ်စွဲခဲ့သည်။ ၁၉၈၈ အရေးအခင်းမတိုင်ခင်အထိ မြန်မာ့ တပ်မတော် တပ်ထိန်းတပ်ခွဲကို ထိုခံတပ်ကြီး ထဲ၌ ထားရှိခဲ့ပြီး ယခုအခါ တောင်ငူခရိုင် ရဲတပ်ဖွဲ့ဝန်ထမ်း အိမ်ရာများ၊ ခရိုင် ရဲတပ်ဖွဲ့ သင်တန်းကျောင်းများ ဖွင့်လှစ်ထားသည်။



ထိုမြို့လေးဆိုသော ခံတပ်ကြီးကို အင်္ဂလိပ်အင်ဂျင်နီယာတပ်မှ စစ်အင်ဂျင်နီယာဗိုလ်မှူးကြီး ကာနယ်ဘရောင်း (Col-Brown)က ဦးစီးတာဝန်ခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၈)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**လေကာမှန်နှင့် တံခါးမှန်များ**

ယနေ့ခေတ် မော်တော်ကားသုံး လေကာမှန်များမှာ လွှာထပ်မှန်(Laminated Glass)များ ဖြစ်ကြသည်။ ယခင်ကလည်း မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း၌ လွှာထပ်မှန်များကို အသုံးပြုခဲ့ကြသည့်တိုင်၊ အင်ဂျင်စွမ်းရည်ပို၍မြင့်မားလာသော မျက်မှောက်ခေတ် မြန်နှုန်းမြင့်ကားများအတွက် လွှာထပ်မှန်များ၏အရည်အသွေးက ပို၍ကောင်းမွန်ရန် လိုအပ်လာသည်။

သာဓကအားဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၄၀၀ ကျော်ခန့်အထိရှိသော မြန်နှုန်းမျိုးဖြင့် မောင်းနှင်နိုင်စွမ်းရှိသည့် ခေတ်သစ်မော်တော်ကားတစ်စီး၏ ရှေ့လေကာမှန်ကြီးသည် တစ်နာရီလျှင် ကီလိုမီတာ ၄၀၀ နီးပါးမျှသောနှုန်းဖြင့် ခုခံတားဆီးထားသည့် လေထု၏တွန်းအားကို ကောင်းစွာခံနိုင်ရည်ရှိရန် လိုအပ်သည်။ ဤသဘောတရားကြောင့်ပင် မျက်မှောက်ခေတ် မော်တော်ကားလေကာမှန်များကို ထုတ်လုပ်သည့် လုပ်ငန်းစဉ်ကိုလည်း အဆင့်မြှင့်တင်ရန် လိုအပ်လာသည်။

ပြင်းထန်သောလေတွန်းအားနှင့် ကျောက်ခဲစငယ်ကလေးများ၏ ထိမှန်မှုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိရန်အတွက် လွှာထပ်လေကာမှန်၌ အသုံးပြုမည့် မှန်အလွှာတစ်ထပ်ချင်းစီတို့၏ အရည်အသွေးက အထူးကောင်းမွန်ရန်လိုအပ်သလို အဆိုပါ မှန်အလွှာတစ်ထပ်ချင်းစီကို ပူးတွဲဖိကပ်သည့်နည်းပညာကလည်း အဆင့်မြင့်ရန် လိုအပ်သည်။

မှန်သား၏အရည်အသွေး၊ မှန်ကိုအခုံးပြုလုပ်ရာတွင် ရှိရမည့် အပူချိန်နှင့်ဖိအား၊ မှန်အလွှာအချင်းချင်း ပူးကပ်ရာ၌ ကြားခံထည့်သွင်းရသည့် လချေးပြား၏ အရည်အသွေးနှင့် အထူအပါး၊ လေကာမှန်ခုံးအဖြစ် နောက်ဆုံးအဆင့်ထုတ်လုပ်ရာ၌ ရှိရမည့်အပူချိန်၊ ဖိအားနှင့် အခန်းတွင်းရေငွေ့ပါဝင်နှုန်း၊ မှန်ခုံးကိုအအေးခံရာ၌ အပူချိန်လျှော့ချနှုန်း စသည်တို့သည် အရည်အသွေးအလွန်ကောင်းမွန်သော မော်တော်ကားလေကာမှန်တစ်ချပ် ရရှိလာရေးအတွက် အလွန်အရေးကြီးသော စံချိန်စံညွှန်းများ ဖြစ်ကြသည်။



မော်တော်ကားသုံး နောက်လေကာမှန်သည်လည်း ရှေ့လေကာမှန်ကြီးကဲ့သို့ပင် အရည်အသွေးကောင်းမွန်ရန် လိုအပ်သည်။ မော်တော်ကားတစ်စီးကို မောင်းနှင်အသုံးပြုသည့်အခါ နောက်လေကာမှန်သည် ရှေ့လေကာမှန်ကြီးလောက် ပြင်းထန်သည့်လေတိုးဝင်အားကို မခံရသော်လည်း မော်တော်ကား၏ တပ်ဆင်တည်ဆောက်ထားပုံအရ ဆောင့်သည့်ဒဏ်ကို နောက်လေကာမှန်က ပို၍ခံရသည်။

မော်တော်ကား၏ ဝဲယာဘေးနှစ်ဖက်ရှိ မှန်ကွက်ငယ်များနှင့် တံခါးမှန်ခွင်များ၌ တပ်ဆင်အသုံးပြုသော မှန်ချပ်ငယ်များသည်လည်း တစ်ချိန်က မှန်ပြားများသာ ဖြစ်ခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှစ် နောက်ပိုင်း၌မူ မှန်ခုံးများဖြင့် ပြောင်းလဲသုံးစွဲခဲ့ကြသည်။ မော်တော်ကားတစ်စီး၏ တံခါးမှန်ချပ်များအပါအဝင် ဝဲယာဘေးနှစ်ဖက်ရှိ မှန်ချပ်များအားလုံးကို မှန်ခုံးများဖြင့် တပ်ဆင်ထုတ်လုပ်လာကြခြင်းကြောင့် ယနေ့ခေတ် မော်တော်ကားများ၏ ရုပ်ဆင်းအင်္ဂါမှာ ပို၍ တင့်တယ်ကြည့်ကောင်းလာကြသည်။

မျက်မှောက်ကာလတွင် ရှေ့လေကာမှန်ကြီးနှင့် ယာဉ်မောင်းဘေးဝဲယာ တံခါးမှန်နှစ်ချပ်မှလွဲ၍ ကျန်မှန်များအားလုံးကို အရောင်ရင့်မှန်(Tinted Glass)များဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိနေကြသည်။ အရောင်ရင့်မှန်များသည် စူးရှတောက်ပလွန်းသောနေရောင်ကြောင့် မျက်စိထိခိုက်ခြင်းနှင့် အရေပြားပေါ်၌ အပူလောင်ခြင်းများကို အကာအကွယ်ပြုပေးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုလျက်ရှိနေကြသည်။

ဤနေရာတွင် မော်တော်ကားသုံးမှန်များနှင့်ပတ်သက်၍ လွဲမှားသောအယူအဆတချို့ ရှိနေသည်ကို သတိပြုသင့်ကြသည်။ ခရမ်းလွန်ရောင်ခြည်၏အန္တရာယ်ကို ကာကွယ်ရန်အတွက်ဟုဆိုကာ ကားမှန်များပေါ်၌ စတစ်ကာအမျိုးမျိုးကို ကပ်နေကြခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် ကားမှန်အပါအဝင် မှန်ချပ်အမျိုးမျိုးတို့ကို ဖောက်ထွင်းဖြတ်သန်းနိုင်ခြင်းမရှိသည့်အတွက် အရောင်မဲ့မှန်ဖြစ်စေ၊ အရောင်ရင့်မှန်ဖြစ်စေ မော်တော်ကားမှန်အားလုံးကို အလုံပိတ်၍ မောင်းနှင်အသုံးပြုမည်ဆိုပါက ခရမ်းလွန်ရောင်ခြည်၏အန္တရာယ်ကို စိုးရိမ်ရန်မလိုအပ်ကြောင်း သိရှိထားသင့်ကြသည်။

ကမ္ဘာ့ မော်တော်ကားထုတ်လုပ်သူများသည် အစဉ်အဆက်ကပင် ရာနှုန်းပြည့် ဖောက်ထွင်းမြင်နိုင်သော အရောင်မဲ့မှန်များဖြင့်သာ တပ်ဆင်ထုတ်လုပ်ခဲ့ကြရာမှ တစ်စတစ်စပြင်းထန်လာသော နေအပူရှိန်နှင့် တောက်ပသော အလင်းရောင်တို့မှ အကာအကွယ်ဖြစ်စေနိုင်ရန်အတွက် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ အရောင်ဖျော့ဖျော့ရှိသည့် ကာလာမှန်များဖြင့် တပ်ဆင်ထုတ်လုပ်လာခဲ့ကြသည်။ ဥရောပနိုင်ငံထုတ်ကားများတွင် အစိမ်းရောင်သမ်းသော ကာလာမှန်များကို တပ်ဆင်ထားပြီး ဂျပန်နိုင်ငံထုတ်ကားများကိုမူ နီညိုရောင်သမ်းသော ကာလာမှန်များဖြင့် တပ်ဆင်ထုတ်လုပ်ခဲ့ကြသည်။

ကမ္ဘာကြီးပိုမိုပူနွေးလာပြီး ရာသီဥတုများပြောင်းလဲလာကာ တစ်နေ့တခြား သိသာစွာ အပူချိန်မြင့်တက်လာသော သဘာဝဖြစ်စဉ်ကြီးကြောင့် ၁၉၉၃ ခုနှစ် နောက်ပိုင်းကာလများတွင် မော်တော်ကားထုတ်လုပ်သူများသည် အရောင်ရင့်မှန် (Tinted Glass)များဖြင့် တပ်ဆင်ထုတ်လုပ်လာခဲ့ကြသည်။ Tinted Glass များသည် ခရမ်းလွန်ရောင်ခြည်နှင့် ပြင်းထန်သောနေ၏ အပူရှိန်တို့ကို ကာကွယ်ပေးနိုင်စွမ်းရှိသည့်အပြင် စူးရှသောအလင်းရောင်ကြောင့် မျက်စိကိုထိခိုက်ခြင်းမှလည်း ကောင်းစွာ တားဆီးပေးနိုင်သည်။

သို့ရာတွင် အရောင်မဲ့မှန်များနှင့် နှိုင်းယှဉ်ပါက ဖောက်ထွင်းမြင်နိုင်စွမ်းအား (Visible Light Transmittance-VLT)က များစွာလျော့နည်းနေသည့်အတွက် ယာဉ်မောင်းသူအဖို့ အခက်အခဲမရှိစေရန်နှင့် ယင်းမှန်၏အကာအကွယ်ကိုအသုံးချပြီး မသမာမှုနှင့် ရာဇဝတ်မှုများ ကျူးလွန်လာနိုင်ခြင်းကို ကြိုတင်ကာကွယ် တားဆီးနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံအလိုက် ကားမှန်များ၏ ဖောက်ထွင်းမြင်နိုင်စွမ်းအားကို သတ်မှတ်ထုတ်ပြန်ထားကြသည်။

ယင်းသို့ သတ်မှတ်ထားကြရာတွင် ရှေ့လေကာမှန်ကြီးနှင့် ယာဉ်မောင်းဘေးတံခါးမှန်များအတွက် ဖောက်ထွင်းမြင်နိုင်စွမ်းအားနှင့် ကျန်တံခါးမှန်များ၏ ဖောက်ထွင်းမြင်နိုင်စွမ်းအားတို့ကို သီးခြားစီခွဲ၍ သတ်မှတ်ပေးကြသည်။ နိုင်ငံများအလိုက် သတ်မှတ်ထားသော ဖောက်ထွင်းမြင်နိုင်စွမ်းအား(VLT) ရာခိုင်နှုန်းတို့မှာ အမျိုးမျိုး ကွဲပြားကြသော်လည်း အခြေခံတူညီသည့်အချက်မှာမူ ရှေ့လေကာမှန်ကြီးနှင့် ယာဉ်မောင်းဘေးတံခါးမှန်များ၏ ဖောက်ထွင်းမြင်နိုင်စွမ်းအားကို ကျန်တံခါးမှန်များထက် ရာခိုင်နှုန်း ပိုမိုများပြားစွာ သတ်မှတ်ထားခြင်းပင်ဖြစ်သည်။

မော်တော်ကားထုတ်လုပ်သော ကုမ္ပဏီကြီးများသည် အမှာစာပေးပို့သော နိုင်ငံများတွင် လက်ခံကျင့်သုံးလျက်ရှိသော ကာလာမှန်များအတွက် VLT ရာခိုင်နှုန်း သတ်မှတ်ချက်များနှင့်အညီ အရောင်မဲ့မှန်များ၊ အရောင်ဖျော့မှန်များနှင့် အရောင်ရင့်မှန်(Tinted Glass)များကို မော်တော်ကားများ၌ တပ်ဆင်ထုတ်လုပ်ပြီး တင်ပို့ပေးကြရသည်။ အေးမြပြီး အုံ့မှိုင်းသော ရာသီဥတုရှိသည့် ဒေသနိုင်ငံများအတွက် VLT ရာခိုင်နှုန်းများသောမှန်များဖြင့် တပ်ဆင်ထုတ်လုပ်ပေးကြရပြီး နေရောင် တောက်ပစူးရှသော အပူပိုင်းဒေသအတွင်း၌ကျရောက်သည့် ဒေသနိုင်ငံများအတွက် VLT ရာခိုင်နှုန်းလျော့နည်းသော Tinted Glass များဖြင့် တပ်ဆင်ထုတ်လုပ်ပေးကြရသည်။ တစ်နည်းအားဖြင့် အပူပိုင်းဒေသနိုင်ငံများအတွက် ပို၍ အရောင်ရင့်သောမှန်များဖြင့် တပ်ဆင်ထုတ်လုပ်ပေးကြရသည်။

ပြောင်းလဲလာသော ဥတုရာသီကြောင့် အပူချိန်မြင့်မားလာနေသော ယနေ့ မျက်မှောက်ကာလတွင် Tinted Glass များဖြင့် တပ်ဆင်ထုတ်လုပ်ထားသော မော်တော်ကားများသည် ခရမ်းလွန်ရောင်ခြည် သင့်ရောက်ခံရခြင်းနှင့် ပြင်းထန်သောအပူဒဏ်ကိုခံရခြင်းတို့မှ ကောင်းစွာကာကွယ်ပေးသည့်အတွက် လူ့ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။ အထူးသဖြင့် နုနယ်သောကလေးငယ်များနှင့် အရေပြားဆိုင်ရာ ရောဂါဝေဒနာတစ်ခုခုကို ခံစားနေကြရသူတို့အတွက် များစွာ အကျိုးရှိစေသည်။

ယနေ့ခေတ်ပေါ် ဆလွန်း၊ ဆီဒင်၊ ဗင်၊ ဝက်ဂွန်နှင့် အက်စ်ယူဗွီစသော မော်တော်ကားများတွင် မှန်အချပ်ရေ အများအပြား ပါဝင်သည့်အားလျော်စွာ... အဆိုပါ ကားမျိုးများတွင် ရှေ့လေကာမှန်ကြီးနှင့် ယာဉ်မောင်းဘေးဝဲယာနှစ်ဖက်ရှိ မှန်တို့မှအပ ကျန်မှန်များအားလုံးကို အရောင်ရင့်မှန်များဖြင့်သာ တပ်ဆင်ထုတ်လုပ်ထားကြသည်။ ထရပ်၊ လိုက်ထရပ်နှင့် ပစ်ကပ်အမျိုးအစား မော်တော်ကားများ၌မူ တံခါးနှစ်ချပ်သာပါရှိသည့်အတွက် ယာဉ်မောင်းနောက်ကျောဘက်ရှိမှန်မှလွဲ၍ ကျန်မှန်များအားလုံးကို ရာနှုန်းပြည့်ဖောက်ထွင်းမြင်ရသော သမားရိုးကျ အရောင်မဲ့မှန်များဖြင့်သာ တပ်ဆင်ထုတ်လုပ်ပေးကြသည်။

အချို့သော ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းသူတို့သည် လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ကျန်းမာရေးအရသော်လည်းကောင်း၊ အခြားသော အကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ယာဉ်မောင်းဘေးဝဲယာရှိ တံခါးမှန်များကို အရောင်ရင့်မှန်များအဖြစ်သို့ ပြောင်းလဲလိုလေ့ရှိကြသည်။ သို့ရာတွင် မျက်မှောက်ခေတ် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ မော်တော်ကားထုတ်လုပ်မှု စံနှုန်းများအရ အရေးကြီးပုဂ္ဂိုလ်များ စီးနင်းအသုံးပြုရန်အတွက် သီးသန့်မှာကြားထားသော မော်တော်ကားများ၊ လူနာတင်ကားများ၊ နာရေးကိစ္စသုံး မော်တော်ကားများ စသည်တို့မှလွဲ၍ ကျန်မော်တော်ကားများ၏ ယာဉ်မောင်းဘေးဝဲယာ တံခါးမှန်များကို ရာနှုန်းပြည့်ဖောက်ထွင်းမြင်နိုင်သော မှန်များဖြင့်သာ တပ်ဆင်ထုတ်လုပ်ကြရသည့်အားလျော်စွာ... များပြားလှသော ကားအမျိုးအမည်နှင့် များမြောင်လှသော ကားတံခါးမှန်ပုံစံတို့အထဲတွင် ယာဉ်မောင်း၏ ဘေးဝဲယာတံခါးအတွက် အရောင်ရင့်မှန်များကို ပြင်ပဈေးကွက်၌ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ခြင်းမရှိကြပေ။

သို့ဖြစ်၍ အလွယ်ကူဆုံးနည်းလမ်းဖြစ်သော အရောင်ရင့်မှန်ကပ်ခွာ(Sticker)များကပ်ကာ မောင်းနှင်အသုံးပြုလေ့ ရှိကြသည်။ မော်တော်ကားသုံးမှန်များ၌ကပ်၍ သုံးစွဲနိုင်သည့် အရောင်အမျိုးမျိုးသော ကပ်ခွာများကို ထုတ်လုပ်ကြရာ၌လည်း ဖောက်ထွင်းမြင်နိုင်စွမ်းအားကို အခြေခံထားပြီး မြင်နိုင်စွမ်းအား ရာခိုင်နှုန်းအမျိုးမျိုးရှိကြသည့် စတစ်ကာများကို ထုတ်လုပ်ကာ ဈေးကွက်အသီးသီးသို့ တင်ပို့ဖြန့်ချိကြရသည်။ ယေဘုယျအားဖြင့် နိုင်ငံတကာဈေးကွက်များထဲ၌ အများဆုံးမြင်တွေ့ရလေ့ရှိသော မှန်စတစ်ကာများမှာ ဖောက်ထွင်းမြင်နိုင်စွမ်းအား ၁၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိရှိသောပစ္စည်းများ ဖြစ်ကြသည်။

မော်တော်ကားမှန်များ၌ စတစ်ကာများကိုကပ်၍ အသုံးပြုကြရာတွင် သက်ဆိုင်ရာနိုင်ငံများအလိုက် သတ်မှတ်ပေးထားသော ဖောက်ထွင်းမြင်နိုင်စွမ်းအားထက် လျော့နည်းသည့် စတစ်ကာများ တစ်နည်းဆိုရသော် သတ်မှတ်ချက်ထက် အရောင်ပိုရင့်သော စတစ်ကာများကို အသုံးမပြုဘဲ သတ်မှတ်ချက်နှင့်ညီညွတ်သည့် စတစ်ကာများကိုသာ တပ်ဆင်အသုံးပြုသင့်ကြသည်။

**ကား၏တည်ငြိမ်မှု**

မော်တော်ကား ခေတ်ဦးကာလမှအစပြု၍ ရာစုနှစ်တစ်စုမျှ ကာလအတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ထုတ်လုပ်ခဲ့ကြသော မော်တော်ကားများအားလုံးသည် နည်းပညာပိုင်းဆိုင်ရာအရ တိုးတက်ပြောင်းလဲမှုများ အထိုက်အလျောက်ရှိခဲ့ကြသည့်တိုင် မြန်နှုန်းမြင့်မောင်းနှင်နေချိန်၌ တည်ငြိမ်မှုရရှိအောင် တွက်ချက်ပုံစံထုတ်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။




ကမ္ဘာပေါ်၌ မော်တော်ကားကို စတင်တီထွင်ခဲ့သည့်နိုင်ငံမှာ ပြင်သစ်နိုင်ငံဖြစ်ပြီး ပြင်သစ်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုကိုအကြောင်းပြုကာ အနောက်ဥရောပတစ်ဝန်း၌ မော်တော်ကားနည်းပညာ ပြန့်ပွားလာခဲ့သည်။ ထိုမှတစ်ဆင့် အနောက်ဥရောပနိုင်ငံများကပါ မော်တော်ကားများကို တပ်ဆင်ထုတ်လုပ်လာခဲ့ကြရာ ယင်းတို့အထဲတွင် ဗြိတိန်သည် မော်တော်ကားထုတ်လုပ်မှု နည်းပညာအရာ၌ ကျန်ဥရောပနိုင်ငံများထက် ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ကမ္ဘာ့အကောင်းဆုံး မော်တော်ကားဖြစ်သော ရိုးစ်ရွိုက်စ်သည် ဗြိတိန်နိုင်ငံအခြေစိုက် အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး ကမ္ဘာ့ဈေးအကြီးဆုံးသော အဆိုပါဇိမ်ခံ Grand Saloon ကို ဗြိတိန်က အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။

ပြင်သစ်နိုင်ငံ၏ မော်တော်ကားတီထွင်နိုင်မှုကို အကြောင်းပြု၍ ဥရောပတစ်ဝန်း မော်တော်ကားများကို အမှတ်တံဆိပ်မျိုးစုံဖြင့် အပြိုင်အဆိုင်ထုတ်လုပ်ခဲ့ကြသည့်တိုင် ပထမ ရာစုနှစ်တစ်စုအတွင်း ကား၏တည်ငြိမ်မှုကို နည်းလမ်းတကျ တွက်ချက်ပုံစံထုတ်နိုင်သည့်အဆင့်သို့ ရောက်ရှိမလာခဲ့ကြပေ။

မော်တော်ကားသည် လေထုအတွင်းသို့ တိုးဝင်ရွေ့လျားနေသော ယာဉ်ဖြစ်သည့်အားလျော်စွာ မော်တော်ကား၏တည်ငြိမ်မှု(Stability)မှာ လေထု၏ခုခံဟန့်တားမှုနှင့် ပင့်တင်အားတို့၏ သက်ရောက်မှုကို မည်ရွေ့မည်မျှလျှော့ချနိုင်သည်ဆိုသည့်အပေါ်၌ အဓိကအားဖြင့် တည်မှီလျက်ရှိနေသည်။ အလားတူပင် လမ်းမျက်နှာပြင်၏ အနေအထားကလည်း မော်တော်ကားတစ်စီး၏တည်ငြိမ်မှုကို အထောက်အကူပြုပေးနိုင်သလို ဆိုးရွားစွာပျက်ပြားသွားအောင်လည်း စွမ်းဆောင်ပေးနိုင်စွမ်းရှိသည်။

ထို့ကြောင့်ပင် မော်တော်ကား မော်ဒယ်သစ်တစ်မျိုးကို ထပ်မံထုတ်လုပ်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ကြရာ၌ လမ်းဆိုးလမ်းကောင်းမခွဲခြားပဲ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်စေရေးအတွက် ကား၏တည်ငြိမ်မှုအဆင့်ကို အကောင်းဆုံးဖြစ်အောင် တွက်ချက်ကြရသည်။

မော်တော်ကားတစ်စီး၏ တည်ဆောက်ထားပုံ သဘောတရားအရ မြန်နှုန်းမြင့်လာလေ တည်ငြိမ်မှုပျက်ပြားရန် အခွင့်အလမ်းက ပို၍ရှိလာလေ ဖြစ်သည်။ မော်တော်ကား၏မြန်နှုန်း မြင့်လာသည့်အခါ ကား၏ရှေ့နှင့်ဘေးနှစ်ဖက်မှ ဝမ်းဗိုက်အောက်သို့ တိုးဝင်ရောက်ရှိလာသောလေထုက အပေါ်သို့ပင့်တင်ပေးမှုကြောင့် တာယာနှင့်လမ်းမျက်နှာပြင်တို့ ထိတွေ့ပွတ်တိုက်သောကုတ်အားမှာ လျော့ကျသွားသည်။ ထိုကဲ့သို့ ကုတ်အားစတင်လျော့ကျသွားခြင်းသည် မော်တော်ကား၏ တည်ငြိမ်မှုပျက်ပြားခြင်း ကနဦးအစပင်ဖြစ်သည်။

အဆိုပါ သဘောတရားကြောင့်ပင် မော်တော်ကားကို မြန်နှုန်းထပ်မံမြှင့်တင်လိုက်မည်ဆိုပါက ကားဘီးတာယာနှင့် လမ်းမျက်နှာပြင်တို့ ထိတွေ့ပွတ်တိုက်သည့် ကုတ်အား ပိုမိုကျဆင်းပြီး တည်ငြိမ်မှုပျက်ယွင်းလာသည်ကို ကြုံတွေ့ကြရလိမ့်မည်ဖြစ်သည်။

ထို့ကြောင့်ပင် မော်တော်ယာဉ်အင်ဂျင်နီယာများနှင့် သိပ္ပံသုတေသီတို့က မြန်နှုန်းမြင့်အခြေအနေတွင် မော်တော်ကား၏ တည်ငြိမ်မှုအနေအထား ပျက်ယွင်းမှုမရှိရလေအောင် တတ်နိုင်သရွေ့ကြိုတင်စဉ်းစား တွက်ချက် အဖြေထုတ်ကြရခြင်းဖြစ်သည်။ ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်ကြီးများ၊ အပေါ့စားဝန်တင် ယာဉ်ငယ်များနှင့် ဝက်ဂွန်ယာဉ် စသည်တို့မှလွဲ၍ ကျန်အမျိုးအစားအားလုံးကို ပုံစံထုတ်ရာတွင် မြန်နှုန်းမြင့်အခြေအနေ၌ လေ၏ပင့်တင်အား လျော့ကျစေရန်အတွက် နိမ့်ပြီးဝပ်နေသော ဒီဇိုင်းမျိုးကို ရေးဆွဲကြရသည်။

မော်တော်ကား၏ဝမ်းဗိုက်နှင့် လမ်းမျက်နှာပြင်တို့ကို တတ်နိုင်သမျှနီးကပ်အောင် ပုံစံထုတ်ခြင်း၊ ရှေ့ဘီးနှစ်ဘီးဆီသို့ တိုးဝင်ရောက်ရှိကာ ဘီး၏ရွေ့လျားမှုကို ခုခံဟန့်တားမည့် လေထုကို ဝဲယာနှစ်ဖက်သို့ လမ်းကြောင်းလွှဲပြောင်းပေးမည့် ရှေ့ဘမ်ပါပုံစံကို ရေးဆွဲထုတ်လုပ်ခြင်း၊ ကား၏ ရှေ့နောက် ဘမ်ပါများနှင့် ကားကိုယ်ထည်ဝဲယာနံဘေးအောက် ပတ်ပတ်လည်တွင် စကတ်များတပ်ဆင်ပေးထားခြင်း စသည်တို့ကို စနစ်တကျ တွက်ချက်လုပ်ဆောင်ပေးခြင်းအားဖြင့် ကားကို အရှိန်ပြင်းပြင်း မောင်းနှင်သည့်အခါ မော်တော်ကား၏ဝမ်းဗိုက်အောက်တွင် လေဖိအားနည်းသည့် နေရာအဝန်းအဝိုင်းတစ်ခုကို ဖြစ်ပေါ်လာအောင် ဖန်တီးတီထွင်ပေးကြရသည်။

အချို့သော ကမ္ဘာ့နာမည်ကျော်အမှတ်တံဆိပ် မော်တော်ကားကုမ္ပဏီကြီးများဆိုလျှင် အထက်ဖော်ပြပါ ဖန်တီးမှုများအပြင် မော်တော်ကား၏ဝမ်းဗိုက်အောက်သို့ တိုးဝင်ရောက်ရှိလာသည့် လေထုပမာဏ အနည်းငယ်မျှလောက်ကိုပင် လေပွေများကဲ့သို့ရစ်ပတ်စေပြီး မော်တော်ကား၏နောက်ဘက်သို့ လွယ်ကူလျင်မြန်စွာ ထွက်ခွာသွားစေသည်အထိပင် စဉ်းစားတွက်ချက် ပုံစံရေးဆွဲကာ မော်တော်ကားမော်ဒယ်သစ်များကို ထုတ်လုပ်ပေးလျက်ရှိနေကြသည်။ ။

# အိုးထရက်ဖို့ဒ်၊ ရီနာတိုဆန်းချက်တို့ရဲ့ အနာဂတ်



ကွင်းလယ်တိုက်စစ်မှူးကောင်းတွေကို ရှာဖွေနေတဲ့ မန်ယူနည်းပြ မော်ရင်ဟိုကတော့ တိုက်စစ်မှာ အားဖြည့်ဖို့အတွက် ဆယ်ကျော်သက် ကွင်းလယ်တိုက်စစ်မှူး ရီနာတိုဆန်းချက်ကို ခေါ်ယူဖို့ ကြိုးစားနေပြန်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းမှာ လက်ရှိကစားနေတဲ့ ရီနာတိုဆန်းချက်ကို မန်ယူရဲ့တာဝန်ရှိသူတွေက ခေါ်ယူနိုင်ရေးအတွက် ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။

တကယ်တော့ နည်းပြမော်ရင်ဟိုခေါ်ယူလိုနေတဲ့ ဆယ်ကျော်သက် လူငယ် ကွင်းလယ်တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ရီနာတိုဆန်းချက်ဟာ ၁၉ နှစ်အရွယ်သာရှိသေးတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ပေါ်တူဂီနိုင်ငံ အမာဒိုရာမြို့မှာ မွေးဖွားခဲ့တဲ့ ရီနာတိုဆန်းချက်ဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ နံပါတ် ၃၅ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားနေသူဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်က ရီနာတို ဆန်းချက်ကို ပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်း သတ်မှတ်ထားတယ်လို့ မီဒီယာတွေက ဖော်ပြနေပေမယ့် ဘိုင်ယန်မြူးနစ်နည်းပြ အန်ဆယ်လော့တီကတော့ ထုတ်ရောင်းမှာ မဟုတ်ဘူးလို့ ဆိုနေပါတယ်။ ရီနာတို ဆန်းချက်ကို အေစီမီလန်အသင်းနဲ့ အင်တာမီလန်အသင်းတွေကလည်း ခေါ်ယူဖို့ ကြိုးစားနေကြတာမို့ မန်ယူက လက်ဦးမှုရယူရေး ကြိုးစားနေခြင်းဖြစ်ပါတယ်။

ရီနာတို ဆန်းချက်ဟာ အသက် ကိုးနှစ်အရွယ်ကတည်းက ဘင်ဖီကာအသင်းကို ရောက်ရှိနေတဲ့သူဖြစ်ပြီး ဘင်ဖီကာ လူငယ်အသင်းမှာ ခြေစွမ်းပြကစားနိုင်လို့ ဘင်ဖီကာ (B)အသင်းကို ၂၀၁၄ ခုနှစ်မှာ ကစားခွင့်ရခဲ့သူဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာ ဘင်ဖီကာ (B) အသင်းအတွက် ၃၄ ပွဲ ကစားခဲ့ပြီး သုံးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာတော့ ဘင်ဖီကာအသင်းကြီးကို ရောက်ရှိ ကစားခွင့်ရခဲ့ပြီး အဲဒီနှစ်မှာ ပွဲပေါင်း ၂၄ ပွဲ ပါဝင်ကစားခဲ့ရာမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဘောလုံးဖြန့်ဝေမှု သေသပ်တိကျပြီး တိုက်စစ်ကိုပါ လိုက်လံအားဖြည့်ပေးနိုင်တဲ့ ရီနာတို ဆန်းချက်ရဲ့ စွမ်းရည်ကို ဘိုင်ယန်မြူးနစ်က သဘောကျခဲ့ပြီး ၂၀၁၆ ခုနှစ် မေ ၁၀ ရက်မှာတော့ ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းနဲ့ ခြောက်နှစ် စာချုပ်ချုပ်ဆိုပြီး ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် အားကစားမီဒီယာတွေကတော့ ရီနာတိုဆန်းချက်ကို ဘိုင်ယန်မြူးနစ်က ခေါ်ယူခဲ့ရာမှာ စုစုပေါင်း ကုန်ကျမှု ပေါင် သန်း ၈၀ နီးပါးကျသင့်ခဲ့တယ်လို့ ဆိုနေကြပါတယ်။ တကယ်သာ အဲဒီပမာဏအတိုင်း ကုန်ကျခဲ့မယ်ဆိုရင် ဘိုင်ယန်မြူးနစ်ကလပ်သမိုင်းမှာ ဘောလုံးသမား ခေါ်ယူမှုအတွက် စတုတ္ထမြောက် ငွေကုန်ကျမှုအများဆုံး ဘောလုံးသမားဖြစ်လာပါလိမ့်မယ်။

ဘိုင်ယန်မြူးနစ်မှာ ဗီဒယ်၊ ဂေ့ါဇီနဲ့ မာတီနက်ဇ်တို့ပြီးရင် ရီနာတိုဆန်းချက်က ကြေးအများဆုံးပေးရတဲ့ ဘောလုံးသမားတစ်ဦးအဖြစ် ရပ်တည်နေပါတယ်။ ဒါကြောင့် အနာဂတ်ဘိုင်ယန်မြူးနစ်အသင်းအတွက် အလားအလာကောင်းတဲ့ ရီနာတိုဆန်းချက်ကို နည်းပြ အန်ဆယ်လော့တီက ထုတ်ရောင်းမှာ မဟုတ်ဘူးလို့ ငြင်းဆိုနေတာပဲ ဖြစ်ပါတယ်။

ရီနာတိုဆန်းချက်ဟာ ပေါ်တူဂီအသင်းအတွက် ယူ-၁၅၊ ယူ-၁၆၊ ယူ-၁၇၊ ယူ-၁၉နဲ့ ပေါ်တူဂီ လက်ရွေးစင်အသင်းကြီးအတွက် စုစုပေါင်း ၅၂ ပွဲကစားပေးခဲ့ရာမှာ ဂိုးပေါင်း ကိုးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ပေါ်တူဂီအသင်းရဲ့ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားနိုင်တဲ့ စွမ်းရည်ရှိသူတစ်ဦးလို့ သတ်မှတ်ခံထားရသူလည်း ဖြစ်ပါတယ်။

ကမ္ဘာကျော် ဒတ်ချ်ဘောလုံးသမား အဂ္ဂါဒေးဗစ်လို ဆံပင်ပုံစံနဲ့ ထူးခြားတဲ့ ကစားဟန်ကြောင့် ရီနာတိုဆန်းချက်ဟာ ပရိသတ်တွေ စိတ်ဝင်စားပြီး အားပေးချစ်ခင်ကြတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ဘိုင်ယန်မြူးနစ်နည်းပြ အန်ဆယ်လော့တီရဲ့ အားထားရတဲ့ ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ပါတယ်။

အခုအချိန်မှာတော့ မန်ယူအသင်းအတွက် ခေါ်ယူဖို့ နည်းပြမော်ရင်ဟို အကြိုက်လူငယ်ကစားသမားတစ်ဦးဖြစ်တာမို့ အိုးထရက်ဖို့ဒ်ကွင်းကို အရောက်ခေါ်ယူနိုင်ရေး ကြိုးစားနေပြီဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာလည်း လောလောဆယ်မှာ ရောင်းချဖို့ စိတ်ကူးမရှိပေမယ့် မီဒီယာတွေကတော့ ရီနာတိုဆန်းချက်က မန်ယူအသင်းကို ရောက်ရှိနိုင်တယ်လို့ ဖော်ပြနေကြပါတယ်။

လက်တွေ့မှာ မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကို ရောက်မရောက် သူတို့ရဲ့ အနာဂတ်ကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# ကမ္ဘာ့ရေကူးပြိုင်ပွဲတွင် အဒမ်ပီရာတီ ကမ္ဘာ့စံချိန်သစ်တင်



ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့မှာ ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့တဲ့ ကမ္ဘာ့ရေကူးပြိုင်ပွဲရဲ့ မီတာ ၅၀ ဖားကူးပြိုင်ပွဲမှာ ဂရိတ်ဗြိတိန် ရေကူးသမား အဒမ်ပီရာတီဟာ ကမ္ဘာ့ စံချိန်သစ် တင်နိုင်ခဲ့ပါတယ်။

အဒမ်ပီရာတီဟာ ၂၀၁၅ ခုနှစ်က ကျင်းပခဲ့တဲ့ ကမ္ဘာ့ရေကူးပြိုင်ပွဲရဲ့ မီတာ ၅၀ ဖားကူးရေကူးပြိုင်ပွဲမှာလည်း ၂၆ ဒသမ ၄၂ စက္ကန့်နဲ့ ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သူဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာတော့ ၂၆ ဒသမ ၁၀ စက္ကန့်နဲ့ ကမ္ဘာ့စံချိန်သစ်ကို ထပ်တင်နိုင်ခဲ့ပြန်ပါတယ်။

အဒမ်ပီရာတီဟာ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ၂၀၁၄ ခုနှစ်က ကျင်းပခဲ့တဲ့ ဥရောပချန်ပီယံရှစ် ရေကူးပြိုင်ပွဲမှာလည်း မီတာ ၅၀ ဖားကူးပြိုင်ပွဲမှာ ၂၆ ဒသမ ၆၂ စက္ကန့်နဲ့ ဗိုလ်စွဲခဲ့သူဖြစ်ပြီး အခုစံချိန်တွေကတော့သူ့ရဲ့ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးစံချိန်ပဲဖြစ်ပါတယ်။

“ပြိုင်ပွဲ မဝင်ခင်ကတည်းက ကျွန်တော် ၂၀၁၅ ခုနှစ်က တင်ထားတဲ့ စံချိန်ကို ချိုးနိုင်ဖို့ ယုံကြည်စိတ် အပြည့်အဝရှိနေခဲ့တယ်။ အခုတော့ လက်တွေ့ကြိုးစားပြနိုင်ပါပြီ။ ဆက်ပြီးတော့လည်း စံချိန်ချိုးနိုင်အောင် အားထုတ်သွားပါဦးမယ်”လို့ အဒမ်ပီရာတီက ပြောကြားသွားပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**




# ဆွမ်ဆီး ကွင်းလယ်ကစားသမား ဆီဂတ်ဆင်ကို အဲဗာတန်က ပေါင် ၄၅ သန်းဖြင့် ခေါ်မည်

ဆွမ်ဆီးအသင်းရဲ့အိုင်စလန် ကွင်းလယ်ကစားသမား ဆီဂတ်ဆင်ကို ပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်းနဲ့ ခေါ်ယူနိုင်ရေး အဲဗာတန်အသင်းက နီးစပ်နေပြီဖြစ်ပါတယ်။

ဆွမ်ဆီးအသင်းအနေနဲ့ ဆီဂတ်ဆင်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ အထိ ရရှိလိုပေမယ့် အဲဗာတန်အသင်းက ပထမဦးစွာ ပေါင်သန်း ၄၀ သာ ပေးခဲ့ရာမှ အခုလို ပေါင် ၄၅ သန်းအထိ တိုးပေးဖို့ သဘောတူခဲ့တာဖြစ်ပါတယ်။

အဲဗာတန်အသင်းနည်းပြ ကိုးမန်းဟာ အခုနွေရာသီအပြောင်းအရွှေ့ကာလမှာ ဆီဂတ်ဆင်ကို ခေါ်ယူနိုင်ရေး ဦးစားပေးနံပါတ်တစ်အဖြစ် သတ်မှတ်ထားခဲ့ပေမယ့် ဆွေးနွေးညှိနှိုင်းမှုတွေ၊ ပြောင်းရွှေ့ကြေး ကိစ္စရပ်တွေနဲ့ ကြန့်ကြာခဲ့တာဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဆီဂတ်ဆင်ဟာ အဲဗာတန်အသင်းကို အောင်မြင်မှုရအောင် ကူညီပေးနိုင်မယ့် ကစားသမားဖြစ်ပြီး တိုက်စစ်ရော ခံစစ်ပိုင်းတွေမှာပါ အားထားရတဲ့ စွမ်းဆောင်မှုမျိုးရှိသူ ဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ အခုနွေရာသီဘောလုံးသမား အပြောင်းအရွှေ့ကာလမှာ ဘောလုံးသမား ခေါ်ယူမှုအတွက် ပေါင်သန်း ၁၄၀ အထိ သုံးစွဲထားပြီးဖြစ်ပါတယ်။

# မန်စီးတီးမှ အသက် ၁၇ နှစ်အရွယ် တိုက်စစ်မှူး ဆန်ချိုအား ဒေ့ါမွန်က ခေါ်ယူရန်ကြိုးစားနေ

မန်စီးတီးအသင်းမှ ဆယ်ကျော်သက် တိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ဒေ့ါမွန်အသင်းက ခေါ်ယူဖို့ ကြိုးစားနေတာမို့ စာချုပ်ချုပ်ဆိုဖို့ နီးစပ်နေပြီဖြစ်တယ်လို့ အားကစားမီဒီယာတွေက ဖော်ပြနေပါတယ်။

အသက် ၁၇ နှစ်သာ ရှိသေးတဲ့ ဆန်ချိုဟာ ၂၀၁၅ ခုနှစ်က ဝက်ဖို့ဒ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ငါးသိန်းနဲ့ ရောက်ရှိလာခဲ့တဲ့ လူငယ်ကစားသမားဖြစ်ပါတယ်။ ဆန်ချိုက အင်္ဂလန်ဘောလုံးအသင်း အနာဂတ်အတွက် တောက်ပလာမယ့် ကြယ်ပွင့်တစ်ပွင့်အဖြစ် သတ်မှတ်ခံထားနေရသူလည်း ဖြစ်ပါတယ်။ ဆန်ချိုကို ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ အာဆင်နယ်နဲ့ စပါးအသင်းတွေကတော့ ဒေ့ါမွန်ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်နေပြီး သူတို့ကလည်း ခေါ်ယူဖို့ အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားနေပါတယ်။ မန်စီးတီးအသင်းကြီးအတွက် ဘောလုံးသမားအပြောင်းအရွှေ့မှာ ငွေကြေး ကုန်ကျမှုများပြားနေတာမို့ ဆန်ချိုကို ထုတ်ရောင်းဖို့ တာဝန်ရှိသူတွေ စဉ်းစားခဲ့ကြတာဖြစ်ပါတယ်။

ဆန်ချိုက အင်္ဂလန် ယူ-၁၇ အသင်းမှာ ပါဝင်နေပြီး ယခုနှစ် အစောပိုင်းက ဥရောပ ယူ-၁၇ ချန်ပီယံပြိုင်ပွဲမှာ အင်္ဂလန်အသင်းအတွက် ခြေစွမ်းပြခဲ့သူလည်း ဖြစ်ပါတယ်။

# ဗောဓိတထောင် ထိုင်တော်မူရုပ်ပွားတော်ကြီး ဦးကင်းတော်နှင့် ကြာပလ္လင် တပ်ဆင်

**မုံရွာ ဇူလိုင် ၂၆**

မုံရွာမြို့ မဟာဗောဓိတထောင် သာသနာ့နယ်မြေတွင် တည်ထားလျက်ရှိသော ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော်ကြီးတွင် ကြာပလ္လင်တော်၊ ကြာဖတ်များ ဇူလိုင် ၂၀ ရက်မှစ၍ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ကြာပလ္လင်ကြာဖတ်များကို သံချည်သံကွေးများဖြင့် ပုံဖော်ခြင်းဖြစ်ပြီး သံဆန်ခါ၊ အုတ်ညှပ်ဆန်ခါများကပ်လျက် အင်္ဂတေဖြင့် ပုံဖော်တပ်ဆင်ခြင်းများကို အဆင့်ဆင့်ပြုလုပ်လျက်ရှိကြောင်းသိရသည်။ ထို့အပြင် အချင်း ၂၆ ပေနှင့် အမြင့် ၁၃ ပေရှိ ရုပ်ပွားတော်ကြီး၏ ဦးကင်းတော် တပ်ဆင်နိုင်ရန်အတွက်လည်း ပြင်ဆင်နေပြီဖြစ်ရာ မကြာမီ တွင် ဦးခေါင်းတော်နှင့် ကြာပလ္လင်တော်များ ပုံပေါ်လာတော့မည်ဖြစ်ကြောင်း သိရသည်။



မုံရွာမြို့ မဟာဗောဓိတထောင်တွင် ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူ ရုပ်ပွားတော်နှင့် ကမ္ဘာ့အကြီးဆုံး ရပ်တော်မူ ရုပ်ပွားတော်ကြီးများကို တည်ထားပြီးဖြစ်၍ ပြည်တွင်းပြည်ပဘုရားဖူးများ၊ လှေလာသူများဖြင့် အမြဲစည်ကားလျက်ရှိရာ ယခုတည်ထားလျက်ရှိသော ထိုင်တော်မူရုပ်ပွားတော်ကြီး ပြီးစီးသွားလျှင် ဗောဓိတထောင် သာသနာ့နယ်မြေမှာ ပိုမိုကျယ်ဝန်း စည်ကားလာဦးမည်ဖြစ်ကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ရေဘေးသင့်အိမ်ထောင်စု ၈၃ စုမှ ပြည်သူများအား ဆန်နှင့် စားစရာများ ထောက်ပံ့

**ရွှေကျင် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် ညောင်ပိုင်း တရုတ္တန်းရပ်ကွက်အတွင်း ရေဝင်ရောက်မှုကြောင့် ယာယီပြောင်းရွှေ့နေထိုင်ရသည့် ရေဘေးသင့်အိမ်ထောင်စု ၈၃ စုမှ လူဦးရေ ၃၆၇ ဦးတို့အား ရွှေကျင်မြို့နယ် စစ်ဗျူဟာအခြေချ(ရွှေကျင်) တပ်နယ် တပ်ရင်းတပ်ဖွဲ့များရှိ စစ်သည်များက ဆန်နှင့် စားစရာများကို မြို့နယ်သဘာဝဘေး ကြိုတင်ကာကွယ်ရေးကော်မတီ၏ ပူးပေါင်းမှုဖြင့် ဇူလိုင် ၂၄ ရက်က ထောက်ပံ့ပေးခဲ့သည်။



စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဟိန်းနှင့် အရာရှိ စစ်သည်များက ရေဘေးသင့်ပြည်သူများအတွက် ဆန်ငါးအိတ်၊ ပဲ တစ်အိတ်၊ ဆား ရှစ်ပိဿာ၊ ဆီ ငါးပိဿာနှင့် ကြက်ဥ ၂၉၅ လုံးကို ဝေငှထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များ၊ အလှူရှင်များ စုပေါင်း၍လည်း ရေဘေးသင့်အိမ်ထောင်စုများအတွက် ထမင်းထုပ်များ ဝေငှပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြစ်ကမ်းပါးပြို၍ နေအိမ်ဖျက်ရွှေ့ပြောင်းရသူများအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် လူသုံးပစ္စည်းများထောက်ပံ့

**ကလေး ဇူလိုင် ၂၆**

ကလေးမြို့နယ် တောင်ဦးကျေးရွာ၌ ဇူလိုင် ၂၀ ရက်က မြစ်သာမြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့ပြီး ကမ်းပါးမပြိုကျမီက ကြိုတင်ဖျက်သိမ်းရွှေ့ပြောင်းခဲ့ရသော အိမ်နှစ်အိမ်မှ အိမ်ထောင်စုနှစ်စု လူဦးရေ ကိုးဦးအတွက် လူအသုံးအဆောင်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများကို ကလေးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဇူလိုင် ၂၄ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။ ကလေးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည့် ထောက်ပံ့ပွဲတွင် တစ်အိမ်ထောင်လျှင် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် တစ်သိန်းစီနှင့် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုး ၁၉၉၀၀ ကျပ်၊ တစ်အိမ်ထောင်လျှင် အမျိုးသားဝတ် လုံချည်တစ်ထည်၊ အမျိုးသမီးဝတ် ထမီတစ်ထည်၊ စောင်တစ်ထည်၊ ဒန်အိုး တစ်လုံး၊ ဇလုံတစ်လုံး၊ တဘက်တစ်ထည်၊ တီရှပ်နှစ်ထည်၊ ဆပ်ပြာတစ်ထောင့်၊ ခြင်ထောင်တစ်လုံးနှင့် ပလတ်စတစ်ပုံး တစ်လုံးစီတို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြတ်ဇော်ထွန်းတို့ က ထောက်ပံ့ခဲ့သည်။ **ဂျူနိုင်း**

# ရေချိုပုစွန်များ အမိအရများ၍ ရန်ကုန်ငါးဈေးများသို့ ပိဿာချိန် ၁၀၀၀၀ ကျော် တင်ပို့နိုင်

**ဖျာပုံ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ယခုရက်များမှာ ရေထရက်လည်းဖြစ်၊ မိုးလည်းရွာသဖြင့် လယ်ကွင်းများမှ ပုစွန်မျိုးစုံ မြစ်ချောင်းများအတွင်း ဝင်ရောက်လာ၍ ပုစွန်ဖမ်းသည့် ရေလုပ်ငန်းရှင်များအနေဖြင့် ပုစွန်အမိအရများပြီး ဝင်ငွေအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပုစွန်များ ဖမ်းဆီးရမိမှုများသဖြင့်ဈေးများ၌ ရောင်းချရာတွင်လည်း ဈေးနှုန်းသက်သာသဖြင့် ဈေးဝယ်သူများအတွက်လည်း အဆင်ပြေလျက်ရှိသည်။ ဇူလိုင် ၂၅ ရက်က ဖျာပုံပုစွန်ဈေးကွက်တွင် ပံနပြားပုစွန် တစ်ပိဿာလျှင် ၅၀၀၀ ကျပ်၊ ဘော့ချိပ်ပုစွန် တစ်ပိဿာလျှင် ၆၀၀၀ ကျပ် ဈေးသာရှိသဖြင့် အိမ်ရှင်မများအနေဖြင့် ဈေးဝယ်ရ အဆင်ပြေလျက်ရှိသည်။

ရေလုပ်ငန်း၏သဘာဝအရ တစ်လမှာ ရေထပတ်နှစ်ကြိမ်ရှိပြီး ရေထပတ်တိုင်း ပုစွန်ပေါလေ့ရှိကြောင်း၊ ယခု ရေထပတ်တွင် မိုးရွာလိုက်နေပူလိုက်ဖြစ်သဖြင့် ရေချို ပုစွန်များ ပိုကျကြောင်း၊ ဇူလိုင် ၂၃ ရက်မှ လကုန်သည်အထိ ရက်များသည် ရေထရက်များဖြစ်၍ အခြားရက်များထက် အမိအရများနေဦးမည်ဖြစ်ကြောင်း ရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဖျာပုံငါးဈေးကွက်တွင် ညဘက်ဖမ်းယူရရှိသည့် ပုစွန်များကို နံနက် စားသုံးသူဈေးကွက်အတွက် ဦးစားပေးရောင်းချကြပြီး ပိုလျှံပါက နေ့ခင်းဖမ်းယူရရှိသည့် ပုစွန်များနှင့်ရော၍ ရေခဲရိုက်ကာ ရေယာဉ်များ၊ ကားများဖြင့် ရန်ကုန်ငါးဈေးကွက်များသို့ အချိန်မီပို့ဆောင်ရောင်းချကြကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဖျာပုံမြို့၌ ပုစွန်များ အမိအရများနေသဖြင့် ဖျာပုံဈေးကွက်တွင် ပုစွန်ဈေးနှုန်း သက်သာနေသည့်အပြင် ရေလုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်ဈေးကွက်သို့လည်း ပုစွန်မျိုးစုံကို တစ်ရက်လျှင် ပိဿာချိန်တစ်သောင်းကျော်အထိ တင်ပို့လျက်ရှိကြောင်းသိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ချက် စစ်တမ်းကောက်ယူ

**မိုးညှင်း ဇူလိုင် ၂၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကချင်အထူးစီမံချက်(MEC) က ဦးစီး၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ချက် စစ်တမ်းကောက်ယူခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ ဇူလိုင် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ စစ်တမ်းကောက်ယူခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေ၊ ကချင်အထူးစီမံချက်ရုံး စီမံချက်အရာရှိ ဒေါ်စုမြတ်သန္တာနှင့် သင်တန်းအရာရှိ ဦးမြင့်အောင်နှင့်အဖွဲ့၊ မိုးညှင်းမြို့နယ်ကြက်ခြေနီသူပြုတပ်ခွဲမှူး ဦးဇော်နိုင်ထွန်းနှင့်အဖွဲ့၊ ပင်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်လင်းနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

"ဒီကနေ့ ကျင်းပပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲဟာ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမောက်နှင့် မိုးညှင်းမြို့နယ်မှာရှိတဲ့ ကျေးလက်ဒေသတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကချင်အထူးစီမံချက်(MEC)ဖြင့် ကျေးလက်ဒေသတွေကိုသွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေကို လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ လိုအပ်ချက်တွေကို ကျွန်တော်တို့ကြက်ခြေနီအဖွဲ့က စနစ်တကျ စစ်တမ်းကောက်ယူပြီး ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးပါတယ်။ အကယ်၍ ကျွန်တော်တို့အဖွဲ့က မစွမ်းဆောင်နိုင်ဘူးဆိုရင် အခြားအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးပါတယ်။ အရင်နှစ်တွေကလည်း ကချင်ပြည်နယ်အတွင်းက စစ်ရှောင်စခန်းတွေကိုသွားရောက်ပြီး လိုအပ်တာတွေကို ဝိုင်းဝန်းဆောင်ရွက်ပေးပါတယ်။ အဓိကအားဖြင့် စီးပွားရေးလိုအပ်ချက်တွေဖြစ်တဲ့ တစ်နိုင်တစ်ပိုင်ဝင်ငွေရနိုင်တဲ့ အသေးစားလုပ်ငန်းတွေကို ထောက်ပံ့ပေးခဲ့ပါတယ်။ အခုလည်း မိုးညှင်းမြို့နယ်က နယ်စပ်ဒေသဖြစ်တဲ့ သာယာကုန်းကျေးရွာဟာ စစ်ကိုင်းတိုင်းဒေသနဲ့ နယ်မြေချင်းဆက်စပ်နေပြီး သဘာဝဘေးအန္တရာယ်ကြောင့် ကျေးရွာချင်းဆက်တံတားများ ခဏခဏပျက်စီးတာတွေကို ကျေးရွာဖွံ့ဖြိုးတိုးတက်ဖို့ ကျေးရွာလူထုနဲ့ပူးပေါင်းပြီး ဝိုင်းဝန်းလုပ်ဆောင်ဖို့ ရောက်ရှိလာတာဖြစ်ပါတယ်"ဟု ကချင်အထူးစီမံချက်ရုံးမှ ကြီးကြပ်ရေးမှူးဖြစ်သူ ဦးဝင်းဇော်ထွန်းက ပြောကြားသည်။

အဆိုပါ ကချင်အထူးစီမံချက်အဖွဲ့သည် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ကျေးရွာရပ်မိရပ်ဖ ဒေသခံများနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် စီးပွားရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်ကြောင့် ဆက်လက်လုပ်ဆောင်ရမည့် ရှေ့လုပ်ငန်းစဉ်များတွင် လိုအပ်သည့် ကျေးရွာတည်ဆောက်ပုံ မြေပုံအနေအထားရေးဆွဲခြင်း၊ ဒေသခံများ၏ လိုအပ်ချက်များကို မေးမြန်းခြင်း၊ စစ်တမ်းကောက်ယူခြင်းတို့ကို ဇူလိုင် ၂၄ နှင့် ၂၅ နှစ်ရက်အတွင်း စနစ်တကျ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **(၀၆၇)**

# ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းပြီးစီး၍ ဖွင့်ပွဲကျင်းပ

**မြင်းခြံ ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကတောကျေးရွာတွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက်က ကျေးရွာတွင်းရှိ လျှပ်စစ်ထရန်စဖော်မာရှေ့တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီးဦးဇာနည်အောင်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးချုပ်က လျှပ်စစ်မီးကို အကျိုးရှိစွာ စနစ်တကျအသုံးပြုကြရေး အမှာစကားပြောကြားသည်။ ထို့နောက် မြင်းခြံခရိုင် လျှပ်စစ်မန်နေဂျာ ဦးမြသောင်းက မီးလင်းရေးနှင့်ပတ်သက်သည့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ကတောကျေးရွာတွင်တပ်ဆင်ထားသော ထရန်စဖော်မာသည် ၁၁/၀.၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးဖြစ်ပြီး ယခုအချိန်တွင် ကျေးရွာရှိအိမ် ၅၂၄ လုံးအတွက် မီတာအလုံးပေါင်း ၂၄၉ လုံးတပ်ဆင်၍ မီးသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# တိုင်းဒေသကြီးအစိုးရဖလား မြို့နယ်ပေါင်းစုံလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ထားဝယ် ဇူလိုင် ၂၆**

၂၀၁၇ ခုနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၄ ရက်က ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် အမျိုးသား( ၅၂၊ ၆၀၊ ၅၆ ) ကီလိုတန်းနှင့် အမျိုးသမီး( ၄၈၊ ၅၄ ) ကီလိုတန်း ဗိုလ်လုပွဲများကို အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးမှူး ဦးစိုးမိုးနိုင်က မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ဒိုင်လူကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးများက ဝိတ်တန်းအလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်က အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲမှ အကောင်းဆုံးလက်ဝှေ့သမား ပြည့်ဖြိုးအေး(ထားဝယ်)နှင့် အမျိုးသားပြိုင်ပွဲမှ အကောင်းဆုံးလက်ဝှေ့သမား ဝင်းလင်းထွန်း(ကျွန်းစု)တို့အားဆုများပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲနှင့် အမျိုးသားလက်ဝှေ့ပြိုင်ပွဲများတွင် ပထမရရှိသော မြို့နယ်များအား တံခွန်စိုက်ဒိုင်းဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# စိန်ခေါ်မှုများကြားမှ ပိုမိုမြင့်တက်လျက်ရှိသည့် ပြည်ပကုန်သွယ်မှု

ရှင်မင်းအုံ့(တန့်ဆည်)

မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလပတ် (ဧပြီလမှ ဇွန်လအထိ) အတွင်းမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ ရှိတဲ့အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံ ရှိခဲ့ပြီဖြစ်ပါတယ်။ အဲဒီပမာဏကို ယခင်နှစ် ကာလတူနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ပို့ကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၅ ဘီလီယံ၊ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၈ ဘီလီယံ၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

**ပို့ကုန် တင်ပို့မှု**

မြန်မာနိုင်ငံအနေနဲ့ ပြည်ပနိုင်ငံအသီးသီးကို ပြည်တွင်းမှကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာမှာ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ ၂၇ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ ၂၃ ရာခိုင်နှုန်း၊ CMP ချုပ်ပြီးအထည် တင်ပို့မှုမှာ ၁၆ ရာခိုင်နှုန်း၊ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှာ ရှစ်ရာခိုင်နှုန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုမှာ လေးရာခိုင်နှုန်းနဲ့ သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနဲ့ အခြားပစ္စည်းများ တင်ပို့မှုမှာ ၂၂ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။



**ရန်ကုန်ဆိပ်ကမ်းသို့ ပြည်ပမှဝင်ရောက်လာသော ကုန်သေတ္တာများကို တွေ့ရစဉ်** ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ယခုနှစ်အတွင်း မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန်တွေအနက် လယ်ယာထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ဆန်နဲ့ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာတို့ကို ပိုမိုတင်ပို့နိုင်ခဲ့သလို CMP ချုပ်ပြီးအထည်၊ သတ္တုနဲ့ သတ္တုရိုင်းတို့ကိုလည်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုများအနက် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုကို ကြည့်မယ်ဆိုရင် သုံးလအတွင်း အမေရိကန်ဒေါ်လာ ၂၀၃ သန်း တန်ဖိုးရှိတဲ့ ဆန်နဲ့ဆန်ကွဲ တန်ချိန် ခုနစ်သိန်းကို တင်ပို့နိုင်ခဲ့ပါတယ်။ အဲဒီပမာဏဟာ ယခင်နှစ်ကာလတူထက် တန်ချိန်လေးသိန်းကျော်၊ အမေရိကန်ဒေါ်လာ သန်း ၁၁၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ မြန်မာ့ဆန်ကို ယခင်နှစ်က နိုင်ငံပေါင်း ၁၉ နိုင်ငံကိုသာ တင်ပို့နိုင်ခဲ့ပေမယ့် ယခုနှစ်မှာတော့ နိုင်ငံပေါင်း ၄၀ အထိ တိုးတက်တင်ပို့နိုင်ခဲ့ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အီးယူရဲ့ GSP အခွင့်အရေး ရရှိလာပြီဖြစ်တဲ့အတွက် အီးယူဈေးကွက်သို့လည်း ပိုမိုတင်ပို့လာနိုင်မှာဖြစ်သလို အာဖရိကဈေးကွက်သို့လည်း ဈေးကွက်သစ်များ ထပ်မံရှာဖွေလျက်ရှိတာကြောင့် ပိုမိုတင်ပို့နိုင်တော့မှာဖြစ်ပါတယ်။

ပြည်ပဆန်ဈေးကွက် ပိုမိုရရှိရေးမှာ ဖိလစ်ပိုင်နိုင်ငံ ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (National Food Authority) က ဆန်တန်ချိန် ၂၅၀၀၀၀ အတွက် မြန်မာနိုင်ငံအား ဈေးနှုန်းတင်ဒါဖိတ်ခေါ်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမှတစ်ဆင့် အကြောင်းကြားလာခဲ့တဲ့အတွက် နိုင်ငံတကာဈေးကွက်သို့ ဆန်ပိုမို တင်ပို့နိုင်မယ့် အခွင့်အရေးကောင်းတစ်ရပ်ကို ရရှိခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါ့အပြင် သီရိလင်္ကာနိုင်ငံအနေနဲ့လည်း ၄င်းတို့နိုင်ငံမှာ မေလအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့လို့ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့တဲ့အတွက် ဆန်ဝယ်ယူတင်သွင်းနိုင်ဖို့ ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံကို ကိုယ်စားလှယ်အဖွဲ့စေလွှတ်ပြီး ညှိနှိုင်းခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံကလည်း ပဲမျိုးစုံ ပိုမိုတင်ပို့နိုင်ဖို့ အဆိုပြုလာခဲ့တယ်လို့ ဆိုပါတယ်။ ပဲမျိုးစုံ ပိုမိုတင်ပို့ပေးဖို့အတွက် အိန္ဒိယနိုင်ငံက တင်ပြလာတဲ့ အဆိုပြုလွှာမူကြမ်းမှာ မြန်မာနိုင်ငံမှထွက်ရှိတဲ့ မတ်ပဲနဲ့ ပဲစင်းငုံတို့ကို ၂၀၁၇ ခုနှစ် ပဲထွက်ရာသီမှစတင်ကာ ၂၀၂၁ခုနှစ်အထိ ငါးနှစ်တာ နှစ်စဉ်ဝယ်လိုကြောင်း၊ အနည်းဆုံး အခြေခံထောက်ပံ့ဈေးနှုန်း(Minimum Support Price) အပေါ်မူတည်ပြီး ဝယ်ယူမှုနဲ့ သယ်ယူပို့ဆောင်မှုများအတွက် သင့်လျော်တဲ့ ဈေးနှုန်းညှိနှိုင်းမှုများနဲ့ ဝယ်ယူလိုကြောင်း ဖော်ပြကာ ကမ်းလှမ်းလာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံရဲ့ ပဲစိုက်ပျိုးထွက်ရှိမှု အခြေအနေ၊ ပဲဈေးကွက်နဲ့ ပဲဈေးနှုန်းအခြေအနေအရ အိန္ဒိယနိုင်ငံရဲ့ ကမ်းလှမ်းချက်နဲ့ ပတ်သက်ပြီး စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှုနဲ့ ငွေပေးချေမှုအပေါ် မူတည်ပြီး အသေးစိတ်ညှိနှိုင်းရဦးမှာ ဖြစ်တယ်လို့ သိရှိရပါတယ်။

ပြောင်းတင်ပို့မှုကိုကြည့်မယ်ဆိုရင် ယခုသုံးလအတွင်းမှာ အမေရိကန်ဒေါ်လာ ၅၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် သုံးသိန်းကျော်ကို တင်ပို့နိုင်ခဲ့တာကြောင့် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၇ သန်း တန်ဖိုးရှိတဲ့ ပြောင်းတန်ချိန်နှစ်သိန်း ပိုမိုတင်ပို့နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ယခုနှစ်မှာ ပင်လယ်ရေကြောင်း လမ်းမှတစ်ဆင့် ပြောင်းတန်ချိန် သုံးသောင်းခွဲနီးပါးကို ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတို့သို့ တင်ပို့နိုင်ခဲ့ပါတယ်။ ပြောင်းကို ပိုမိုတင်ပို့နိုင်တယ်ဆိုပေမယ့် အခြားသော ပြည်ပနိုင်ငံများကိုပါ တင်ပို့နိုင်ဖို့အတွက် ဆက်လက်ကြိုးပမ်းရဦးမှာဖြစ်ပါတယ်။ ယခင်က ပြောင်းကို တရုတ်နိုင်ငံကိုသာ အဓိကတင်ပို့လျက်ရှိရာ အစားထိုး သီးနှံအနေနဲ့ တစ်နှစ်ကိုတန် ၃၀၀၀၀ ခန့် ကိုတာရရှိပါတယ်။

မြန်မာ့ပြောင်းကို အိမ်နီးချင်းတရုတ်နိုင်ငံသို့ တင်ပို့ရာမှာလည်း အခက်အခဲ အမျိုးမျိုးကြားကနေ တင်ပို့နေရတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့နှစ်က တန်ချိန် ၁ ဒသမ ၃သန်းကို နည်းမျိုးစုံ အခက်အခဲမျိုးစုံနဲ့ တင်ပို့နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

CMP ချုပ်ပြီးအထည် တင်ပို့မှုကို ကြည့်မယ်ဆိုရင်လည်း ယခုပထမသုံးလအတွင်းမှာ အမေရိကန်ဒေါ်လာ ၄၉၄ သန်းတန်ဖိုးရှိ ချုပ်ပြီးအထည်များကို တင်ပို့နိုင်ခဲ့ပါတယ်။ အဲဒီပမာဏဟာ ပြီးခဲ့တဲ့နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၂၀၅ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။ CMP စနစ်နဲ့ ချုပ်ပြီးအထည်များအပြင် ဖိနပ်မျိုးစုံနဲ့အိတ်မျိုးစုံကိုလည်း တင်ပို့နိုင်နေပြီဖြစ်ပါတယ်။

CMP စနစ်နဲ့တင်ပို့နေတဲ့ ကုန်သွယ်မှုတန်ဖိုးတွေ မြင့်တက်လာတာကို ကြည့်ခြင်းအားဖြင့် CMP လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာကို ပြသနေတာပဲဖြစ်ပါတယ်။ CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့သလို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပေးနေတာပဲဖြစ်ပါတယ်။ အထည်ချုပ်လုပ်ငန်းရှင်များအနေနဲ့ CMP စနစ်ဖြင့် တင်ပို့နေတဲ့စနစ်မှ FOB စနစ် သို့ ပြောင်းလဲတင်ပို့နိုင်မယ်ဆိုရင် CMP ကဏ္ဍနဲ့ ကုန်သွယ်မှုပမာဏဟာ ယခုထက် အဆများစွာ တိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် CMP နဲ့ အထည်ချုပ် လုပ်ငန်းများဟာ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်ရေး အချိန်တိုအတွင်း ဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် ကုန်သွယ်မှုပမာဏ မြင့်တက်ရေးမှာ အထောက်အကူပြုနိုင်တဲ့အတွက် CMP ကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာဖို့ တွန်းအားပေးဆောင်ရွက် သင့်ပါတယ်။

တစ်ဖက်မှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ပြီး သွင်းကုန် အစားထိုးလုပ်ငန်းတွေ၊ ပြည်ပပို့ကုန်တင်ပို့နိုင်ရေး ကုန်ထုတ်လုပ်မှုတွေကြောင့် နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မှာဖြစ်ပေမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မြေယာကိစ္စ၊ လျှပ်စစ်မီးရရှိရေးကိစ္စနဲ့ သယ်ယူပို့ဆောင်မှုဆိုင်ရာကိစ္စများ အပါအဝင် အခြေခံအဆောက်အအုံလိုအပ်ချက်များက စိန်ခေါ်မှုအနေနဲ့ ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ပြည်ပပို့ကုန် တင်ပို့မှုများအနက် သဘာဝဓာတ်ငွေ့တင်ပို့မှုမှအပ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုဟာ အများဆုံးဖြစ်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာမှာ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစုကုန်ကျစရိတ် မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များ(Value Added)ထုတ်လုပ်မှု နည်းပါးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်းစတဲ့ အချက်များဟာ လက်ရှိ လယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချရာမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲများပဲဖြစ်ပါတယ်။

**ကုန်စည်သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်**

ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်ပစ္စည်းထုတ်လုပ်မှုကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်းနိုင်ငံတွေနဲ့ မယှဉ်နိုင်တဲ့အချက်ကတော့ ကုန်စည်သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်(Logistic Cost)တွေ မြင့်တက်နေတာပဲဖြစ်ပါတယ်။ ပြည်ပသို့ ဆန်နဲ့ဆန်ကွဲများနဲ့ အခြားသောကုန်စည်များကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ရာမှာ ဆိပ်ကမ်းများ၌ အခက်အခဲများရှိနေတာ အားလုံးအသိပဲဖြစ်ပါတယ်။

အထူးသဖြင့် ရန်ကုန်မြို့တွင်းမှာ ပို့ကုန်ကွန်တိန်နာကားများ နေ့ခင်းဘက်မှာ သွား၍မရဘဲ ညဘက်မှသာ သွားလာ၍ရပြီး ညဘက်ဆိုရာမှာလည်း ည ၇နာရီမှသာ စတင်သွားလာခွင့်ပြုထားတာဖြစ်ပါတယ်။ သွင်းကုန်ကွန်တိန်နာကားများကိုတော့ နေ့ရောညပါ သွားလာခွင့်ပေးထားပါတယ်။ အဲဒီလို အချိန်ကန့်သတ်ပေးထားတဲ့အတွက် ကုန်တင်ကုန်ချ အလုပ်သမားများဟာ နေ့ခင်းအလုပ်လို တွင်ကျယ်စွာ မလုပ်နိုင်တဲ့အပြင် ညဘက်မှာအလုပ်လုပ်ရတာကို နှစ်ခြိုက်မှုမရှိကြတဲ့အတွက် အလုပ်လုပ်ချင်စိတ်မရှိတာမျိုးကိုလည်း ရင်ဆိုင်နေရပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာဂိုဒေါင်မှ ဆိပ်ကမ်းသို့လည်း ည ၁၂ နာရီမတိုင်ခင် ရောက်ရှိဖို့ လိုအပ်ပါသေးတယ်။ ဆိပ်ကမ်းမှာလည်း ကွန်တိန်နာ ၁၀ စီးစလုံး ရောက်ရှိမှသာ MACCS စနစ်နဲ့ File တွေကို Run ရတဲ့အတွက်၊ ၁၀ စီးစလုံးမရောက်ရင် Run လို့မရတဲ့အတွက် နောက်တစ်နေ့ နံနက်မှသာ File တွေကို Run ရပါတယ်။ ဒါကြောင့် အချိန်တစ်ရက်မှ သုံးရက်အထိ ကြာမြင့်သွားမှာဖြစ်ပါတယ်။ သယ်ယူခ အနေနဲ့လည်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာအထိ ပိုမိုကုန်ကျသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် တစ်ဖက်နိုင်ငံသို့ သင်္ဘောလိုင်းများကို ခုနစ်ရက်ကြိုတင်ပြီး ချိတ်ဆက်ရတဲ့အတွက် ကွန်တိန်နာတစ်စီးလျှင် နှစ်ရာခိုင်နှုန်း ပိုမိုကုန်ကျမှာဖြစ်ပါတယ်။ ဒါကြောင့် အချိန်နဲ့လုပ်အားခ ပိုမိုကျန်ကျတဲ့အတွက် အခြားသောနိုင်ငံများနဲ့ ဈေးကွက်ယှဉ်ပြိုင်ရာမှာ မယှဉ်နိုင်တဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ကတော့ တောင်သူလယ်သမားများအပါအဝင် ကုန်သည်လုပ်ငန်းရှင်များရဲ့ ငွေရေးကြေးရေး အထောက်အကူရရှိရေး အခက်အခဲတစ်ရပ်ပဲဖြစ်ပါတယ်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အမျိုးအစား၊ အရည်အသွေး မှန်ကန်ကိုက်ညီရန်နှင့် ဈေးနှုန်းမှန်ကန်ရန် လိုအပ်ပါတယ်။ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းတဲ့ လယ်ယာ ထွက်ကုန်တွေ ရရှိနိုင်ဖို့အတွက် ကောင်းမွန်တဲ့သွင်းအားစုတွေထည့်သွင်းဖို့ လိုအပ်သလို အဲဒီလို လိုအပ်တဲ့သွင်းအားစုတွေ ထည့်သွင်းနိုင်ဖို့အတွက် ချေးငွေအပါအဝင် ငွေကြေးအထောက်အကူ လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် တောင်သူလယ်သမား၊ ကုန်သည်ကြီးများရဲ့ ငွေရေးကြေးရေးကဏ္ဍမှာ အထောက်အကူရရှိရေးကိုလည်း ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက်လုပ်ဆောင်ရာမှာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

**သွင်းကုန် တင်သွင်းမှု**

ပြည်ပမှ သွင်းကုန်တင်သွင်းမှုကိုကြည့်မယ်ဆိုရင် ဒီနှစ်မှာ ရေနံထွက်ပစ္စည်း ဒေါ်လာ ၇၆၄ သန်း၊ စက်နှင့်စက်ပစ္စည်း ဒေါ်လာ ၃၁၇ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ ၁၃၃ သန်း၊ စားအုန်းဆီများ ဒေါ်လာ ၁၂၃ သန်း၊ လေယာဉ်နှင့် လေယာဉ်အပိုပစ္စည်းများ ဒေါ်လာ ၁၀၉ သန်း၊ ဓာတုဗေဒချည်ခင်များ ဒေါ်လာ ၁၀၂ သန်း၊ ဓာတ်မြေဩဇာများ ဒေါ်လာ ၈၃ သန်းဖိုး တင်သွင်းခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

အဓိကအားဖြင့် ရေနံထွက်ပစ္စည်းတွေဖြစ်တဲ့ ဓာတ်ဆီနဲ့ဒီဇယ်တင်သွင်းမှုဟာ မြန်မာနိုင်ငံရဲ့ မော်တော်ယာဉ် တင်သွင်းမှုအနေအထားနဲ့ အခြားသော စက်မှုလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများရဲ့ သုံးစွဲမှုအပေါ်မှာ မူတည်နေပါတယ်။ ဒါ့အပြင် ဓာတုဗေဒချည်ခင်အမျိုးမျိုးတင်သွင်းမှုဟာ SME လုပ်ငန်းများဖြစ်တဲ့ အထည်အလိပ်လုပ်ငန်းများ ပြန်လည်ဦးမော့နေပြီဆိုတာကို ပြသနေတာဖြစ်ပါတယ်။ ဒီနှစ်မှာ ဆေးဝါးပစ္စည်းများက ဒေါ်လာ ၁၃၃ သန်းဖိုး တင်သွင်းနိုင်ခဲ့ပြီး ယခင်နှစ်ထက် ဒေါ်လာ ၄၃ သန်း ပိုမိုတင်သွင်းနိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆေးဝါးများ ပိုမိုတင်သွင်းမှုဟာ နိုင်ငံသူ နိုင်ငံသားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

*စာမျက်နှာ ၂၂ သို့*

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလပတ်မှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ ရှိတာကြောင့် ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၄ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါတယ်။ သွင်းကုန်တန်ဖိုး များပြားနေရတာဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများတင်သွင်းလျက်ရှိနေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများကို တင်သွင်းလာခြင်းတို့ကြောင့်ဖြစ်**

*စာမျက်နှာ ၂၁ မှ*

**နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ**

မြန်မာနိုင်ငံရဲ့ပြည်ပပို့ကုန်ကဏ္ဍကို ကြည့်မယ်ဆိုရင် နိုင်ငံပိုင်ကဏ္ဍက သုည ဒသမ ၉ ဘီလီယံ၊ ပုဂ္ဂလိကကဏ္ဍက ၂ ဒသမ ၃ ဘီလီယံ တင်ပို့နိုင်ခဲ့တဲ့အတွက် ပုဂ္ဂလိကကဏ္ဍက ၇၂ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ သွင်းကုန်ကဏ္ဍကိုကြည့်မယ်ဆိုရင် နိုင်ငံပိုင်ကဏ္ဍက နှစ်ဘီလီယံဖိုး တင်သွင်းခဲ့ပြီး ပုဂ္ဂလိကကဏ္ဍက ၄ ဒသမ ၄ ဘီလီယံအထိ တင်သွင်းခဲ့တဲ့အတွက် ပုဂ္ဂလိကကဏ္ဍက ၆၉ ရာခိုင်နှုန်း တင်သွင်းခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ ၁၂ ချက်အနက် ခုနစ်ချက်မြောက်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုတဲ့စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန် ဆိုတဲ့အချက်နဲ့ ကိုက်ညီနေတာကို တွေ့ရမှာဖြစ်ပါတယ်။

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိရာမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်မှာ ပါရှိတဲ့ မဏ္ဍိုင်ငါးရပ်မှ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို အားပေး မြှင့်တင်ရေးလုပ်ငန်းကော်မတီ(Promotion Trade and Investment)ရဲ့ လုပ်ငန်းစဉ်တွေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယသမ္မတ(၁) ဦးဆောင်တဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကို လစဉ်ကျင်းပလျက်ရှိနေပြီး ကုန်သည်လုပ်ငန်းရှင်များရဲ့အခက်အခဲများကို ဖြေရှင်းပေးနေရာမှာ တင်ပြချက် ၁၀၂ ချက်ရှိပြီး သက်ဆိုင်ရာဌာနများက ဖြေရှင်းပြီးစီးမှု ၉၁ ချက် ရှိပြီးဖြစ်တဲ့အတွက် ဆောင်ရွက်ရန်ကျန်ရှိမှု ၁၁ ချက်သာ ကျန်ရှိပြီး ဆက်လက်ညှိနှိုင်းပေးလျက်ရှိကြောင်း သိရပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလပတ်မှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ ရှိတာကြောင့် ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၄ ဘီလီယံဖြစ်ပေါ်ခဲ့ပါတယ်။ သွင်းကုန်တန်ဖိုးများပြားနေရတာဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ တင်သွင်းလျက်ရှိနေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများကို တင်သွင်းလာခြင်းတို့ကြောင့် ဖြစ်ပါတယ်။ အဲဒီတင်သွင်းမှုတွေဟာ Capital in Kind နဲ့ Loan in Kind စနစ်နဲ့ တင်သွင်းလာတာဖြစ်လို့ နိုင်ငံခြားငွေတွေဟာ ပြည်ပသို့ စီးထွက်သွားခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် ကုန်သွယ်မှုလိုငွေပြနေပေမယ့် ပြည်တွင်းက နိုင်ငံခြားငွေတွေ ပြည်ပသို့ စီးထွက်သွားခြင်းမျိုးမဟုတ်တာကို တွေ့ရှိရပါတယ်။ တစ်ဖက်မှာလည်း ပြည်ပသွင်းကုန်များကတစ်ဆင့် ကုန်သွယ်ခွန်၊ အကောက်ခွန်၊ ကြိုတင်ဝင်ငွေခွန်စတဲ့ အခွန်အကောက်တွေ ရရှိနေတာကြောင့် ကုန်သွယ်မှုမှ နိုင်ငံအတွက် ဘဏ္ဍာငွေရရှိနေမှုကိုလည်း အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

**ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးများ**

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများရဲ့ပြည်ပခရီးစဉ်တွေမှာ ပြည်တွင်းလုပ်ငန်းရှင်များပါ လိုက်ပါစေပြီး ကုန်သွယ်မှုနဲ့ ဈေးကွက်ရရှိစေဖို့ ဆွေးနွေးညှိနှိုင်းတာတွေ ပြုလုပ်လျက်ရှိပါတယ်။ အဲဒီလိုဆွေးနွေးညှိနှိုင်းလျက်ရှိရာမှာ ယခုနှစ်အတွင်း မြန်မာ-ထိုင်း ပူးတွဲကုန်သွယ်ရေးကော်မရှင် အစည်းအဝေးများကို မြန်မာနိုင်ငံမှာ ကျင်းပခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မရှင် အစည်းအဝေးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျင်းပခဲ့ပါတယ်။

ဒ့ါအပြင် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကို ဗီယက်နမ်နိုင်ငံမှာ ကျင်းပခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကိုတော့ ထိုင်းနိုင်ငံမှာ ကျင်းပခဲ့ကြပါတယ်။ အဲဒီလို ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးတွေကို ကျင်းပရာမှာ သက်ဆိုင်ရာနိုင်ငံများနဲ့ မြန်မာနိုင်ငံတို့ဟာ တစ်လှည့်စီ ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအစည်းအဝေးတွေမှာ နှစ်နိုင်ငံက တာဝန်ရှိသူတွေဟာ နှစ်နိုင်ငံကုန်သွယ်မှုအခက်အခဲများနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ မိမိနိုင်ငံ ကုန်သည်လုပ်ငန်းရှင်များရဲ့ လိုအပ်ချက်၊ တောင်းဆိုချက်များကိုလည်းကောင်း WTO နဲ့ AFTA သတ်မှတ်ချက်တွေအတိုင်း ညှိနှိုင်းတောင်းဆိုလျက် ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တရုတ်နိုင်ငံမှ တာဝန်ရှိသူများ တွေ့ဆုံခဲ့ရာမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန်လေးသိန်း တင်ပို့နိုင်ရေးအတွက် တောင်းဆိုခဲ့သလို ဆန်နဲ့ပြောင်းတင်ပို့ရာမှာ ခွဲတမ်းကင်းလွတ်ခွင့်ရရှိရေးအတွက် ညှိနှိုင်းခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ ဇွန်လခရီးစဉ်မှာ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဥပမာအားဖြင့် မြန်မာလုပ်ငန်းရှင်များရဲ့ဘဏ်စာရင်းများကို ပိတ်ခဲ့တဲ့ဖြစ်စဉ်မှာ တရုတ်နိုင်ငံသံရုံး၊ တရုတ်အစိုးရတို့နဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အချိန်တိုအတွင်း ဘဏ်စာရင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့ သာဓကဟာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းရဲ့ပြယုဂ်တစ်ခုပဲဖြစ်ပါတယ်။

ဒ့ါအပြင် ၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက်က ကျင်းပခဲ့တဲ့ မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးမှာ မြန်မာနိုင်ငံဘက်မှ ဆွေးနွေးညှိနှိုင်းမှုများအရ ယခင်မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုမှာ အိန္ဒိယဘက်မှ ကုန်ပစ္စည်းအမျိုးအစား ၆၂ မျိုးသာ ခွင့်ပြုခဲ့ရာမှ ယခုအခါ ကုန်ပစ္စည်းအားလုံး ကုန်သွယ်မှုရရှိခဲ့ပြီဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာ့အဓိကပို့ကုန်များအပေါ်မှာ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ အထူးအခွင့်အရေးပေးတဲ့ Duty Free Tariffic Preference(DFTP)အစီအစဉ်အရ အကောက်ခွန်လိုင်း ၉၆ ရာခိုင်နှုန်းကို အခွန် သုည ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဘက်မှ နယ်စပ်ကုန်သွယ်ရေးစခန်းများကို လုပ်ငန်းယာယီရပ်ဆိုင်းမယ်ဆိုပါက မြန်မာနိုင်ငံဘက်သို့ ကြိုတင်ညှိနှိုင်း အသိပေးဖို့ကိုလည်း သဘောတူညီခဲ့ကြပါတယ်။

မည်သို့ပင် အခက်အခဲများနဲ့ စိန်ခေါ်မှုများရှိနေသည်ဖြစ်စေ ယခုလို ကုန်သွယ်မှုတိုးတက်လာတာဟာ နိုင်ငံတော်ရဲ့လမ်းညွှန်မှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းမှုမှ ရရှိလာတဲ့ ရလာဒ်ပဲဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိကုန်သွယ်မှုပမာဏ အခြေအနေအရ ပို့ကုန်ရော သွင်းကုန်ပါ တိုးတက်ဆောင်ရွက်လာနိုင်တဲ့အတွက် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှာ ကုန်သွယ်မှုကဏ္ဍဟာ အရေးပါလျက်ရှိကြောင်း သုံးသပ်တင်ပြ လိုက်ရပါတယ်။ ။



# သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**လွိုင်လင် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကော်မတီက စီစဉ်ကြီးကြပ်၍ မြို့နယ်အတွင်း လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို ဇူလိုင် ၂၃ ရက်က လွိုင်လင်မြို့ရှိ မြကန်သာရေကန်၌ ပြုလုပ်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ခြင်း အစီအစဉ်များအဖြစ် သဘာဝဘေးကျရောက်နိုင်မည့်ဒေသများကို အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခြင်း၊ ရေကြီးနစ်မြုပ်ရာဒေသသို့ အချိန်မီရောက်ရှိ ကယ်ဆယ်ခြင်း၊ ရေဘေးသင့်ဒေသမှ ပြည်သူများအား ရေဘေးကင်းလွတ်ရာ ဒေသသို့ ပို့ဆောင်ရွှေ့ပြောင်းခြင်း၊ ရေနစ်သူများ ရှိ/မရှိ ရှာဖွေစစ်ဆေးကာ ရေပြင်အသက်ကယ်နည်းစနစ်များ အသုံးပြု၍ ကယ်တင်ခြင်း၊ ထိခိုက်ဒဏ်ရာရလူနာနှင့် ရေနစ်သူများအား ကယ်ဆယ်ပြီး ကြက်ခြေနီ မောင်မယ်များက ရှေးဦးပြုစုခြင်း၊ လူနာတင်ယာဉ်များဖြင့် နီးစပ်ရာဆေးရုံသို့ပို့ဆောင်ပေးခြင်း၊ ရေဘေးလွတ်လာသူများအား ယာယီကယ်ဆယ်ရေးစခန်းသို့ပို့ဆောင်ခြင်းများ ဇာတ်တိုက်လေ့ကျင့် ခဲ့သည်။

လေ့ကျင့်ရာတွင် လွိုင်လင်ခရိုင် မီးသတ် ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့်အတူ လွိုင်လင်မြို့ မေတ္တာခြံလွှာ နာမှုကူညီရေး အသင်းနှင့် အဖြူရောင်လူငယ် ပရဟိတနှင့် သွေးလှူရှင်အသင်းမှ အသင်းသားများ၊ လွိုင်လင်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**


## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မြို့သစ်ကျေးရွာ အထက(ခွဲ)၊အဌမတန်း(B)မှ မောင်ပြည့်ဖြိုးသက်နှင့် ပဥ္စမတန်း (ကံ့ကော်ခန်း)မှ မဖူးဖူးမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၅/ခဥန(နိုင်)၀၆၈၄၅၃ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

## ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် ၂၀ယ/၇၃၉၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/1001 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6358 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအကြောင်းအရာ | အရေအတွက် |
| --- | --- | --- |
| (၁) | ဒလမြို့နယ်၊ အမှတ်(၁၄)သစ်စက်တွင် 800 KVA Transformer အစားထိုးတည်ဆောက်ရာတွင် HT Digital K Whr Meter နှင့် MOF Structure တပ်ဆင် တည်ဆောက်ခြင်းလုပ်ငန်း | 1-Lot |
| (၂) | သန်လျက်စွန်း၊ မီးပြလမ်းတွင်း 11-6.6/0.4 KV (315 KVA) Transformer တပ်ဆင်ခြင်းလုပ်ငန်း | 1-Lot |

**တင်ဒါပိတ်ရက်နှင့် အချိန်** ၂၅-၈-၂၀၁၇ ရက် (၁၆:၀၀)နာရီ

၂။ တင်ဒါပုံစံများကို ၂၇-၇-၂၀၁၇ရက်မှစ၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်ဌာနခွဲ ဖုန်း-၀၁-၈၆၁၀၂၂၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**စီမံရေးနှင့် လုပ်ငန်းဌာနခွဲ**
**သိမ်ဖြူသင်္ဘောကျင်းဝင်း**
**အမှတ် (၅၅၇/၅၅၉)၊ ကမ်းနားလမ်း**
**ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့**

**အမည်မှန်**

သထုံမြို့၊ ဇရစ်ချောင်ကျေးရွာအုပ်စု၊ လေသာကုန်းကျေးရွာနေ ဦးခွန်အေး(ခ)ခွန်တင်အေး၏သမီး မပွင့်ရွှေစင်၏ အမည်မှန်မှာ မပွင့်ရွှေဇင် ၁၀/သထန(နိုင်) ၂၂၉၂၉၀ ဖြစ်ပါကြောင်း။ **မပွင့်ရွှေဇင်**

## လူပျောက်ကြော်ငြာ

ဈ-၃/၄၁၊(၃)ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေ ဦးရဲဝင်း(ခ)ရန်ဝေချင်း-ဒေါ်သန်းလှတို့၏သား မောင်အောင်နိုင်ဦး (ခ) ရန်ခမ်း အသက်(၂၃)နှစ်သည် ၂၄-၆-၂၀၁၇ရက် နံနက် ၁၀ နာရီခန့်တွင် နေအိမ်မှ ထွက်ခွာသွားခဲ့ပြီး ယနေ့အချိန်ထိ ပြန်လာခဲ့ခြင်းမရှိပါ။ တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်- ဦးရဲဝင်း ဖုန်း-၀၉-၂၆၀၄၅၅၀၂၈၊ ၀၉-၇၈၅၈၅၇၅၂၈**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂) ပြင်ဦးလွင်မြို့နယ် တရားမရုံးတော်၌ ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃နှင့်ဆက်သွယ်သည့် ၂၀၁၇ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၃

| | | |
| --- | --- | --- |
| ဦးခင်မောင်မြင့် | နှင့် | (၁) ဒေါ်လင်လွန်းညောင် |
| | | (၂) ဦးသန်းမြင့် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ညောင်ရမ်းလမ်း၊ အမှတ် ၈/၆၃ နေ(၁)တရားရှုံးဒေါ်လင်လွန်းညောင်(ယခုနေရပ်လိပ်စာမသိ)နှင့်ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ အမှတ်-ဖ/၃၁နေ(၂)တရားရှုံး ဦးသန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၂၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးခင်မောင်မြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ်၊ ဩဂုတ် ၄ရက်(၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ်၊ ဇူလိုင် ၂၄ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှိုင်ဟိန်းဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## မှတ်ပုံတင်စိုက်ပျိုးရေးသုံးဆေးများလွှဲပြောင်းဖြန့်ဖြူးခြင်း

Dow Agro Sciences Ltd. မှ မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးသုံးဆေးများ ဖြန့်ဖြူးခြင်းအား Arysta Life Science မှ JJ-Pun Trading Co.,Ltd. သို့ လွှဲပြောင်းပြီး ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ လွှဲပြောင်းသည့် ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့သို့ (၇)ရက်အတွင်း သွားရောက်အကြောင်းကြား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Garlon 250 EC, Dithane NT M-45 80 WP,Prodigy 240SC,Clincher, Koltar 24 EC, Gallant Super,Lorsban 40 EC, Lorsban 40 EC, Nurelle D 505,DMA-6,

**JJ-Pun Trading Co.,Ltd.**
**ဖုန်း-၀၁-၆၅၄၉၂၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ပြင်ဦးလွင်ခရိုင်တရားရုံး ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၅၈

| | | |
| --- | --- | --- |
| ဒေါ်ကြည်ဝင်းမေ (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်စုစုဝေ) | နှင့် | ၁။ ဦးသောင်းတင် ၂။ ဒေါ်ခင်စိန် ၃။ ကိုနန်းအောင် ၄။ မနွယ်နွယ်ဝင်း ၅။ ဦးဝင်းကျော် ၆။ ဦးနန်းအောင် |
| **တရားလို** | | **တရားပြိုင်များ** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ရွာ၊ မန္တလေး-လားရှိုးလမ်းမကြီး၏ဘေး၊ ဦးပိုင်-၄၁၊ အမှတ် ၃/၁၈၁နေ တရားပြိုင်များဖြစ်ကြသော ဦးသောင်းတင်၊ ဒေါ်ခင်စိန်၊ ကိုနန်းအောင်၊ မနွယ်နွယ်ဝင်း၊ ဦးဝင်းကျော်၊ ဦးနန်းအောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို က မြေကွက်လက်ရောက်ရရန် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၈အရ စွဲဆိုသောအမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ်၂၁ ရက် (၁၃၇၉ခုနှစ် ဝါခေါင်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးမော်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၅ H)၊ မြေကွက်အမှတ်(၂၉၇)၊ မြေအကျယ် (အလျား ပေ၂၀× အနံ ပေ၄၀ )ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်(၄၃)ဟု ခေါ်တွင်သည့် အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့အား မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြမြသန်း(ခ)ဒေါ်မြင့်မြင့်စိန် ၁၂/ဗဟန(နိုင်)၀၈၃၇၀၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့် အိမ် တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)အထက်တန်းရှေ့နေ**

**အမှတ်-၈၃၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၁၈၃၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ကုသရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေလက်အောက်ရှိ ဆေးရုံများတွင် လူနာများအား ကုသမှုပေးရန် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲဓာတ်မှန်သုံး ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်** - ၂၄-၇-၂၀၁၇ ရက်၊
**နေ့ရက်နှင့်အချိန်** တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်နေ့ရက်နှင့်** - ၂၁-၈-၂၀၁၇ ရက်၊
**အချိန်** တနင်္လာနေ့၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၂၁၄၆၂**

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရဲရွာ စက်ရုံနှင့် ကြီးအုံကြီး၀ စက်ရုံများအတွက် အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအား ဂိုဒေါင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**ရဲရွာစက်ရုံနှင့်ကြီးအုံကြီး၀စက်ရုံများအတွက်**
Tender No.20/EPGE/17-18
AP2,Intelligent I/O Board (EXC 9001-03) (2)Nos,
Human Machine Interface (HMI) Touch Screen (2 Nos)

၂။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ်(၁၀,၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www. moee.gov.mm နှင့် ရုံးရှိကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၇-၈-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၅း၀၀ နာရီ

**တင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပုထိုးလုံ(GEG)ဒေသတွင် တည်ဆောက်မည့်ဓာတ်အားပေးစက်ရုံများမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (At Site) ဂိုဒေါင်အရောက် နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

**အပူစွမ်းအင်သုံးစက်ရုံများ**
ပုထိုးလုံ(GEG)ဒေသတွင် တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးအတွက် လိုအပ်သောပစ္စည်းများ
Tender No.19/EPGE/17-18
(a) 6" ERW API 5L Grade X-46 MS LPE Coated Line Pipe (PSL 2)
(Wall Thickness=0.375 in) (Linear Weight=25;05 Ib/ft) (1100-Nos) (13283 M) (1)Lot
(b) Ball Valve ANSI 300 Class & Accessories ပစ္စည်း(၈) မျိုး (1)Lot
(c) Gass Skid အတွက် လိုအပ်သောဆက်စပ်ပစ္စည်း(၃၂)မျိုး (1)Lot

၂။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www.moee.gov.mm နှင့် ရုံးရှိကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည် ဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၇-၈-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၅း၀၀ နာရီ

**တင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
## မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

**Ph: ၀၆၇-၄၁၄၂၂၃**
**E-mail-mpe.myr@mptmail.net.mm,www.mining.gov.mm**

### မြန်မာ့ပုလဲရောင်းချပွဲ (ဩဂုတ်လ-၂၀၁၇)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ မြန်မာ့ပုလဲရောင်းချပွဲ (ဩဂုတ်လ-၂၀၁၇)ကို ယူရိုငွေစနစ်ဖြင့် ၂၀၁၇ခုနှစ် ဩဂုတ်လ (၁၈၊ ၁၉၊ ၂၀)ရက်များတွင် နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရတနာဈေးထပ်၌ ရောင်းချမည်ဖြစ်ပါ၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များမည်သူမဆို တက်ရောက်ဝယ်ယူနိုင်ပါသည်။

၂။ တက်ရောက်ဝယ်ယူမည့် ပြည်တွင်းပုလဲကုန်သည်များသည် အာမခံစပေါ်ငွေကျပ် ၂၅၀၀၀၀၀ နှင့် ပြည်ပပုလဲကုန်သည်များသည် ယူရိုငွေ ၂၀၀၀ ကို နေပြည်တော်ရှိ ဘဏ်များမှ Payment Order ဖြင့် ကြိုတင်ပေးသွင်းရပါမည်။ ပုလဲရောင်းချပွဲသို့တက်ရောက်ရန် မြန်မာ့ပုလဲ(ရုံးချုပ်)သို့ ၄-၈-၂၀၁၇ရက်မှ စတင်၍ လျှောက်ထားနိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၈ ရက် (သောကြာနေ့)**
(၀၉း၀၀-၁၆း၃၀)နာရီ ပုလဲတွဲများ ပြသကြည့်ရှုခြင်း

**၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၉ ရက် (စနေနေ့)**
(၀၉း၀၀-၁၆း၃၀)နာရီ ပုလဲတွဲများ ပြသကြည့်ရှုခြင်း၊
(၁၂း၀၀)နာရီ တင်ဒါအမှတ်(၁) ပိတ်သိမ်းခြင်း၊
(၁၃း၀၀)နာရီ တင်ဒါအမှတ်(၁) ကြေညာခြင်း၊
(၁၆း၃၀)နာရီ တင်ဒါအမှတ်(၂) ပိတ်သိမ်းခြင်း၊
(၁၇း၃၀)နာရီ တင်ဒါအမှတ်(၂) ကြေညာခြင်း၊

**၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၀ ရက် (တနင်္ဂနွေနေ့)**
(၀၉း၀၀-၁၂း၀၀)နာရီ ပုလဲတွဲများ ပြသကြည့်ရှုခြင်း၊
(၁၂း၀၀)နာရီ တင်ဒါအမှတ်(၃) ပိတ်သိမ်းခြင်း၊
(၁၃း၀၀)နာရီ တင်ဒါအမှတ်(၃) ကြေညာခြင်း၊

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/4996၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

# လစာခေါင်းစဉ်မှ ဝင်ငွေရရှိသူများအတွက် လစဉ်ပေးသွင်းရမည့် ဝင်ငွေခွန်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

* မိမိတို့ရရှိသည့် လစာဝင်ငွေ တစ်နှစ်စုစုပေါင်းသည် ကျပ်(၄၈)သိန်း ထက်မကျော်လျှင် လစာဝင်ငွေခွန်ပေးဆောင်ရန် မလိုအပ်သော်လည်း၊ ကျပ်(၄၈)သိန်းထက် ပိုမိုပါက လစာထုတ်ပေးရန် တာဝန်ရှိသူက ကျသင့်အခွန်ကိုတွက်ချက်ပြီး၊ ၁၂လအတွက် အတတ်နိုင်ဆုံး အညီအမျှ ဖြတ်တောက်ပေးဆောင်ရမည်ဖြစ်ပါသည်။

* လစာဆိုသည်မှာ အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့ပါဝင်သည်။

* လစာခေါင်းစဉ်နှင့် အကျုံးဝင်သော ဝင်ငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန် ဝင်ငွေအပေါ်တွင် ဝင်ငွေအလွှာအလိုက် အခွန်စည်းကြပ်ကောက်ခံမည်ဖြစ်ပါသည်။

- **အခြေခံသက်သာခွင့်ပြုငွေ ၂၀% (ကျပ်သိန်း ၁၀၀ ထက် မပိုစေရ)**
- **အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊**
- **အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊**
- **သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ (၁၈နှစ်အောက် သို့မဟုတ် အချိန်ပြည့်ပညာသင်ကြားဆဲ)**
- **အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံ၊**
- **လူမှုဖူလုံရေးရန်ပုံငွေသို့ အခွန်ထမ်းမှ ထည့်ဝင်ကြေးငွေအားလုံး၊**

* လစာထုတ်ပေးချိန်တွင် ထုတ်ပေးသူက ကျသင့်အခွန်ကို နုတ်ယူပေးရန် တာဝန်ရှိပါသည်။ ငွေလက်ခံရမည့်သူက နုတ်ယူခြင်းမပြုပါရန် ငြင်းဆိုခြင်းကြောင့် နုတ်ယူပေးသွင်းရမည့်တာဝန်ကို လွတ်ကင်းခွင့်မရှိပါ။ ပြဋ္ဌာန်းချက်နှင့်အညီ မပျက်မကွက် နုတ်ယူပေးသွင်းရန် လိုပါသည်။

* လစဉ်ငွေသွင်းချလန်ပုံစံအား သက်ဆိုင်ရာ အခွန်ရုံးများ (သို့မဟုတ်) ဌာန၏ website www.irdmyanmar.gov.mm တွင် ရယူနိုင်ပါသည်။

* လစဉ်ပေးသွင်းရမည့် လစာဝင်ငွေခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ ၁၀%နှင့်ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။

* အသေးစိတ်ထပ်မံသိရှိလိုပါက သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဇမ္ဗူသီရိမြို့၊ သောင်ပင်ရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ ဦးပိုင်အမှတ်(၇၂)၊ မြေဧရိယာ ၀ဒသမ ၀၉၄ ဦးမောင်မြင့်၊ ဦးရန်ကွေချမ့်တို့ ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး ဦးရန်ကွေချမ့်သည် ၁၉၉၆ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ အဆိုပါမြေကွက် ၀ဒသမ ၀၉၄ မှ ၀ဒသမ ၀၅၃ဧက ဦးမောင်မြင့် ၁/ဇမန(ပြု)၀၀၀၀၁၀ အမည်ပေါက်မြေဂရန်တွင် ဒေါ်မင်းနိုင်ကြီး ၁/ဇမန(ပြု)၀၀၀၀၈၁ နှင့် ဒေါ်အေးစန္ဒာ(ခ)ရွှေကျိန် ၁/ဇမန(ပြု)၀၀၀၀၈၃တို့အမည်ဖြင့် ဦးပိုင်ခွဲအမည် ဖြည့်စွက်မြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဦးပိုင်ခွဲအမည် ဖြည့်စွက်မြေငှားဂရန်သစ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၂)စက်မှုဇုန်၊ မြေကွက်အမှတ်(L-၁၁၅၊ L-၁၂၁၊ L-၁၂၂)၊ ဧရိယာ(၀.၀၅၅+၀.၀၅၅+၀.၀၅၅=၀.၁၆၅)ဧကရှိ မြေကို ဒေါ်မိမိခိုင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ လူနေရပ်ကွက်အမှတ် ပဲမှီကုန်းအနောက်၊
(၁) မြေကွက်အမှတ် ၈၄/က၊ ဧရိယာ ၀ဒသမ ၇၄ဧက၊ မြေအမျိုးအစား- လ/န(၃/ခ) B မြေပိုင်မြေ (မြေအမည်ပေါက်-ဒေါ်သန်းသန်းလတ် ၁၂/ရကန(နိုင်)၀၁၀၁၄၇)
(၂) မြေကွက်အမှတ်-၈၆/A၊ ဧရိယာ ၀ဒသမ ၁၇၇ဧက၊ မြေအမျိုးအစား- ပါမစ်မြေ
(မြေအမည်ပေါက်-ဒေါ်စန်းစန်းနွဲ့ ၁၂/ပဇတ(နိုင်)၀၂၅၉၀၆)

ယင်းမြေကွက်များပေါ်ရှိ အမှတ်(၆၈)၊ အောင်မေတ္တာလမ်း၊ ပိတောက်မြိုင်ရပ်ကွက်၊ (စော်ဘွားကြီးကုန်း)အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်(၂)ကွက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်စန်းစန်းနွဲ့ ၁၂/ပဇတ(နိုင်)၀၂၅၉၀၆ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/1573 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7852 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## O.T.S (89) စည်သူတပ်ခွဲ သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ ၅-၈-၂၀၁၇ရက်တွင် ကျရောက်မည့် (၂၃)နှစ်မြောက် ကျောင်းဆင်းပွဲ အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဆရာကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ စုပေါင်းအလှူဒါနပြုပွဲနှင့် မိသားစုညစာစားပွဲတို့ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဆရာကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ စုပေါင်းအလှူဒါနပြုပွဲတို့ကို ၅-၈-၂၀၁၇ရ က် (စနေနေ့)၊ နံနက် ၉း၀၀ နာရီမှ မွန်းလွဲ ၁၃း၀၀ နာရီထိ၊ ဘူးကွဲရွာဦးဘုန်းကြီးကျောင်းနှင့် ဂရုဏာကမ္ဘာဘိုးဘွားရိပ်သာ၊ နေပြည်တော်။
(ခ) မိသားစုညစာစားပွဲကို ၅-၈-၂၀၁၇ ရက် (စနေနေ့)၊ ညနေ ၁၈း၃၀ နာရီမှ ည ၂၂း၀၀နာရီထိ၊ မိသားစုစားသောက်ဆိုင်၊ မြို့တော်ခန်းမအနီး၊ နေပြည်တော်။

၂။ ရန်ပုံငွေထည့်ဝင်ခြင်း ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သား/သမီးများရှိပါက အမည်စာရင်းအား အောက်ဖော်ပြပါ သူငယ်ချင်းများထံသို့ ဆက်သွယ်ပေးပို့နိုင်ရန်နှင့် ညစာစားပွဲသို့ မိသားစုနှင့်အတူ တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်-

ဇော်မြင့် ဖုန်း -၀၉-၄၄၈၅၃၄၉၃၀
မင်းအောင် ဖုန်း-၀၉-၅၁၇၀၂၃၇
သက်မျိုးနိုင် ဖုန်း-၀၉-၂၅၀၈၀၀၆၃၃

## အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အုတ်ဖိုမြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြည်ညို သဒ္ဓါတရားပွားများနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၆-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
(၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**ကျင်းပမည့်နေရာ** - ပဏ္ဍိတာရာမစာသင်တိုက်၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။
(လှိုင်မြို့နယ်၊မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းအနီး)

ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းလိုပါက ဦးတင်မောင်ညွန့် ဖုန်း-၀၉-၉၇၈၃၀၄၀၅၀၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၇၉၅၂၇၅၅၇၉၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၄၂၃၇၂၈၂၃၃၊ ဒေါ်ဆွေဆွေမာ ဖုန်း-၀၉-၇၉၉၆၉၇၉၂၄၊ ဒေါ်ညွန့်ညွန့်ဝင်း ဖုန်း-၀၉-၇၃၉၀၄၀၀၊ ဦးအေးဝင်း ဖုန်း-၀၉-၇၃၀၅၉၇၆၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## စစ်ကွင်းအသင်း(ရန်ကုန်)
## (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

စစ်ကွင်းအသင်းသည် အထက်ပါအခမ်းအနားကို ၂၀၁၇ ခုနှစ် ဩဂုတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်တက္ကသိုလ်ရှေ့ရှိ တက္ကသိုလ်ဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်ထားသည်ဖြစ်စေ၊ မဝင်ထားသည်ဖြစ်စေ စစ်ကွင်းသူ/စစ်ကွင်းသားများအားလုံး ပျော်ပျော်ပါးပါး ဆုံတွေ့နိုင်ရန်အတွက် မိသားစုဝင်များနှင့်တကွ ကြွရောက်ကုသိုလ်ယူကြပါရန်နှင့် အသက်(၇၅)နှစ်အထက် စစ်ကွင်းနွယ်ဖွား အဘိုး/အဘွားများအနေဖြင့်လည်း အပူဇော်ခံနိုင်ရေး ကြွရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ဝါဆိုသင်္ကန်းကပ်နိုင်ရေးအတွက်လည်း သင်္ကန်းများ စီစဉ်ထားမည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်/ဂုဏ်ထူးရခဲ့ကြသော စစ်ကွင်းနွယ်ဖွား ကျောင်းသား/ကျောင်းသူများကိုလည်း ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ၃၁-၇-၂၀၁၇ ရက် နောက်ဆုံးထားပြီး နီးစပ်ရာအမှုဆောင်များထံ စာရင်းပေးကြပါရန်၊ အခမ်းအနားကို လှူဒါန်းလိုသူများ၊ Sponsor ပေးလိုသူများအနေဖြင့်လည်း ဒုတိယဥက္ကဋ္ဌ ဦးလှသိန်း ဖုန်း-၀၉-၅၁၈၃၉၄၆၊အတွင်းရေးမှူးအဖွဲ့ ဒေါ်သူသူညို ဖုန်း-၀၉-၄၂၁၇၄၃၄၄၃၊ ဦးဇော်မိုးဝင်း ဖုန်း-၀၉-၅၄၀၄၀၁၇၊ ဦးမိုးကြီး ဖုန်း-၀၉-၂၆၀၆၁၉၉၂၆၊ စစ်ကွင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုနိုင် ဖုန်း-၀၉-၉၇၂၈၃၁၇၈၀ တို့ထံတွင် ဆက်သွယ်နိုင်ကြပါသည်။ အခမ်းအနားတွင် စစ်ကွင်းအလွမ်းပြေအဖြစ် ဒေသထွက် အသီးအနှံများ မုန့်များကိုလည်း ရောင်းချပေးသွားမည်ဖြစ်ပြီး စစ်ကွင်းသား မြန်မာပြည်ကျောက်စိမ်းမှလည်း ဆိုင်းဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ပါသည်။

**ပျော်ပျော်ပါးပါးဆင်နွှဲဖို့ စစ်ကွင်းသားတွေ ဆုံကြစို့။**

**အမှုဆောင်အဖွဲ့**

## ကွန်ဒိုတိုက်ခန်းသစ်
**(အရစ်ကျရောင်းမည်)**
လှည်းတန်း၊ ရွှေထန်းပင်ကွန်ဒို၊ (၁၂၀၀) စတုရန်းပေခန့် သိန်း(၁၆၀၀)
ဆက်သွယ်ရန်-၀၉-၂၂၀၀၃၆၂၊ ၀၉-၇၈၈၇၆၂၁၄၄

## အထူးသက်သာသောဈေးနှုန်းဖြင့် (၂၂)ဘီးတွဲကား ရောင်းမည်။
သိန်း(၃၆၀)ညှိနှိုင်း
(SINO HOWO)
(၄၂၀) အင်ဂျင်နောက်တွဲပါ
ဆက်သွယ်ရန်-၀၉-၂၂၀၀၃၆၂၊ ၀၉-၇၈၈၇၆၂၁၄၄

## တွန်းရေယာဉ်(Tug Boat)၊ ဆီတွဲ(Oil Barge 400,000 gal) နှင့် ဆီဘောက်ဆာများရောင်းမည်

မိမိတို့ လက်ရှိအသုံးပြုနေသော တွန်းရေယာဉ်(၂)စင်း၊ ဆီတွဲ ၄စီးနှင့် ဂါလန် ၇၅၀၀ ဆံ့ ၂၂ဘီး ဆီတွဲဘောက်ဆာတစ်စီး၊ ဂါလန် ၃၂၀၀ ဆီဘောက်ဆာတစ်စီးနှင့် ဂါလန် ၂၈၀၀ ဆီဘောက်ဆာ သုံးစီးတို့အား ရောင်းချမည်ဖြစ်၍ စိတ်ပါဝင်စားသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**ဆက်သွယ်ရန် ဖုန်းနံပါတ်များ-၀၉-၅၀၀၁၈၇၇၊ ၀၉-၅၀၀၅၉၉၂၊ ၀၉-၄၃၀၈၉၃၄၈၊ ၀၉-၄၅၁၇၁၁၄၇၇**

## မဇ္ဈိမဒေသ၊ နယူးဒေလီမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသတစ်ခုလုံးတွင် မြန်မာဘုန်းတော်ကြီးကျောင်း လုံးဝမရှိသောဒေသမှာ နယူးဒေလီမြို့ဖြစ်ပါသည်။ မြတ်စွာဘုရား မဟာသတိပဋ္ဌာန်တရားတော်ကို ဟောတော်မူရာ ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံး ခေါ် ယူပီပြည်နယ်၊ ဂေါမမ်ဗုဒ္ဓခရိုင်၊ နိုရေဒါ-ဂျေဗာအရပ်၊ နယူးဒေလီမြို့(**Gotambuddha Dist, Noida Javar, U.P.India**)တွင် ဘုရားဖူးများ ချမ်းသာစွာတည်းခိုရေးအတွက် မြန်မာဘုန်းတော်ကြီးကျောင်းတိုက် တည်ဆောက်ရန် သက်သာနဂိုရ် မြန်မာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒ ကိုယ်တိုင် ကြိုးစားအားထုတ်လျက်ရှိပါသည်။ မြေ (၁)ကတ္တားလျှင် (၃၆ ပေ × ၃၆ ပေ) နှုန်းဖြင့် (၁၅)ကတ္တား ဝယ်ယူပြီးဖြစ်၍ တိုးချဲ့(၁၀)ကတ္တား ဝယ်ယူမည်ဖြစ်ရာ တတ်အားသမျှ ပါဝင်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

| စဉ် | အမျိုးအမည် | လှူဒါန်းငွေ |
|---|---|---|
| ၁ | မြေ (၁) စတုရန်းပေ | ၂၀,၀၀၀/- |
| ၂ | မြေ (၃၆ ပေ × ၃၆ ပေ) (၁) ကတ္တား | ရူပီး ၂၀၀,၀၀၀ |
| ၃ | (၅)ယောက်အိပ်ခန်း တစ်ခန်း | USD ၅,၀၀၀ |
| ၄ | အဝင်မုခ်ဦး (တံခါးအပါအဝင်) | USD ၁၅,၀၀၀ |

ဘဒ္ဒန္တနန္ဒ (သက်သာနဂိုရ် မြန်မာကျောင်းဆရာတော်)
၀၀၉၁-၉၄၁၅၃၃၃၂၉၁၊ ၀၀၉၁-၉၈၉၇၄၅၉၅၁၆ (Viber)

မော်လမြိုင်
- ဦးမင်းဟန်စိုး ၀၉-၅၃၂၁၃၃၇
- မိအေးမြတ်မွန် ၀၉-၅၃၂၂၈၄၄
- ကိုအေးသိန်း ၀၉-၉၇၇၅၀၀၁၀၀

ပြန်ကြားရေး ကိုလှမျိုး ၀၉-၅၀၉၈၃၈၂

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

| | | |
|---|---|---|
| ဒါန | ဦးမောင်မောင်မြင့် | ၀၉-၅၁၆၄၆၆၄ |
| ခင်နန္ဒာ | မခင်နန္ဒာ | ၀၉-၅၁၂၂၁၉၈ |
| ရွှေတော်ဝင် | ဒေါက်တာဖော် | ၀၉-၅၀၈၁၃၁၈ |
| မေသူမောင် | ဒေါ်မေသူမောင် | ၀၉-၅၁၉၂၄၄၈ |
| မေပါရမီ | မမေမိုး | ၀၉-၅၀၇၈၅၉၂ |
| ပေါ် ပြူလာစတား | ဒေါက်တာမိုးသီဟ | ၀၉-၅၁၂၉၁၃၄ |
| မြတ်ဓမ္မ | ဒေါ်ငွေငွေ | ၀၉-၅၀၈၅၈၁၀ |
| မာတလီ | မနိုင်ဝင်းသူ | ၀၉-၅၀၆၃၁၆၄ |
| မြင့်မိုရ်ကမ္ဘာ | မအိစံ | ၀၉-၂၅၉၈၁၃၀၄၇ |
| ဓမ္မရွှေစင် | မရွှေစင် | ၀၉-၅၀၂၄၂၆၉ |
| မေတ္တာမွန် | ဒေါ် မြင့်မြင့်နွယ် | ၀၉-၄၅၀၀၁၉၈၂၅ |
| ရွှေမဂ္ဂင် | ဒေါ်ဝင်းရီ | ၀၉-၅၄၀၈၅၅၈ |
| ဓမ္မပီတိ | မအိမ့်ချမ်းမြေ့ | ၀၉-၇၉၅၅၃၆၉၁၄ |

# (၁၁)နှစ်ပြည့် မွေးနေ့ဆုတောင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်၊ ဂျော်ကီလမ်းနေ ဖေဖေ ဗိုလ်မှူးနန်းဦး(ငြိမ်း)-မေမေ ဒေါ်နုနုအောင်တို့၏သမီးကြီး မခင်နန်းဦး၏ တစ်ဦးတည်းသော အစ်မ မမေနန်းဦး၏ ၂၇-၇-၂၀၁၇ ရက်တွင် ကျရောက်သော (၁၁)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ချမ်းသာခြင်း သုခတို့နှင့်ပြည့်စုံပြီး မိသားစုနှင့်အတူ အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်သော၊ ချီးမြှောက်နိုင်သော သမီးကောင်းရတနာလေး ဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**နန်းဦးမဟာကုမ္ပဏီလီမိတက်ဝန်ထမ်းများ**
**Happy Baby အဆင့်မြင့်ကလေးကစားကွင်းနှင့်**
**မိသားစုကာရာအိုကေဝန်ထမ်းများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်မြတ်ကြီးပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၄)ရပ်၊ ဝိုင်းအကွက်အမှတ်(၁၄၇) ဒေါ်သိန်းကြည်(ခ)ဒေါ်ပိန် အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဒေါ်သိန်းကြည်(ခ)ဒေါ်ပိန် ၉/ညဥန(နိုင်)၁၀၃၆၀၀ (ဘ) ဦးကျော်စိန်မှ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးပုံတော်ပါ ရွှေစည်းခုံစေတီတော်မြတ်ကြီးပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်သိန်းကြည်(ခ)ဒေါ်ပိန်သို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်မြတ်ကြီး**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်မြတ်ကြီးပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၅)ရပ်၊ ဝိုင်းအကွက်အမှတ်(၅၇၈) ဦးကျော်တင့် PGN-၁၂၀၇၆၅ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဦးဝင်းနိုင် ၁၂/ကမရ(နိုင်)၀၀၄၄၃၇ (ဘ) ဦးမြင့်ဦးမှ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးပုံတော်ပါ ရွှေစည်းခုံစေတီတော်မြတ်ကြီးပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးဝင်းနိုင်သို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်မြတ်ကြီး**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)
## အောင်ဆန်း (၁၂)သင်တန်းဆင်း အရာရှိများ
## (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်
## အဘိုးအဘွားများကန်တော့ပွဲနှင့် မိသားစုညစာစားပွဲ ဖိတ်ကြားခြင်း
(မန္တလေး/၂၀၁၇)

သူငယ်ချင်းတို့ရေ-

ဒို့အောင်ဆန်း(၁၂)ရဲ့ သင်တန်းဆင်းအရာရှိများ ခန့်အပ်တဲ့နေ့က ၂၃-၈-၂၀၁၇ ရက်ဆိုရင် (၃၃)နှစ်ပြည့်ပြီ၊ ထူးထူးခြားခြား ဒီနှစ်မှာ တွေ့ဆုံပွဲကို သူငယ်ချင်းနဲ့မိသားစုတွေ အတတ်နိုင်ဆုံး ကြိုးစားပြီး မန္တလေးမှာတွေ့ကြရအောင်၊ ရုံးဖွင့်ရက်နဲ့ဆုံနေလို့ ၁၉-၈-၂၀၁၇ရက် (စနေနေ့)မှာ လုပ်မယ်။ ပြုလုပ်မည့်အစီအစဉ်ကတော့-

| | နေရာ | အချိန် |
|---|---|---|
| ၁။ | မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ မန်းတောင်ခြေ ဘိုးဘွားရိပ်သာရှိ အဘိုး ၁၃ဦး၊ အဘွား ၅၆ဦး ပေါင်း ၆၉ဦး အား ကန်တော့ခြင်းနှင့် ညနေစာကျွေးမွေးဒါပြုခြင်း။ | ၁၉-၈-၂၀၁၇ ရက် (စနေနေ့) ညနေ ၄ နာရီ |
| ၂။ | မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း၊ ၆၄ လမ်း ထောင့် အီတန်နယ်(လ်)စားတော်ဆက်မှာ တွေ့ဆုံညစာ စားပွဲ ပြုလုပ်ပါမည်။ | ၁၉-၈-၂၀၁၇ ရက် (စနေနေ့) ညနေ ၆ နာရီ |

**အကျိုးဆောင်အဖွဲ့**

ဆက်သွယ်ရန်

| ဦးသန်းမြင့် | ဦးခိုင်ဝင်း | ဦးလှနေ | ဦးမောင်မောင် |
|---|---|---|---|
| ဖုန်း-၀၉-၇၉၆၅၀၀၁၃၄ | ဖုန်း-၀၉-၉၇၇၁၈၁၉၆၉ | ဖုန်း-၀၉-၂၅၉၀၅၇၉၃၊ | ဖုန်း-၀၉-၄၄၄၀၃၂၃၄၀ |

## စစ်တွေမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် နာယကကြီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ အလှူရှင်များ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ၊ ကြွရောက်သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကမ္ဘာ့သာသနာပြုကျေးဇူးတော်ရှင် ကုသိနာရုံဆရာတော်ဘုရားကြီး အရှင်စန္ဒြမဏိအား ရည်စူးလျက် အိန္ဒိယနိုင်ငံ မဟာရဋ္ဌတာပြည်နယ် နာဂပုရ်မြို့၌ တည်ထားမည့် မဟာဝိဇယသိမ်တော်ကြီးအတွက် စေတီတော်များကိုလည်း ရခိုင်ပြည်နယ်မွှာရုံတွင် အပူဇော်ခံမည်ဖြစ်ပါသဖြင့် တပါတည်းဖူးမြော်ပူဇော်နိုင်ကြပါသည်။

- နေ့ရက် - ၁၃၇၉-ခု၊ ဝါခေါင်လဆန်း(၇)ရက် (၃၀-၇-၂၀၁၇) တနင်္ဂနွေနေ့
- အချိန် - နံနက်(၉)နာရီမှ(၁၂)နာရီထိ
- နေရာ - ရခိုင်ပြည်နယ်မွှာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့မုခ်အနီး၊ ဗဟန်းမြို့နယ်၊ (နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ ဖျော်ဖြေရေးစီစဉ်ထားပါသည်)

ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့၊ စစ်တွေမြို့နယ်အသင်း(ရန်ကုန်)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3D/6777၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3H/2904 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် DD/6014 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/9296 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/9230 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့ အထက(မြို့မ) တက္ကသိုလ်ဝင်တန်း အခန်း(D) မှ မောင်မျိုးဇော်လှိုင်(ခ)မောင်မျိုးဇော်ဦးနှင့် ဖခင် ဦးကျော်မြင့်လှိုင်(ခ)ဦးသံခဲအောင် ၁၁/ရသတ (နိုင်) ၀၆၀၄၅၂ တို့၏ အမည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ရွှေဆိုင်တန်းလမ်း၊ အမှတ်(၃)နေ ဦးစံပွင့်၏သား ၁၄/ပသန(နိုင်) ၀၉၇၃၀၉ ကိုင်ဆောင်သူ ကျွန်တော် ဦးမောင်သောင်း(ခ)ဦးသောင်းရွှေ(ခ) ဦးသောင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/9300 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**



ကစ္ဆပနဒီ(၂) အမြန်ရေယာဉ်အား MV ISE သင်္ဘောကြီးပေါ်မှ ရေချခြင်းလုပ်ငန်းဆောင်ရွက်စဉ် (သတင်းစဉ်)

# ဂျပန်နိုင်ငံမှလှူဒါန်းသည့် ခရီးသည်တင် အမြန်ရေယာဉ်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၆**
ရခိုင်ပြည်နယ်တွင် ပြေးဆွဲရန် ဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းသည့် ခရီးသည်တင် ကစ္ဆပနဒီ(၂) အမြန်ရေယာဉ်သည် ယမန်နေ့ ည ၇ နာရီခွဲက ကျောက်ဖြူမြို့ ကျောက်ချစခန်းဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရခိုင်ဒေသအတွင်း ဒေသခံပြည်သူများ လုံခြုံချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးရေးအစီအစဉ် The Economic and Social Development Programme မှ အထောက်အပံ့ဖြင့် ပေးအပ်လှူဒါန်းသည့် ခရီးသည်တင်ရေယာဉ် သုံးစင်းအနက် ဒုတိယအစင်းဖြစ်သည့် ကစ္ဆပနဒီ(၂)အမည်ရှိ အမြန်ရေယာဉ်အား ဂျပန်နိုင်ငံ KOBE ဆိပ်ကမ်းမှ ဇူလိုင် ၁၀ ရက်က MV ISE သင်္ဘောကြီးဖြင့် တင်ဆောင်လာရာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်ချစခန်းသို့ ယမန်နေ့ ည ၇ နာရီခွဲတွင် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

# အပျော်တမ်းကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ မြို့ကြီးလေးမြို့၌ ကျင်းပမည်

**သတင်း - မြင့်မောင်စိုး**

**ရန်ကုန် ဇူလိုင် ၂၆**
၂၀၁၇ ဆီးဂိမ်းတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသား၊အမျိုးသမီး ဘောလုံးအသင်းများ၏ အောင်နိုင်ရေးလှုံ့ဆော်မှုအထိမ်းအမှတ်အဖြစ် WE ARE ONE CUP 2017 အပျော်တမ်းကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကြီးကို မြို့ကြီးလေးမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောသည်။

"ဆီးဂိမ်းအောင်နိုင်ရေးရည်ရွယ်ပြီး ဒီပြိုင်ပွဲကြီးကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်နဲ့ တောင်ကြီးမြို့တွေမှာ လာမယ့် ဩဂုတ်၊ စက်တင်ဘာနဲ့ အောက်တိုဘာလများအတွင်း ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ဦးဇော်ဇော်က ယနေ့ညနေပိုင်းတွင် သုဝဏ္ဏမြက်ခင်းတုအားကစားကွင်း၌ ယင်းပြိုင်ပွဲ အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် အသင်းပေါင်း ၈၀ ပါဝင်မည်ဖြစ်ကြောင်း၊ အသက်ဝရနှစ်နှင့်အထက် ဘောလုံးဝါသနာပါသူများနှင့် မြို့ခံကလပ်များမှ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် MNL နှင့် U-18၊ U-21 အသင်းများတွင် ပါဝင်ကစားသူများ ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲများကို အုပ်စုပတ်လည်၊ ရှုံးထွက်အဆင့်၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲစသည်ဖြင့် အဆင့်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး ဘောလုံးကွင်းများတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဗိုလ်လုပွဲကို မန္တလေးမြို့တွင် အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ချန်ပီယံဆုရအသင်းအား ဆုကြေးငွေကျပ်သိန်း ၅၀၊ ဒုတိယ ငွေကျပ်သိန်း ၃၀၊ တတိယငွေကျပ် သိန်း ၂၀၊ စတုတ္ထ ငွေကျပ် ၁၅ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲအားလုံးအတွက် ကုန်ကျစရိတ်များကို မြန်မာဘရူဝါရီမှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ ၁၀

## မွမ်ဘိုင်းတွင် လေးထပ်လူနေအဆောက်အအုံပြိုကျ၊ လူ ၁၂ ဦးသေဆုံး

စာ ၁၄

# Miss Global World 2017 ပြိုင်ပွဲအတွက် အလှမယ်ရွေးချယ်မည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**




**ရန်ကုန် ဇူလိုင် ၂၆**
ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံပေါင်း ၅၀ ကျော်မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်မည့် ငါးကြိမ်မြောက် Miss Global World 2017 ပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦးရွေးချယ်ကာ တတိယအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ Orchid Hotel ၌ ကျင်းပသော Miss Global Myanmar Organization ၏ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီနှစ်မှ Miss Global Myanmar 2017 ပြိုင်ပွဲကို ဦးဆောင်ပြီး စတင်ကျင်းပမှာဖြစ်ပါတယ်။ မြန်မာ နိုင်ငံအနေနဲ့ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကတည်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာကျင်းပခဲ့တဲ့ Miss Global World ပြိုင်ပွဲကို စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဒီတစ်ကြိမ်နဲ့ဆိုရင် မြန်မာနိုင်ငံအနေနဲ့က ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်တာ သုံးကြိမ်မြောက် ဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့အလှနဲ့ ယဉ်ကျေးမှုကို ကမ္ဘာ့နိုင်ငံများအလယ်မှာ

*စာမျက်နှာ ၄ ကော်လံ ၁* ✻

